
# ပုဂံခေတ် မြင်ကွင်းကျယ်


လှသမိန်



ပြန်လည်ရိုက်နှိပ်ခြင်း၊

mgyoe.com

မြန်မာမှန်လျှင် ပုဂံကို
တန်ဖိုးထားကြသည်။
မြတ်နိုးကြသည်။
ပုဂံအကြောင်း သိလိုကြသည်။
ယခုစာအုပ်က ထွက်ရှိပြီး
ကျမ်းစာအုပ် အစောင်စောင်
သမိုင်းစာအုပ် အစောင်စောင်တို့မှ
ထုတ်နုတ် စုဆောင်းကာ
ပုဂံခေတ်ကာလ၏ ပုံရိပ်ကို
ဖော်ထုတ်လေ့လာပြုစုထားသော
စာအုပ်ဖြစ်သည်။
သည်စာအုပ်ကို ဖတ်ခြင်း လေ့လာခြင်းဖြင့်
ပုဂံအကြောင်း ပိုသိလာကာ
သင်သည် ပုဂံကို ပို၍တန်ဖိုးထားလာမည်။
ပို၍လည်း မြတ်နိုးလာမည်။
ပို၍လည်း ချစ်လာမည်ဟု ယုံကြည်ပါကြောင်း . . .



HTM0014
4,000.00 KS

mgyoe.com

ပုဂံခေတ်မြင်ကွင်းကျယ်၊ လုသမိန်
တမျက်နှာ ၂၂၆++ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၈ ဦးမြအုန်းစာအုပ်ဆိုင်ထုတ်ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး **4000 K**

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပုဂံခေတ်မြင်ကွင်းကျယ်
# လှသမိန်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

[illegible]

[illegible]

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စကားဦး | (က) |
| – | ညှိနှိုင်းကိုးကားသောကျမ်းများ | (င) |
| ၁။ | ပုဂံမြို့တော် | ၁ |
| ၂။ | ပုဂံမြို့တံခါးများ | ၈ |
| ၃။ | ပုဂံမြို့အမည်များ | ၁၀ |
| ၄။ | ပုဂံခေတ် ရာသီဥတုအခြေအနေ | ၁၂ |
| ၅။ | ပုဂံမင်းဆက် | ၁၆ |
| ၆။ | ပုဂံခေတ်ရာဇဝင် | ၁၈ |
| ၇။ | ပုဂံမင်းများ၏ ဘွဲ့အမည်များ | ၂၉ |
| ၈။ | ပုဂံခေတ် အနော်ရထာမင်းနှင့် နန်းပြိုင် အာရှနိုင်ငံအသီးသီးမှ မင်းများ | ၃၁ |
| ၉။ | ပုဂံခေတ် ကိုးကွယ်မှု | ၃၃ |
| ၁၀။ | ပုဂံခေတ်ကျမ်းနှင့် ကျမ်းပြုပုဂ္ဂိုလ်များ | ၄၅ |
| ၁၁။ | ပုဂံခေတ် ကျောက်စာများ | ၄၈ |
| ၁၂။ | ပုဂံခေတ်ထိုး ကျောက်စာများစာရင်း ၄၂၀–၇၀၃ | ၅၉ |
| ၁၃။ | ပုဂံခေတ် စာပေအရေးအသား | ၆၅ |
| ၁၄။ | ပုဂံခေတ် ကဗျာလင်္ကာ | ၇၃ |
| ၁၅။ | ပုဂံခေတ် စကားပြောဆိုပုံ | ၇၆ |
| ၁၆။ | ပုဂံခေတ် ဝေါဟာရဖတ်ရွတ်ပုံ | ၈၀ |
| ၁၇။ | ပုဂံခေတ် စာလုံးပေါင်းရေးထုံး | ၈၆ |
| ၁၈။ | ပုဂံခေတ် ဝေါဟာရများ | ၉၂ |
| ၁၉။ | ပုဂံခေတ် ဘာသန္တရလေ့လာမှု | ၉၆ |
| ၂၀။ | ပုဂံခေတ် အမည်မှည့်ပုံ | ၁၀၉ |
| ၂၁။ | ပုဂံခေတ် ဝတ်စားဆင်ယင်မှု | ၁၁၅ |
| ၂၂။ | ပုဂံခေတ် ပန်းချီပညာ | ၁၂၄ |
| ၂၃။ | ပုဂံခေတ် ပန်းပု၊ ကျောက်ဆစ်ပညာ | ၁၃၄ |


mgyoe.com

mgyoe.com
၂၄။ ပုဂံခေတ် ပန်းတဉ်း၊ ပန်းထိမ်ပညာ ၁၄၁
၂၅။ ပုဂံခေတ် အတီးအမှုတ်ပညာ ၁၄၅
၂၆။ ပုဂံခေတ် အကအခုန်ပညာ ၁၅၀
၂၇။ ပုဂံခေတ် ဗိသုကာပညာ ၁၅၂
၂၈။ ပုဂံခေတ် တရားစီရင်မှု ၁၆၁
၂၉။ ပုဂံခေတ် လူမှုရေးအခြေအနေ ၁၆၅
၃၀။ ပုဂံခေတ် နိုင်ငံခြားဆက်ဆံရေး ၁၇၄
၃၁။ ပုဂံခေတ်၏နိဂုံး ၁၈၃
၃၂။ ပုဂံဘုရားပုထိုးများ ၁၈၉
၃၃။ ပုဂံခေတ်ဘုရားစဉ်လက်ာ ၂၀၅
၃၄။ ပုဂံဒေသဘုရားပုထိုးများသမိုင်း ၂၀၇
၃၅။ အက္ခရာဝလိအညွှန်း ၂၂၁

## သရုပ်ပြဓာတ်ပုံများ

၁။ ပုဂံမြင်ကွင်းကျယ်ရှုခင်းပုံ (ဈ)
၂။ ပုဂံမြို့ဟောင်းသရပါတံခါးအဝင်ဝပုံ ၈
၃။ ကျန်စစ်မင်းရုပ်တုပုံ ၂၄၊ ၁၁၈
၄။ လောကနာထ အုတ်ခွက်နှင့် လက်ရေးစာ ၃၇
၅။ နတ်လှောင်ကျောင်းပုံ ၃၉
၆။ နတ်လှောင်ကျောင်းမှ သိဝနတ်ရုပ်ပုံ ၄၀
၇။ နန်းဘုရားမှ ဗြဟ္မာကိုးကွယ်မှုဆိုင်ရာ ရုပ်ကြွ ၄၁
၈။ အာနန္ဒာလိုဏ်စေတီပုံတော် ၄၃
၉။ လက်သည်းရှည်ဘုရားကျောက်စာပုံ ၅၁
၁၀။ မြစေတီကျောက်စာပုံ ၅၂
၁၁။ ပုဂံပိဋကတ်တိုက်ပုံ ၁၀၀၊ ၁၇၂
၁၂။ ပုဂံ အာနန္ဒာ ဗုဒ္ဓဝင်ကျောက်ချပ်ပုံ ၁၁၉
၁၃။ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူခန်းပုံ ၁၂၅
၁၄။ နန္ဒမညာဘုရားမှ ဘုရားဖူးသွားသူများပုံ ၁၂၉
၁၅။ မင်းနံ့သူကျက်တင်ပုံ ၁၃၀
၁၆။ ပုဂံ မင်္ဂလာစေတီအရှေ့ဘက်မှ ဗုဒ္ဓဝင်အုတ်ခွက်ပုံ ၁၃၆
၁၇။ ပုဂံအာနန္ဒာဘုရားမှ ကျောက်ဆစ်ရုပ်ကြွပုံ ၁၃၇
၁၈။ ဖက်လိပ်ဘုရားမှ အုတ်ချပ်စဉ့်ကွင်းရုပ်ကြွပုံ ၁၃၈
၁၉။ ဝိနည်းမိုရ်ဘုရားမှ ကျောက်ဆစ်လက်ရာရုပ်ကြွပုံ ၁၃၈
၂၀။ နန်းဘုရားပြတင်း အမွှမ်းပုံ ၁၃၉၊ ၂၁၂
၂၁။ နန်းဘုရားအတွင်း ပန်းဆွဲကနုတ်ပုံ ၁၃၉
mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၂။ | ဖွားစောရွာ ဆုတောင်းပြည့်ဘုရားမှ အင်္ဂတေပန်းပုံ | ၁၄၀ |
| ၂၃။ | ပါလာ (ပါလ)ခေတ်လက်ရာ ကြေးသွန်းရုပ်ပွားတော်ပုံ | ၁၄၂ |
| ၂၄။ | ပုဂံအာနန္ဒာဘုရားမှ စောင်းကောက်တူရိယာအဖွဲ့ပုံ | ၁၄၇ |
| ၂၅။ | ညောင်ဦး ရွှေစည်းခုံဘုရားမှ စည်တီးပုံ | ၁၄၈ |
| ၂၆။ | ပုဂံတရုတ်ပြေးဘုရားမှ နံရံဆေးရေးအကပုံ | ၁၄၉ |
| ၂၇။ | ညောင်ဦး ရွှေစည်းခုံစေတီမှ ကဟန်ပုံ | ၁၅၀ |
| ၂၈။ | ပုဂံအာနန္ဒာဘုရားမှ စဥ့်ကွင်းရုပ်ကြွပုံ | ၁၅၁ |
| ၂၉။ | ရွှေဆံတော်စေတီတော်ပုံ | ၁၅၃၊ ၂၁၈ |
| ၃၀။ | အာနန္ဒာလိုဏ်စေတီတော်ပုံ | ၁၅၄ |
| ၃၁။ | မဟာဗောဓိစေတီတော်ပုံ | ၁၅၅၊ ၂၁၄ |
| ၃၂။ | ဆပဒစေတီတော်ပုံ | ၁၅၆၊ ၂၀၉ |
| ၃၃။ | အာနန္ဒာလိုဏ်စေတီတော်ပုံ | ၁၅၇၊ ၂၂၀ |
| ၃၄။ | သဗ္ဗညုလိုဏ်စေတီတော်ပုံ | ၁၅၈၊ ၂၁၉ |
| ၃၅။ | ကန်တော့ပလ္လင်စေတီတော်ပုံ | ၂၀၇ |
| ၃၆။ | ထီးလိုမင်းလိုဘုရားပုံတော် | ၂၁၀ |
| ၃၇။ | ဗူးဘုရားပုံတော် | ၂၀၃ |
| ၃၈။ | ရွှေစည်းခုံစေတီပုံတော် | ၂၁၆ |


## ပန်းချီပုံများ


| | | |
|---|---|---|
| ၁။ | ပုထိုးသားများ နံရံဆေးရေးရုပ်ပုံ | ၁၁၇ |
| ၂။ | မြင်းကပါဂူပြောက်ကြီးမှ တိတ္တိတန်ခိုးပြခန်း | ၁၂၇ |
| ၃။ | အပယ်ရတနာဘုရားမှ မဟာယဥ်ဂိုဏ်းဆိုင်ရာပုံ | ၁၂၈ |
| ၄။ | အပယ်ရတနာဘုရားမှ နတ်သမီးခရာမှုတ်ပုံ | ၁၄၈ |
| ၅။ | အပယ်ရတနာဘုရားမှ အိန္ဒိယတူရိယာသမားပုံ | ၁၄၈ |
| ၆။ | ပုဂံပုထိုးသားများဘုရားမှ စည်သမားပုံ | ၁၄၈ |
| ၇။ | ပုဂံနဂါးရုံဘုရားမှ တူရိယာတီးသူများ | ၁၄၉ |
| ၈။ | နဂါးရုံဘုရားမှ ကဟန်ပုံများ | ၁၅၁ |
| ၉။ | အာနန္ဒာစေတီဖြတ်ပိုင်းပုံ | ၁၅၇ |
| ၁၀။ | အာနန္ဒာစေတီပန္နက်ပုံ | ၁၅၇ |
| ၁၁။ | သဗ္ဗညုစေတီတော်ဖြတ်ပိုင်းပုံ | ၁၅၉ |


## မြေပုံများ


| | | |
|---|---|---|
| ၁။ | ပုဂံမြို့နယ် ဒေသမြေပုံ | (ဃ) |
| ၂။ | ပုဂံမြို့တည်နေရာမြေပုံ | ၂ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စကားဦး

**နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊**

ပုဂံပြည်၊ ပုဂံခေတ်ကား မြန်မာ့သမိုင်းအတွက်လည်းကောင်း၊ မြန်မာ့စာပေနှင့် ယဉ်ကျေးမှုအတွက်လည်းကောင်း အခြေခံအချက်အချာပင် ဖြစ်၍ ပုဂံခေတ်သည် မြန်မာတို့ အဘက်ဘက်တွင် လွန်လူး တိုးတက်ခဲ့သောခေတ် ဖြစ်လေသည်။ မြန်မာတို့ ရာဇဝင်တစ်လျှောက်လုံးတွင် ပုဂံကို မေ့ဖျောက်ထားနိုင်ကြမည်မဟုတ်ပေ။ ပုဂံမပါဘဲနှင့်လည်း မြန်မာ့သမိုင်းသည် ပြည့်စုံလိမ့်မည်မဟုတ်ပေ။ ထို့မျှအရေးပါသော ပုဂံအကြောင်းကို မြန်မာတိုင်း သိရှိထားသင့်ပေသည်။

ပုဂံနှင့်ပတ်သက်၍ မြန်မာဘာသာရေး စာအုပ်စာတမ်းနှင့် ဆောင်းပါးများ ပေါ်ထွက်ခဲ့ဖူးလေသည်။ အင်္ဂလိပ်ဘာသာရေး စာအုပ်စာတမ်း အနည်းငယ်လည်း ပေါ်ထွက်ခဲ့ဖူးသည်။ သို့ရာတွင် ပုဂံပြည် ပုဂံခေတ်ကို အတော်အတန်ထောင့်စေ့အောင် ဖော်ထုတ်ရေးသားသော စာအုပ်စာတမ်းများ အလွန်ရှားပါးလှသည်ဖြစ်ရာ၊ ပုဂံအကြောင်းကို သိလိုသူ၊ လေ့လာလိုသူတို့ ချင့်ရဲမပြေရှိကြပေသည်။

ထို့ကြောင့် ပုဂံအကြောင်းကို အပြည့်အစုံဆုံးမဟုတ်စေကာမူ အတော်အတန်ရုပ်လုံးပေါ်အောင် သုံးသပ်ရှုမြင်နိုင်ကြစေရန် အဘက်ဘက်မှ လေ့လာသုံးသပ်၍ ပုဂံမြင်ကွင်းကျယ်ကို အချိန်အား ရသရွေ့ ပြုစုတင်ပြလိုက်ပေသည်။

ပုဂံခေတ်နှင့်ပတ်သက်၍ ရာဇဝင်ကျမ်းများနှင့် ကျောက်စာများကို အဓိကအားဖြင့် အခြေပြုရပေသည်။ သို့ရာတွင် ရာဇဝင်၌ ရေးသည့်တို့မှ အကြောင်းယုတ္တိသင့်သည်ဟု ယူဆရသည်တို့ကိုသာ ကောက်နုတ်ကိုးကားပေသည်။ ကျောက်စာကဲ့သို့ သာစကေအခိုင်အမာမရှိစေကာမူ ရာဇဝင်ကို

mgyoe.com

ပစ်ပစ်ခါခါ ဖယ်ရှားခြင်းငှာမသင့်ဟု ယူဆပေသည်။ တစ်ဖန် ကျောက်စာဟူသည်မှာလည်း အကြောင်းတိုက်ဆိုင်၍ ထည့်သွင်းရေးထိုးသမျှကိုသာ လေ့လာနိုင်ကြသည်ဖြစ်ရာ၊ ပုဂံခေတ်၏ ဖြစ်ပျက်ခြင်းရာအားလုံးကို ကျောက်စာများတွင် တွေ့ရလိမ့်မည်ဟု မမျှော်လင့်နိုင်ပေ။ သို့ဖြစ်ရာ ပုဂံခေတ်၏ ရုပ်လုံးကို ဒဏ္ဍာရီလည်း မဆန်စေရ၊ ကျောက်စာအထောက်အထားလည်း မဝေးကွာစေရ၊ အကြောင်းအရာ ကောက်ချက်လည်း ယုတ္တိမလွတ်စေရဟူသော အပိုင်းအကန့်အတွင်း၌ လက်လှမ်းမီသမျှသော အကိုးအထောက်တို့ဖြင့် လေ့လာတင်ပြထားပေသည်။

ဤပုဂံမြင်ကွင်းကျယ်သည် စင်စစ်အားဖြင့် ပုဂံခေတ်ကို ရေးရေးရိပ်ရိပ်မြင်သာရုံ ဖွင့်လှပ်ပြခြင်းမျှဖြစ်၍ လေ့ကျွမ်းသူတို့က အကြောင်းအရာ တစ်ရပ်စီကို အကျယ်လေ့လာဝေဖန်ရန်လည်း လိုအပ်ပေဦးမည်။ ဤတွင်မတင်ပြသေးသော မြင်ကွင်းများဘက်မှလည်း ရှုကြည့်ရန် လိုပေဦးမည်။ ဤမြင်ကွင်းကျယ်ကို သာမန်ပြည်သူပြည်သားတို့ လွယ်လွယ်ကူကူ ဖတ်ရှုနိုင်ကြစေရန်သာ ရည်ရွယ်ရင်းရှိသဖြင့် ပညာရှင်ကြိုက် သုတေသနစာတမ်းအနေမျိုးဖြင့် ပြုစားထားခြင်းကား မဟုတ်ပေ။ သို့ရာတွင် လိုအပ်သော အကိုးအထောက်ကို အခိုင်အမာပြလျက် အကြောင်းဆိုက်သမျှ မှန်ကန်တိကျအောင် ကြိုးစား၍ တင်ပြထားပေသည်။ အကိုးအကားတို့ကို လိုရာ၌သာ အောက်ခြေမှတ်ချက်ပြ၍ ကျမ်းလေး ရှုပ်ထွေးမည်ကို ငဲ့သဖြင့် တစ်ဆင့်ကိုးသော အကြောင်းအချက်တိုင်းကို အောက်ခြေမှတ်ချက်ဂဏန်း မကန်ဘဲ ထားပေသည်။ မည်သို့ပင်ဖြစ်စေ၊ ရေးသားတင်ပြချက်တိုင်းသည် တတ်နိုင်သမျှ စိစစ်လေ့လာမှတ်သားချက်တို့ကို အခြေခံ၍ ကောက်ချက်ချထားခြင်းပင်ဖြစ်၍ မိမိသိမြင်ယုံကြည်လက်ခံသည့်အတိုင်း ဝံ့ဝံ့စားစား တင်ပြထားခြင်းဖြစ်ပေသည်။ အချို့သော ကောက်ယူချက်များသည် အချို့သော သုတေသီတို့၏ အစဉ်အလာ၊ သို့မဟုတ် သမားစဉ်အယူအဆနှင့် ကွဲလွဲကောင်းကွဲလွဲပေမည်။ ဤသို့ ကွဲလွဲသည်ကို တွေ့ရှိရသော် မိမိတို့ ပင်ကိုဉာဏ်စွက်၍ အကြောင်းအချက်နှင့် သဘာဝယုတ္တိကို ချိန်၍ညှိကာ တွေးဆ ဆင်ခြင်ဉာဏ်သုံးရန် အခွင့်ရယူကြလိမ့်မည်ဟု မျှော်လင့်ပေသည်။

ဤပုဂံမြင်ကွင်းကျယ်သည် ပုဂံကို ကျယ်ပြန့်စွာ တစ်နေရာတည်း စုပေါင်း၍ (၀၂) ကွင်းဆက်တွဲ၍ လေ့လာတင်ပြထားသည်ဖြစ်သဖြင့် သာမန်လူများအတွက်ကား သိစရာများကို အထိုက်အသင့် လုံလောက်စွာ ဖြည့်စွမ်းပေးနိုင်လိမ့်မည်။ ဆက်လက်၍ အကျယ်လေ့လာလိုသူများ အတွက်လည်း သဲလွန်စဖော်ပေလိမ့်မည်။ မြန်မာပြည်သူ ပြည်သားများ

mgyoe.com

mgyoe.com



အတွက်လည်း ပုဂံဟူသည်ကား ဤသို့ရှိခဲ့ပေတကားဟူ၍ တိုးတက်သဘော ထင်ဟပ်မိကြပေလိမ့်မည်။ ဤမျှအကျိုးရှိလျှင်ပင် ရေးသားပြုစုသူသည် ဝမ်းမြောက်ရမည်ဖြစ်ပေသည်။


(စင်စစ်အားဖြင့် ရေးသားပြုစုသူသည်) မိမိ အလုပ်တာဝန်များကြောင့် နားနေချိန်နှင့် အိပ်စက်ချိန်များထဲမှ ဖဲ့ချွေ၍ လိုကွက်ကို ဖြည့်စွက်လိုသောဆန္ဒဖြင့် ကြိုးစားပြုစုရပေရာ၊ ကျယ်ပြန့်သော သုတေသန လုပ်ငန်းမျိုးအနေဖြင့်ကား လက်လှမ်းမီကောင်းမှ မီပေမည်။ ထိုသို့ ပြီးပြည့်စုံအောင် နှစ်ကာလကြာရှည် အချိန်ယူ၍ ပညာရှင်အပေါင်းတို့ အားထုတ်ပြုစုကြမည်ကိုလည်း စောင့်မျှော်ရပေလိမ့်မည်။ ထိုသို့ စောင့်မျှော်စဉ် အခိုက်ကာလတွင် ပုဂံပြည်၊ ပုဂံခေတ်ကို စိတ်ဝင်စားမှု ထက်သန်နိုးကြား၍ နေစေရန်အတွက် ဤပုဂံမြင်ကွင်းကျယ် သည် ရှေ့တော်ပြေးအဖြစ် တာဝန်ထမ်းဆောင်နိုင်ဖွယ်ရှိမည်ဟူ၍လည်း မျှော်လင့်မိပေသည်။

ပုဂံနှင့်ပတ်သက်၍ ယခုအချိန်အထိ တစ်ကြောင်းတစ်ပါဒမျှဖြစ်စေ ထုတ်ဖော်ပြုစုခဲ့ကြသော ပညာရှင်အားလုံးကိုလည်းကောင်း၊ မှီးငြမ်းပြုရသည့် ကျမ်းပြုပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း လေးမြတ်ခြင်း ပြုရပေသည်။ ဆက်လက်၍ လေ့လာထုတ်ဖော်ကြဦးမည့် ပညာရှင်များကိုလည်း ကြိုတင်ဦးညွှတ်ရပေသည်။ ပြုစုသူအနေဖြင့်ကား မိမိအချိန်ရသမျှကို ထိုက်တန်စွာအသုံးပြု၍ အများပြည်သူတို့အတွက် တာဝန်ထမ်းဆောင်ရခြင်းကိုပင် ဂုဏ်ယူလိုပေသည်။ ။

လှသမိန်

mgyoe.com

mgyoe.com


ပုဂံဒေသမြေပုံ
မြောက်
ဧရာဝတီ မြစ်
ညောင်ဦးမြို့
ဝက်ကြီးအင်
ဥပါလိသိမ်
တောင်ဘီ
ပုဂံ
မဟာဗောဓိ
ပိဋကတ်တိုက်
ရွှေဂုဏ်ကြီး
ဂေါဝေါပလ္လင်
မီးမလောင်ကျောင်း
ပုထိုးသားများ
မင်္ဂလာစေတီ
မြင်းကပါ
မြင်းကပါ
မြဇေတီ
ရွှေဆံတော်
ဓမ္မရံကြီး
ဂူပြောက်ကြီး
ထီးလိုမင်းလို
စဉ့်ငူထိုး
ဂူပြောက်ကြီး
သမ်ဘူလ
မင်းဝိုင်း
စေလှဝင်း
မင်းနန်သူ
ဖျောက် ဆိပ်ပင်
ကွန်းစင်ကြယ်
ကျွန်းပတ်ကြီး
မြားစေ
ဆုတောင်းပြည့်
တမ္ပဝတီ
သမုတိ
ဒမ္မရာဇိက
သူငွေးကန်
နန်းဘုရား
စိမ်းညက်
လေ့သင်ရှ
စိုးမင်းကြီး ကျောင်း
သီရိပစ္စယာ
ရေသိုးစင်ချောင်း
ပယ်ဝ
ဟတ်ဇေယ
အနောက်မြေရှဲ
တောင်ဖွဲ
ပြည်သိ
မြင်ကြား
လိုက်ဘုရား
ဥမင်
ရွာ
ကားလမ်း
လှည်းလမ်း

mgyoe.com

# ညွှိနှိုင်းကိုးကားသောကျမ်းများ

- ကမ္ဘည်းကျောက်စာဝန်၏ နှစ်ချုပ်အစီရင်ခံစာ၊ ၁၉၄၆–၄၇၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၄၆။
- ကမ္ဘည်းကျောက်စာဝန်၏ နှစ်ချုပ်အစီရင်ခံစာ၊ ၁၉၅၃–၅၄၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၆။
- ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိ၊ (လှသမိန်) ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁။
- ဇာတာတော်ပုံရာဇဝင် (အဇာဂရု) အစိုးရပုံနှိပ်တိုက်၊ ၁၉၆၀။
- နန်းဓလေ့မှတ်တမ်းများ (မြကေတု) လုပ်အားပုံနှိပ်တိုက်၊ ၁၉၆၆၊
- နယ်လှည့်ရာဇဝင် (ဒေါက်တာသန်းထွန်း) ပထမအုပ်၊ နံ့သာပုံနှိပ်တိုက်၊ ၁၉၆၈။
- ပိဋကတ်သမိုင်းစာတမ်း၊ (မင်းကြီးမဟာသီရိဇေယျသူ) သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၀၅။
- ပုဂံကျောက်စာညွှန့်ပေါင်း၊ (ဂျီ–အိပ်ချ်လုစ်နှင့် ဦးဖေမောင်တင်) ဗြိတိသျှမြန်မာစာပုံနှိပ်တိုက်၊ ၁၉၂၈။
- ပုဂံကျောက်စာလက်ရွေးစင်၊ (ပါမောက္ခ ဦးအေးမောင်) ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၈။
- ပုဂံခေတ်ယဉ်ကျေးမှု (ဦးသိန်းမောင်) ဂန္ဓမာပုံနှိပ်တိုက်၊ ၁၉၅၆။
- ပုဂံ၊ ပင်းယ၊ အင်းဝရှိ ကျောက်စာများ၊ အစိုးရပုံနှိပ်တိုက်၊ ၁၈၉၂။
- ပုဂံပြည်တွင် ထင်ရှားသောမင်းများအကြောင်း၊ ၁၉၀၃ ပြီး (လက်ရေးမူ)
- ပုဂံပြည်အကြောင်းအချက် အဆစ်သေတ္တာ စာတမ်း၊ (ပုဂံဝန်ထောက်ဦးတင်) ၁၉၀၅ ပြီး (လက်ရေးမူ)
- ပုဂံပြည်၏ အတ္ထုပ္ပတ္တိစာတမ်းအကျယ်၊ (ပုဂံဝန်ထောက်ဦးတင်) ၁၉၀၃ ပြီး (လက်ရေးမူ)

mgyoe.com

- ပုဂံဘုရားတစ်ဆယ့်ခုနစ်ဆူသမိုင်း (မြတောင် (ဆရာတော်) ဟံသာဝတီ ပုံနှိပ်တိုက်၊) မန္တလေး၊ ၁၉၂၉။
- ပုဂံမင်စာစု သုတေသနလုပ်ငန်း (ဗိုလ်မှူးဘရှင်) ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၆၄။
- ပုဂံရာဇဝင်သစ်၊ ပထမတွဲမှ ပဥ္စမတွဲ၊ ၁၁၉၅ ခုနှစ်၊ နယုန်လရေးပြီး (လက်ရေးမူ)
- ပုဂံရက်သတ္တပတ်ဟောပြောချက်များ၊ (အစိုးရပုံနှိပ်တိုက်) ၁၉၆၁။
- ပျူဖတ်စာ၊ ပျူအက္ခရာသမိုင်း၊ (သီရိပျံချီ ဦးသာမြတ်)၊ အမျိုးသားပုံနှိပ်တိုက်၊ ၁၉၆၃။
- မဟာရာဇဝင်ကြီး ပထမအုပ်၊ (ဦးကုလား) ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀။
- မြစေတီကျောက်စာ အဖွင့်ဋီကာ၊ (လှသမိန်)၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၆။
- မြန်မာပြည်ရာဇဝင်၊ (မစ္စတာဂျီအီးဟာရဝေ) (ဟာဗေး) လောင်းမန်ဂရင်း ကုမ္ပဏီ၊ ၁၉၃၆။
- (မှန်နန်းရာဇဝင်၊ ပထမတွဲ၊ မိဘဂုဏ်) ပုံနှိပ်တိုက်၊ ၁၉၅၂။
- ရာဇဝံသဓာလိနီ၊ ပုဂံရာဇဝင်သစ်၊ (ဦးဖေ) မြန်မာ့တာရာပုံနှိပ်တိုက်၊ ၁၉၅၂။
- ရှေးရိုးမြန်မာပန်းချီ၊ (ပြည်ထောင်စု ယဉ်ကျေးမှုဌာန)၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၆။
- ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်၊ (ဦး(ချစ်သိန်း) တက္ကသိုလ်များ ပုံနှိပ်တိုက်၊) ၁၉၆၅။
- ရှေးဟောင်း အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ (သီရိပျံချီဦးမြ) ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁။
- သာသနာလင်္ကာရစာတမ်း၊ (မဟာဓမ္မသင်္ကြံ) ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၆။
- အပယ်ရတနာလိုဏ်ဂူဘုရား၊ (သီရိပျံချီ ဦးမြ)၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၈။

၀

mgyoe.com

mgyoe.com



## BIBLIOGRAPHY


- A History of Burma, by Maung Htin Aung Columlra University Press. N.Y. 1967
- A History of Southeast Asia by D.G.E. Hall London 1961
- Census of India 1901 VOL XIIC Part IV by C.C. Lowis India Collins New Age Encyclopedia, London. 1957
- Epigraphia Birmanica Vol ll. Pt ll by Chas Duroiselle, 1921
- Handbook of Oriental History by C.H. Philips M.A.,Ph. D. 1951
- History of Burma by G.E. Harvey, Frank Cass & Co. Ltd. 1967
- History of Burma By D.G.E Hall M.A.,D. Litt., F.R.H.S.
- In Introduction to Tantric Buddhism by S.B Dasguptaculutta University 1958
- Lokahtrikpan, Early Burmese Culture in a Pagan Temple by Bohmu Ba Shin 1962
- Lost Cities of Asia by Win Swaan. G.P. Putmanis Sons. N.Y. 1967
- Pictorial Guide to Pagan by U Lu Pe Win, M.A.
- Mon-English Dictionary by R, Halliday M.R.A.S, Bangkok 1922
- The Making of Southeast Asia G. Coedes U.K. 1967.


mgyoe.com

mgyoe.com

# ကျေးဇူးတင်ရှိခြင်း


ဤစာအုပ်ကို ထုတ်ဝေဖြစ်အောင် ကူညီကြသော ဦးသောင်းညွန့် (မန်နေဂျာ၊ ကာယသုခပုံနှိပ်တိုက်)၊ ဒေါ်မေကြည်ဦး (အင်းဝထွန်း ပုံနှိပ်တိုက်)၊ ဒေါ်လှခင် (ထွန်းထွန်းစာပေ)၊ ဒေါ်စန်းရီ (မဟာဝိဇ္ဇာ ပုံနှိပ်တိုက်)၊ ဦးထွန်းအောင်၊ (ချိုတေးသံပုံနှိပ်တိုက်)၊ ဦးကြီးခင် (မင်္ဂလာပုံနှိပ်တိုက်)၊ ဦးမြအုန်း (ဦးမြအုန်း စာအုပ်ဆိုင်) ပန်းချီဆရာ ဦးလွန်းကြွယ်တို့အား ကျေးဇူးတင်ရှိပါသည်။ ။

လှသမိန်

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ပုဂံမြို့တော်

ခြောက်ရာ့ခုနစ်ဆယ်၊ နှစ်ခုဆွယ်က၊ တိုင်း
ကျယ်ချက်မြုပ်၊ စ၍လုပ်ဟု၊ ရုပ်တုလောင်း
ရန်၊ ဖန်ခဲ့ချန်မှ၊ ညွန့်သန့်ခက်ဖြိုး၊ နှစ်ဆယ့်
ကိုးတွင်၊ ဖြန့်မိုးစကြာ၊ ဆယ့်ကိုးရွာထက်၊
ပေါက္ကာရာမ၊ သမိုက်ချလျက်၊ ထောက်စ
မည်ခံ၊ ရှင်မြူးစံသော်။

(ပုလိပ်စား ဧချင်း)

ယခုခေတ် ပုဂံမြို့၏တည်နေရာမှာ မြင်းခြံခရိုင်အတွင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၊ ညောင်ဦးမြို့အောက်ဘက် ၄ မိုင်ကွာခန့်တွင် တည်ရှိလေသည်။ ကမ္ဘာ့မြေပုံအရ လတ္တီတွဒ်မျဉ်း မြောက် ၂၀.၄၄ နှင့် လောင်ဂျီတွဒ်မျဉ်း အရှေ့ ၉၄.၅၂ ပေါ်တွင် တည်ရှိလေသည်။ ရန်ကုန်မြို့မှ မော်တော်ကားလမ်းအားဖြင့် ရေနံချောင်းအထက် ဝွေးချိုမှ လမ်းခွဲအတိုင်း ချောက်မြို့ကိုဖြတ်၍ ၄၁၄ မိုင်ကွာဝေး၍ ကျောက်ပန်းတောင်းမှ လမ်းခွဲအတိုင်းသွားသော် ညောင်ဦးကိုဖြတ်၍ ၄၃၀ မိုင်ကွာဝေးသည်။ ဧရာဝတီမြစ်ကြောင်းအားဖြင့် ရန်ကုန်မြို့မှ ၄၆၈ မိုင် ကွာဝေး၍၊ မန္တလေးမြို့မှ ၁၂၉ မိုင်သာ ကွာဝေးလေသည်။ မီးရထားလမ်းအားဖြင့် ရန်ကုန်မှ ပျဉ်းမနားကိုဖြတ်၍ ကျောက်ပန်းတောင်းအထိ ၃၆၄ မိုင် ကွာဝေးရာ၊ ချောက်မြို့အထိ မီးရထားလမ်းဖောက်လုပ်ရန် စီစဉ်ထားသဖြင့် ချောက်မြို့အထိ ၃၈၉ မိုင် ကွာဝေး၍၊ ချောက်မြို့နှင့် ပုဂံမြို့မှာ ၆ မိုင်မျှသာ ကွာဝေးလေတော့သည်။ လေကြောင်းအားဖြင့်ကား ပုဂံ (ညောင်ဦး) သို့ ၃၀၁ မိုင်မျှသာ ကွာဝေးလေသည်။

ပုဂံမြို့တော်ကို သာသနာနှစ် ၆၅၁၊ သုမုန္ဒရီမင်းဖြိုးပြီး သက္ကရာဇ်တို ၂၉၊ (အေဒီ ၁၀၇) တွင် စတင်တည်ထောင်ခဲ့ရာ၊ စောမွန်နစ်မင်းလက်ထက် ပုဂံမြို့သည် နေပြည်တော်အဖြစ်မှ တိမ်ကောခဲ့သည့် သာသနာနှစ် ၁၉၁၂၊ သက္ကရာဇ် ၇၃၀ (အေဒီ ၁၃၆၈) အထိ မြို့တော်သက် နှစ်ပေါင်း ၁၂၆၁ နှစ်မျှ ရှည်ကြာ ထွန်းကားခဲ့လေသည်။ ယခုအချိန် (၁၉၆၉ ခုနှစ်) အထိသော်ကား ပုဂံမြို့သက် ၁၈၆၂ နှစ်မျှကြာမြင့်ခဲ့ပြီဖြစ်လေသည်။

ပုဂံမြို့တော်ကို ၄ ကြိမ်တိုင် နေရာပြောင်းရွှေ့၍ တည်စိုက်ခဲ့သော်လည်း ထိုမြို့ရာများသည် ယခု ပုဂံမြို့၏ ပတ်ဝန်းကျင်အတွင်း၌သာ တည်ရှိခဲ့သဖြင့် ပုဂံမြို့တော်ကို တစ်နေရာတည်းကဲ့သို့ပင် ပေါင်းခြုံမှတ်ယူနိုင်ပေသည်။


သက္ကရာဇ်တို ၁၆ ခုနှစ်တွင် သရေခေတ္တရာပျက်ပြီးနောက် ရှောင်ခွာထွက်လာခဲ့ကြသူများသည် သက်သာပန်းတောင်းအရပ်၌ အခိုက်အတန့်မျှ မြို့၊ ရွာ အခြေစိုက်ခဲ့ပြီးနောက် သက္ကရာဇ်တို

၂၉ ခုနှစ်တွင် အကြီးအကဲဖြစ်သော သမုတိရာဇ်မင်း၊ (သရေခေတ္တရာ သုပညာနဂရဆိန္နမင်း၏တူ) သည် ရွာကြီး ၁၉ ရွာကို ပေါင်းစုအုပ်ချုပ်ကာ ယုန်လွှတ်ကျွန်းဟူသော အရပ်တွင် မြို့တော် တည်စိုက်ခဲ့လေသည်။ ထိုယုန်လွှတ်ကျွန်း ၁၉ ရွာမှာ–

၁။ ညောင်ဦး [ညောင်ဦး]
၂။ နဂါးဗိုလ် (နဂါးဆိတ်) [ပုဂံမြို့]
၃။ နဂါးကျစ် (နဂါးကျည်) [နဂါးကျစ်မော်]
၄။ မန်ကျည်း (မကျည်)
၅။ တူတည် (ကုတ်တည်) [စတယ်]
၆။ ကျောက်စကား [သီရိပစ္စယာ]
၇။ ကုတ်ကဲသိမ် (မုတံသိန်)
၈။ အနုရာဓ (အနုရုဒ္ဓါ၊ အနုတရာ) [မြင်းကပါ]
၉။ ညောင်ဝန်း
၁၀။ တန်ဆောင်ကျွန်း (တဆောင်ကျွန်း) [မြင်းခြံနယ်တွင်ရှိ]
၁၁။ ရွာမုန်း (ရှားပုပ်) [ရွာမိုင်းတွင်ရှိ]
၁၂။ ကျင်လို [ကျောက်ကန်ရွာအနီး]
၁၃။ ကုက္ကို [တောင်ခွင်]
၁၄။ တောင်ပ၊ [တောင်ပ]
၁၅။ မြေခဲတွင်း၊ [မြေခဲတွင်း]
၁၆။ သရက်ရ (အသက်ရ) –
၁၇။ စဥ့်ကူ၊ (စည့်ကူ) [စဥ့်ကူ]
၁၈။ ရွာစိုက်၊ [ဖွားစောရွာ]
၁၉။ ယုန်လွှတ်ကျွန်း၊ [ယုန်လွှတ်]

ဟူ၍ဖြစ်လေသည်။

ထိုမြို့တော်ကို တတိယနန်းဆက်ဖြစ်သော ပျူစောထီးမင်းလက်ထက်တွင် အရိမဒ္ဒနပူရ အမည်သမုတ်ခဲ့လေသည်။ ထို့ကြောင့် ရာဇကုမာရ ကျောက်




ပုဂံမြို့တည်နေရာ

စာတွင်–

*ဤအရိမဒ္ဒနပူရ်မည်သောပြည်၌အား*

ဟူ၍ ဖော်ပြခဲ့လေသည်။ ထိုမြို့တော်တွင် မင်း ၆ ပါးသည် ၂၃၇ နှစ်တိုင် အုပ်စိုးခဲ့လေသည်။

သက္ကရာဇ် ၂၆၆ ခုနှစ် သေလည်ကြောင်မင်းလက်ထက်တွင်ကား ယခုပုဂံမြို့၏ တောင်ဘက်ကျသော လောကနန္ဒာပုထိုးတွင်သည့် ကျောက်စကား (ပုဂံ ၁၉ ရွာတွင် တစ်ရွာအပါအဝင်ဖြစ်သည်။) ရွာအရပ်သို့ ပြောင်းရွှေ့ကာ **သီရိပစ္စယာ** အမည်ဖြင့် ဒုတိယအကြိမ်မြို့တော်သစ် တည်စိုက်ခဲ့ပြန်လေသည်။ ထိုမြို့တော်တွင် မင်း ၅ ပါးသည် ၁၇၂ နှစ်တိုင် အုပ်စိုးခဲ့ပြန်လေသည်။

သက္ကရာဇ် ၄၃၈ ခုနှစ်၊ သိုက်တိုင်မင်း လက်ထက်တွင် ထိုနေရာမှတစ်ဖန် ရွာစိုက် (ပုဂံ ၁၉ ရွာတွင် တစ်ရွာအပါအဝင်ဖြစ်သည်၊) ရွာအရပ်သို့ ပြောင်းရွှေ့ကာ **တမ္ပဝတီ** အမည်ဖြင့် တတိယအကြိမ် မြို့တော်သစ် တည်စိုက်ခဲ့ပြန်လေသည်။

( ) ကွင်းအတွင်းရှိ အမည်များမှာ ဇာတာတော်ပုံရာဇဝင်မှ (စာမျက်နှာ ၉၂) အရဖြစ်သည်။ [ ] အတွင်း အမည်များမှာ ယခုခေတ်တွင်သော တည်နေရာဖြစ်သည်။

mgyoe.com

ထိုမြို့တော်တွင် မင်း ၂၂ ပါးသည် ၃၄၃ နှစ်တိုင် အုပ်စိုးခဲ့ပြန်လေသည်။

သက္ကရာဇ် ၇၈၁ ခုနှစ်၊ ပုပ္ပားစောရဟန်းမင်းဖြို ကြွင်းသက္ကရာဇ် ၂၂၁ ခုနှစ်၊ ပျဉ်ပြားမင်းလက်ထက်တွင် ထိုနေရာမှ နဂါးဆိုင် (ပုဂံ ၁၉ ရွာအဝင် နဂါးဆိတ်ဖြစ်သည်။) ရွာနေရာသို့ ပြောင်းရွှေ့ကာ **ပုဏ္ဏဂါမ** အမည်ဖြင့်၊ စတုတ္ထပုဂံမြို့တော်ကို တည်ခဲ့ရာမှ ယခုအခါ ပုဂံဟုတွင်နေခဲ့လေသည်။ ပုဏ္ဏဂါမ၊ ပုဏ္ဏဂါမ်၊ ပုဂံဟူ၍ ပြောင်းလဲမည်ဟု ကြံဆရပေသည်။ ပုဂံ၊ ပေါက်ံ၊ ပေါက်ကံ၊ ပေါက္ကံ ဟူ၍လည်း နှုတ်တွင် ခေါ်ဝေါ်ခဲ့ကြပြန်လေသည်။ အချို့ကလည်း ပျူဂါမမှ ပျူဂါမ်၊ ပျူဂံ၊ ပုဂံဟူ၍ တွင်ကြောင်းနှင့် တွေးဆကြလေသည်။ ထိုမြို့တော်တွင် မင်းပေါင်း ၂၂ ပါးတို့သည် ၅၀၉ နှစ်တိုင်တိုင် အုပ်စိုးခဲ့ပြန်လေသည်။

ဤသို့အားဖြင့် ပုဂံနေပြည်တော်တွင် မင်းပေါင်း ၅၅ ပါးတို့ နှစ်ပေါင်း ၁၂၆၁ ခုနှစ်တိုင် အုပ်စိုးခဲ့လေသည်။

နရသီဟပတေ့မင်း (၆၁၇–၆၄၈) လက်ထက်တွင် တာတာခေါ် တရုတ်တရက်တို့ ဝင်ရောက် ဖျက်ဆီးလေသဖြင့် ပုဂံမြို့ပျက်စီးရလေသည်။ သားတော်ကျော်စွာမင်းလက်ထက်တွင် ကျော်စွာမင်းကို ညီနောင်များဖြစ်ကြသော အသင်္ခယာ၊ ရာဇသင်္ကြန်နှင့် သီဟသူတို့က နန်းချပြီး ပင်းယတွင် ထီးနန်းပြိုင်ပြုခဲ့ကြပြန်ရာ ပုဂံ၏ခေတ်သည် မှေးမှိန်စပြုခဲ့လေသည်။ ကျော်စွာမင်း၏သားတော် စောနစ်မင်းနှင့် မြေးတော်စောမွန်နစ်မင်းတို့သည် ပုဂံမြို့တော်တွင် ဆက်လက်၍စိုးစံခဲ့ကြသော်လည်း ပုဂံမြို့တော်သည် စည်ပင်မှု ဆုတ်ယုတ်၍သာ လာခဲ့ပြီး၊ မင်းဆက်လည်းပြတ်ကာ နေပြည်တော် အဖြစ်မှ ရွှေ့လျားခဲ့ရလေသည်။

ပုဂံခေတ် ပုဂံနေပြည်တော် ပိုင်နက်ကို ၅၅၈ ခုနှစ်ထိုး ဓမ္မရာဇိကဘုရားကျောက်စာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။

အရိမဒ္ဒနပူရမည်သောပြည်ကိုလည်း အစိုးရထသော ... ခြင်အရာကား၊ အရှေ့သို့လားသော် နိုင်ငံကား သံလွင်မြစ်အရှေ့ဘက် အတိုင်း၊ တောင်ကား ...ယ် ...တ်၊ သင်... တ်...ရွာ၊ သလင်းကြေး၊ မစ္ဆကရိ... အတိုင်း။ အနောက်ကား မစ္ဆကရိ(မစ္ဆာဂီရိ) ... တောင် ... ကောင်ပတိက္ကရာ။ ....။
မြောက်ကား တကောင်း၊ ငဆောင်ချမ်း၊ ဥဆောက်တ ... ပြင်နှင့် ... စသည်ဖြင့် ဖော်ပြထားလေသည်။

ကျောက်စာတွင် စာသားပျက်၍ အချို့စာသားမှာ မထင်ရှားတော့ပေ။ ရရှိသမျှကို တွေးဆဆင်ခြင်သော်၊ အရှေ့ဘက်တွင် သံလွင်မြစ်ကို အခြားပြု၍ အနောက်ဘက်တွင်ကား မစ္ဆဂီရိ၊ ရခိုင်၊ ပဋိက္ခရား (စစ်တကောင်း) နယ်အစပ်အထိဖြစ်ပေသည်။ တောင်ဘက်နယ်နိမိတ်ကို မသိရသော်လည်း အနော်ရထာမင်းလက်ထက်တွင် သထုံပြည်ကို အောင်နိုင်၍ ကျန်စစ်သားမင်းကြီးလက်ထက်တွင် မွန်တို့ကို သိမ်းသွင်းစည်းရုံးနိုင်ခဲ့သည်ဖြစ်ရာ ပုဂံခေတ်တွင် သထုံဒေသအထိ မြန်မာတို့ ပိုင်နက်ဖြစ်ပေလိမ့်မည်။ ပုဂံပျက်ခါနီး နရသီဟပတေ့ တရုတ်ပြေးမင်းလက်ထက်တွင် ဒလ၊ ပုသိမ် စသည့် မြစ်ဝကျွန်းပေါ်ဒေသတို့မှာ ပုဂံမင်းများလက်အောက်တွင် ရှိနေခဲ့ကြောင်း ရာဇဝင်အဖြစ်အပျက်များက ထောက်ခံနေပေသည်။ မြောက်ဘက်တွင်ကား တကောင်း၊ ငဆောင်ချမ်း စသည်အထိ ကျယ်ပြန့်ကြောင်း သိရပေသည်။ ထိုနယ်ပယ် နယ်နိမိတ်မှာ နရပတိစည်သူလက်ထက်တွင် ဖော်ပြချက်များသာ ဖြစ်လေသည်။

ပုဂံပိုင်နက်သည် ထိုမျှကျယ်ဝန်းသော်လည်း အနော်ရထာမင်းကြီးလက်ထက်တွင် ပုဂံနေပြည်တော်ကို အခိုင်အမာပြု၍ နေပြည်တော် အရပ်လေးမျက်နှာတွင် ကင်းတို ကင်းရှည်များထားကာ

လုံခြုံရေးကို ဆောင်ရွက်ခဲ့လေသည်။ အနော်ရထာမင်းကြီးလက်ထက်တွင် ရှမ်းစော်ဘွားတို့က သစ္စာခံခဲ့ကြသော်လည်း မမျှော်လင့်သော အန္တရာယ်ရောက်လာနိုင်သည်ကို တွေးထောက်၍ နေပြည်တော်အပြင် နယ်နိမိတ်နယ်ခြားများတွင် ကင်းမြို့များ၊ ကင်းစခန်းများ တည်ထားလေသည်။ ထိုကင်းစခန်းမြို့များသည် မြန်မာနိုင်ငံ၏အစွန်ဆုံး အပြင်နယ်ခြားစခန်းများမဟုတ်ဘဲ နေပြည်တော်ကို လှမ်းမီ ကမ်းမီ ကြိုတင်ဆီးဆို့ ကာကွယ်နိုင်သည့် အချက်အချာကင်းစခန်းမျိုးသာ ဖြစ်လေသည်။ ထိုကင်းစခန်းများကို ထောက်ဆ၍ ပုဂံပြည်၊ ဝါ၊ ပုဂံခေတ်မြန်မာပိုင်နက်ကို မှန်းဆသတ်မှတ်ရန် မသင့်ပေ။

အနော်ရထာမင်းလက်ထက် ကင်းစခန်းမြို့များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ ကောင်းစင် (ဗန်းမော်ခရိုင်)
၂။ ကောင်းတုံ ။
၃။ ငရုန်း ။
၄။ ငရင်း ။
၅။ ရွှေဂူ ။
၆။ ယင်းခဲ (ကသာခရိုင်)
၇။ မိုးဓား
၈။ ကသာ
၉။ ထီးကျိုင်း(ထီးချိုင့်)
၁၀။ မြတောင်
၁၁။ တကောင်း
၁၂။ ဟင်္ဂမော်
၁၃။ ကြံညှပ်
၁၄။ စမ္ပာနဂိုရ်
၁၅။ စဥ့်ကူး
၁၆။ ကုန်းသာယာ
၁၇။ မကွေးတရာ
၁၈။ အုတ်
၁၉။ ရေနံ့သာ
၂၀။ နဂါးမောက်
၂၁။ ယင်းမာတဲ
၂၂။ စုန်းမြို့
၂၃။ တုံပုံ
၂၄။ မတ္တရာ
၂၅။ သက်ကယ်ကျင်း
၂၆။ ဝါးရင်းတုတ်
၂၇။ တောင်ပြုန်းကြီး
၂၈။ မြို့တင်
၂၉။ လပေား
၃၀။ ရှဥ့်မတက်
၃၁။ မက္ခရာ
၃၂။ တအုံ
၃၃။ မြင်စိုင်း
၃၄။ မြစ်သား
၃၅။ ဟိုင်းတက် (လှိုင်းတက်) (မိတ္ထီလာခရိုင်)
၃၆။ သာဂရ
၃၇။ ညောင်ရမ်း
၃၈။ ရွှေမြို့ (ရမည်းသင်းခရိုင်)
၃၉။ ပက်ပါ
၄၀။ မြို့လှ
၄၁။ ကဲလင်း
၄၂။ ဆွာ
၄၃။ ဗာရာဏသီ

ထိုကင်းစခန်းမြို့များသည် ပုဂံနေပြည်တော်သို့ဆင်းရာ ခရီးလမ်းစခန်းထောက်များပင် ဖြစ်လေသည်။ မြောက်ဘက်တွင် ကောင်းတုံကောင်းစင်မှ တောင်ဘက်ပျဉ်းမနားအထိ ပုဂံ၏အရှေ့ဘက်မှ မျဉ်းကြောင်းဆက်ကာဆွဲမည်ဆိုက ထိုကင်းစခန်းမြို့ အတော်များများကို ဖြတ်သန်းဆက်စပ်မိသည်ဖြစ်လေသည်။ ထိုကင်းစခန်းထားပုံကို ထောက်ဆသော် အရှေ့မြောက်၊ အရှေ့နှင့် အရှေ့တောင်ဘက်တို့မှ ယူနန်တရုတ်နှင့် ရှမ်းတို့၏ အန္တရာယ်ကို အထူးအရေးထား၍ ကာကွယ်ထား

ဆီးထားဟန်တူလေသည်။ မြောက်ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တစ်ခြမ်းလုံးတွင်ကား ကင်းစခန်းများထားသည်ကို မတွေ့ရှိရပေ။ မည်သို့ပင်ဖြစ်စေ ပုဂံခေတ်ပိုင်နက်၏ အကျယ်အဝန်း ပမာဏကို ထောက်ဆရာတွင် ထိုကင်းစခန်းမြို့များကိုလည်း ထောက်ဆ ဆင်ခြင်နိုင်လေသည်။

ပုဂံမြို့နယ်ဒေသ အကျယ်အဝန်းနှင့်ပတ်သက်၍မူကား ဇမ္ဗူဒီပဦးဆောင်းကျမ်းတွင် ဖော်ပြထား၍ သက္ကရာဇ် ၁၁၆၀ ကျော်တွင် မှတ်သားသော ပုရပိုက်စာရင်းတစ်ခု၌ မြန်မာနိုင်ငံတော်အပိုင်းအခြားအမည်ဖြင့် ဖော်ပြထားသည်ကိုလည်း တွေ့ရှိရလေသည်။ ထိုပုဂံဒေသမှာကား ပုဂံနေပြည်တော်ခေတ်နှင့် မသက်ဆိုင်ဘဲ ကုန်းဘောင်ခေတ် ပုဂံမြို့စားနယ်ပယ်၏ နယ်နိမိတ်အပိုင်းအခြားမျှသာ ဖြစ်လေသည်။ ထိုပုဂံမြို့နယ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

တမ္ပဒီပတိုင်း၊ အရိမဒ္ဒနာပေါက်ကံရာမ အမည်ရှိသော ပြည်ကြီး၌ အနော်ရထာမင်းစော စီရင်တော်မူသော အရပ်ရပ်မြို့ရွာ အဆိုက်အဝင် အပါတို့၌ နယ်လေးရပ် ရှစ်ရပ်တို့ကို လာလတ္တံ့သော သူတော်ကောင်းတို့အား သိစိမ့်သော်ငှာ ပြတော်မူသော သမိုင်းတော်။

အရှေ့ကိုလားသော် သံတော် ကံထင်စသည် မူသမူယူတိုင်အောင်တည်း၊

အရှေ့တောင်ကိုလားသော် တလိုင်းကျေးရေး ဒဝယ် မုတ္တမနယ် ကုန်အောင်တည်း၊

အနောက်ကိုလားသော် ပတိက္ကရာကျနယ် မစ္ဆဂီရိကျောက်နဂါးရပ်တိုင်အောင်တည်း၊

မြောက်ခတ်စောင်းကိုလားသော် ကန့်တူးနောကြီး ရင်တွင်းမီးထွက်ကျွန်၊ မဖဲစသည် ရွာနယ်ဒေါင်တည်၊ ပုတ်နွယ်စသည် မြစ်အောက်ကမ်းနား အဆန်တည်း။

ပေါက္ကာရာမ မြို့နယ်ကား၊

အရှေ့ကိုလားသော် သရပါကား အခြားတည်း၊ တောင်ကိုလားသော် မြင်းမကားအခြားတည်း၊ အနောက်ကိုလားသော် ဧရာဝတီအခြား၊ အနောက်မြောက်ကိုလားသော် ဖူးဘုရားကျွန်းအခြား၊ မြောက်ကိုလားသော် ဧရာဝတီအခြားတည်း၊

စသည်ဖြင့် ဖော်ပြရာ၌ ဇေယျာဘုံ၊ ညောင်ဦး၊ ငသရောက်၊ ကျောက်ဆောက်ကြီး စသည်ဖြင့် အခြားနယ်ပယ်အပိုင်းအခြားတို့ကို ဖော်ပြထားလေသည်။

စင်စစ်အားဖြင့် ပုဂံမြို့ဒေသ၏ အကျယ်အဝန်းကား ယခုပုဂံမြို့ကွက်မျှသာမကဘဲ ညောင်ဦး၊ ဝက်ကြီးအင်း၊ တောင်သာလယ်ယာ၊ သီရိပစ္စယာ၊ လောကနန္ဒာ၊ ဖွားစော၊ ကုန်းတန်းကြီး၊ တက်သေး၊ မြေနဲ၊ ကွန်းစင်ကြယ်၊ ဖျောက်ဆိပ်ပင်၊ မင်းနန်သူ စသော ဒေသရပ်ဝန်းတစ်ခုလုံး ပင်ပါရှိသည်ကို သတိပြုရန် လိုပေသည်။ မြောက်ဘက် မင်းနန်သူကို ရှေးက အာမနာအရပ်ဟု ခေါ်၍ တောင်ဘက်ဖွားစောရွာကို ရှေးက သစ်မထီးဟု ခေါ်တွင်ခဲ့လေသည်။

အင်းဝမင်းများလက်ထက်နှင့် ကုန်းဘောင်မင်းများလက်ထက်တွင် ပုဂံမြို့ကို မင်းညီမင်းသားတို့အား မြို့စားခန့်ထား၍ ပိုင်စားစေလေသည်။ သို့ရာတွင် အင်းဝခေတ်ဦး၌သာ ဘုရင်ခံသဖွယ် မြို့စားစွဲနေ အုပ်ချုပ်စေ၍ နောင်အခါတွင် အရိုးအစဉ်ကြီးစိုးသော သူကြီးတို့က အုပ်ချုပ်၍ မြို့စားမှာ အခွန်ဘဏ္ဍာ ကောက်ယူဆက်သခံသည်မှတစ်ပါး ကိုယ်တိုင်သွားရောက် အုပ်ချုပ်သည်ကို မတွေ့ရပေ။

ကုန်းဘောင်ခေတ်တွင် သာယာဝတီမင်း၏ သားတော် ပုဂံမြို့စားသည် မင်းအဖြစ်သို့ရောက်သောအခါ ပုဂံမင်းဟု ထင်ရှားလေသည်။

ပုဂံမြို့တော်အဝင် ဆင်ခြေဖုံးကျေးရွာများ အပါအဝင် အကျယ်အဝန်းမှာ တောင်မြောက်

mayae.com

myoe.com

အလျားမိုင် ၃၀ အရှေ့အနောက် အနံ ၂၆ မိုင်ခန့် ကျယ်ဝန်းလေသည်။

ပုဂံမြို့ပတ်ဝန်းကျင်ရှိ တောများမှာ ပုပ္ပားတော၊ သေရောက်တော၊ တုရင်းတိုင်တော၊ တောင်းဆင်းတော၊ မြေသင်းတွင်းတော၊ သစ်လှတော၊ ရှားတော၊ ကန်သာယာတော၊ လက်ပံတဲတော၊ ကျောက်ပြင်ကန်တော၊ မုန့်လုံးတောင်တောများဖြစ်လေသည်။

ပုဂံမြို့ပတ်ဝန်းကျင်ရှိ ချောင်းငယ်များမှာ တောင်ညိုချောင်း၊ ရှားပိန်ချောင်း၊ တောင်ပုံဝချောင်း၊ လက်ဝဲချောင်း၊ ကွန်းဘုရားချောင်း၊ တောင်ဆင်းချောင်း၊ ငလိုင်းချောင်း၊ ခွေးချောင်းဝချောင်း (ဆိပ်ခွက်ဝချောင်း၊ ကျောက်ပြင်ကန်ချောင်း၊ မအူပင်ချောင်းဟူ၍လည်း ဒေသအလိုက်ခေါ်သည်။) ဝါခင်းကြီးချောင်း၊ ချောင်းဝချောင်း၊ ဆီးစမြင်ချောင်း၊ စိုင်ဖြူပြေးချောင်း၊ (ပျဥ်းမချောင်းလည်း ခေါ်သည်) တောင်ဘီချောင်း (သစ်ရာချောင်း၊ အုံးဖျားရွာချောင်းလည်း ခေါ်သည်။ စွန်သိုက်ချောင်း၊ ဥယျာဉ်တော်ချောင်း၊ ဘီလူးတက်ချောင်း၊ ဒန်းချောင်း၊ ကျည်းပင်ရိုးချောင်း၊ ညောင်ဖြူပင်ချောင်း စသည်တို့ဖြစ်လေသည်။

ပုဂံမြို့ပတ်ဝန်းကျင်ရှိ မြစ်ကမ်းမော်များမှာ ကျောက်အင်းမော်၊ မုတ်တုတ်မော်၊ ဘီလူးမလက်ဝါးမော်၊ ရှားပင်မော်တို့ဖြစ်လေသည်။

ပုဂံမြို့ပတ်ဝန်းကျင်ရှိ ကုန်းများမှာ ခဲမဲကုန်း၊ တုန်းတာကုန်း၊ လှည်းပွဲကုန်း၊ သံဖိုကုန်း၊ တမာကုန်း၊ လေပွေကုန်း၊ ဟင်စပ်ကုန်း၊ မြေပလ္လင်ကုန်း၊ ဆင်တက်ကုန်းတို့ဖြစ်လေသည်။ ထိုမှတစ်ပါး မြင်ပါတောင်၊ ခိုတောင်၊ ပုံတောင်၊ မြေပြိုတောင်၊ ဆင်ချည်တောင်၊ နွားလည်တောင်၊ သစ်ချည်တောင်၊ တောင်ပုလုံး၊ မြေပြာတောင်၊ အုတ်မှုန့်တောင်၊ တောင်ကြီးနှစ်လုံးတောင်တို့မှာလည်း ကုန်းအရေအတွက်တွင် ပါဝင်လေသည်။

ပုဂံဒေသတစ်ဝိုက် ပတ်ဝန်းကျင်ရှိ တောင်များမှာ တောင်ဘက်တွင် စဥ့်ကူတောင်တန်း၊ အရှေ့ဘက်တွင် တုရင်းတိုင်တောင်တန်းနှစ်သွယ်နှင့် တောင်ဘီတောင်တန်းရှိသည်။ စဥ့်ကူတောင်တန်းတွင် နွားလည်တောင်၊ နတ်တောင်၊ ကြေးဖြူတောင်၊ မြင်ပါဟုတောင်၊ တောင်သကျင်းတောင်၊ သလူတောင်နှင့် နွားထားတောင်များ ပါဝင်လေသည်။ တောင်ဘီတောင်တန်းတွင် ငမြတောင် (တောင်နှင့်မြောက်)၊ မိုးနတ်တောင်၊ ခါးပြုတ်တောင်၊ ပဲ့တင်တောင်၊ ရှင်ကန်တောင်၊ တိန်ကန်တောင် (ငွေပုံဝတောင်) ကန်သစ်တောင်၊ ရွှေတောင်ညိုတောင်၊ ကျောက်ဂူတောင်နှင့် ဥယျာဉ်တောင်များ ပါဝင်လေသည်။

အနောက်ဘက် တုရင်းတောင်တန်းတွင် အနိမ့်တောင်၊ ပိုက်လှမ်းတောင်၊ ပိုက်ဖတောင်၊ ရွှေမြင်တင်တောင်၊ ကျောက်တန်းတောင်၊ ကျောက်ခွက်တောင်၊ ခဲမိုးတောင်၊ တောင်ပုလု၊ ကျပ်တောင်၊ ဆည်ဝတောင် (မန်းကျည်းစောက်တောင်) ဆိပ်ခွက်ဝတောင် (ဆိပ်ခွတောင်) တောင်သာတောင်၊ ဒုတိယရွှေမြင်တင်တောင်၊ ရှင်ပင်ဖားတောင်၊ ဆုတောင်းပြည့်တောင်၊ မန်ကျည်းကျပ်တောင်၊ မင်းနန္ဒရာဇ်တောင်(ရွှေတောင်ဦးတောင်)၊ သင်္ကန်းလှန်းတောင်၊ မယ်ချမ်းသာတောင်၊ ပဲ့စင်ဝတောင်၊ တောင်ပြိုတောင်၊ ထန်းရိုင်းကျပ်တောင်၊ တမာတောင်၊ တပ်တန်းတောင်နှင့် တောင်ပင်လယ်တောင်တို့ပါဝင်လေသည်။

အရှေ့ဘက်တောင်တန်းတွင်ကား၊ ဂူကြီးတောင်၊ တုရင်တောင်၊ သက်စိုးတောင်၊ သိကြားတောင်၊ ဖက်ပင်ကျပ်တောင်၊ ဆပ်ပြာကျင်းတောင်၊ ရေလာဟူတောင်၊ ကျပ်ကျယ်ကြီးတောင်၊ တောင်ဝမတိုတောင်၊ လျှော်ဖြူပင်တောင်၊ ဘုရားနီတောင်၊ ကျပ်ကောက်တောင်၊ ဆင်ကျပ်တောင်၊ သုံးဆူတောင်၊ ရွှေနတ်တောင်၊ တန်ဆားကျပ်တောင်၊ စစ်ကဲဘုရားတောင်၊ လွှဲဝတောင် (လချေး

myoe.com

mgyoe.com

တောင်)၊ ရှင်းမင်းစောင်၊ တီးတုတ်ပင်တောင်၊ ဘုရားကန်တောင်၊ နွားကြားကြီးတောင်၊ တောင်ပဲ့တောင်၊ ခွေးချောင်းဝတောင်၊ ကန်ကြီးဝတောင်၊ သလင်းတောင်၊ သေလာတောင်၊ မန်ကျည်းကျပ်တောင်၊ သိမ်တောင်၊ ဗုံတုတ်ရိုးတောင်၊ သဃ်ရာဇ်တောင်၊ ခဲနက်ကြီးတောင်၊ (ငလုကန်တောင်) ကျောက်အိမ်မိုးတောင်၊ လက်ခတ်တောင်၊ သောတာပန်တောင်၊ ကျောင်းဆိုးတောင်၊ ရွှေပုဝါတောင်တို့ ပါဝင်လေသည်။

ပုဂံမြို့ပတ်ဝန်းကျင်ရှိ ကန်များမှာ တောင်ပတ်လည်ကန်၊ (တောင်ပလယ်ကန်) တောင်ပြုကန်တို့ ဖြစ်လေသည်။ မြကန်မှာ ကောလျက်ရှိလေပြီ။ ။



mgyoe.com

mgyoe..com

# ပုဂံမြို့တံခါးများ

ပုဂံမြို့တော်ကို ၄ ကြိမ် တည်ထောင်ခဲ့ရာ၌ အရိမဒ္ဒနပူရ၊ သီရိပစ္စယာ၊ တမ္ပဝတီမြို့များကို သစ်တပ်မြို့ရိုးဖြင့်သာ တည်စိုက်ခဲ့သည်ဟု ယူဆကြလေသည်။ မြို့ပတ်လည်ဝန်းကျင်၌ ကျောက်ခဲကျောက်တန်းများကိုသာ တွေ့ရှိရ၍ အုတ်မြို့ရိုးကို မတွေ့ရှိရပေ။ စတုတ္ထအကြိမ် နောက်ဆုံး ပျဉ်ပြားမင်းလက်ထက်တည်သော ပုဂံမြို့တော်ကိုကား အုတ်မြို့ရိုးဖြင့် တည်ထားခဲ့လေရာ အနော်ရထာခေတ် ပုဂံမြို့တော်မှာ ထိုအုတ်မြို့ရိုးကာရံသော မြို့တော်ပင် ဖြစ်လေသည်။ ထိုဒေသမှာ မြို့တော်မတည်မီက နဂါးဆိုင်ရွာဟု ထင်ရှားခဲ့လေသည်။ မြို့တော်မှာ မြစ်ကို အနောက်မျက်နှာပြု၍ အုတ်တံတိုင်းမြို့ရိုး သုံးဘက်ရံပတ်ကာ ကျုံးလည်း သုံးတန်ပတ်ရံခဲ့သည်ဟု ဆိုလေသည်။ မြို့တော်အကျယ်မှာ မြို့ဝန်းတာ (၁၁၄၂)၊ အတောင် (၇၉၉၄) တောင် ရှိလေသည်။

ပုဂံမြို့ရိုးတွင် တံခါးပေါင်း ၁၂ ရပ် ထားရှိခဲ့ကြောင်းနှင့် ရာဇဝင်တွင် ဖော်ပြလေသည်။ ထိုတံခါးများတွင် တံခါးဝ၌ အစောင့်နတ်ရုပ်များလည်း ထားရှိခဲ့သည်ဟု ဆိုလေသည်။ တံခါးဝဝဲယာတစ်ဖက်တစ်ချက်တွင် အုတ်လိုဏ်တဝဂူငယ်တစ်ဆောင်စီရှိရာ နတ်ရုပ်များထားရှိရာ ဂူများပင် ဖြစ်ဖွယ်ရှိလေသည်။ နတ်ရုပ်များကို မည်သည့်မင်းလက်ထက်တွင် ထားရှိသည်ဟူ၍ ဧကန်ဆုံးဖြတ်ရန် မလွယ်ပေ။ မြို့တည်စဉ်ကာလ ပျဉ်ပြားမင်းလက်ထက်ကပင် ထားရှိခဲ့သည်ဟုပင် မှတ်ယူကြပေသည်။ နတ်ကိုးကွယ်မှုများသည် ပုဂံပြည်တွင် စောစွာကပင် ပေါ်ပေါက်ခဲ့ပြီးပင်ဖြစ်လေသည်။ မဟာဂိရိနတ်ကို သေလည်ကြောင်မင်းလက်ထက်ကတည်းကပင် ကိုးကွယ်ခဲ့သည်ဟု ဆို



ပုဂံမြို့ဟောင်း
အရှေ့မျက်နှာ
သရပါတံခါးအဝင်ဝ

လေသည်။

ပုဂံမြို့ရိုးရှိ မြို့တံခါးများနှင့် အစောင့်နတ်ရုပ်များမှာ အောက်ပါအတိုင်းဖြစ်လေသည်။

**အရှေ့မျက်နှာ**

သံရဖေတံခါး၊ ရွှေပသင်နတ်၊
သရပါတံခါး၊ နတ်မောင်နှမ၊
(မဟာဂီရိနှင့် ရွှေနပေ)
သရဝတ်၊ ဖက်ပသင်နတ်၊
(ဖက်သန်းပင်စောင့်နတ်)

ထိုတံခါးအမည်များမှာ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်လာ မြားပစ်နည်း အခေါ်အဝေါ်များဖြစ်သော **သရဝသ** (မိုးရွာသကဲ့သို့ပစ်ခြင်း)၊ **သရပါသာဒ** (ပြာသာဒ်ကဲ့သို့ ဖြာအောင်ပစ်ခြင်း)၊ **သရပါကာရ** (တံတိုင်းကာသကဲ့သို့ပစ်ခြင်း)၊ **သရဖေဓိ** (မြားချင်းမှန်အောင်ပစ်ခြင်း) စသည်တို့ကိုစွဲ၍ ခေါ်တွင်ခြင်းဖြစ်သည်ဟု ယူဆကြလေသည်။ တံခါး ၁၂ ရပ်အနက် အရှေ့မျက်နှာ အလယ် သရပါတံခါးမုခ်တစ်ရပ်သာလျှင် ထင်ရှားကျန်ရှိခဲ့၍ အခြားတံခါးမုခ်များမှာ အရာမျှသာ ကျန်ရှိခဲ့လေတော့သည်။

**တောင်မျက်နှာ**

ကလေးတံခါး၊ ငဆွဲသင်နတ်၊
မတောင့်တတံခါး၊ ဝိရူပက္ခနတ်၊
ဝင်းမနားတံခါး၊ ငနွယ်သင်နတ်၊
(ဝမ်းမနားတံခါးဟု ခေါ်နေကြသည်။)

**အနောက်မျက်နှာ**

မကြည်သာတံခါး၊ မြင်းဖြူရှင်နတ်၊
မင်္ဂလာတံဆိပ်တံခါး၊ ဝိရုဠှကနတ်၊
သာစည်တံခါး၊ ဇမ္ဗူတမွတ်နတ်၊

**မြောက်မျက်နှာ**

ညောင်ဖြူပင်တံခါး၊ ဇမ္ဗူရက္ခနတ်၊
ငါးမြီးခတ်တံခါး ကုဝေရနတ်၊



သာတန်းတံခါး၊ ဇမ္ဗူတန်ဆောင်နတ်၊
(သာခတ်တံခါးဟုလည်း ခေါ်သည်။)

အနော်ရထာမင်းကြီးသည် တိုင်းခန်းလှည့်ရာမှအပြန် ပုဂံမြို့တော် သရဖါတံခါးသို့ ဝင်မည်ပြုစဉ် အောင်သာမြစ်ခြေအရပ်တွင် ကျွဲရိုင်းတစ်ကောင် သောင်းကျန်းနေကြောင်း ကြားသိရ၍ တံခါးသို့မဝင်တော့ဘဲ ကျွဲရိုင်းကို သွားရောက်နှိမ်နင်းရာတွင် နတ်ရွာစံလေသည်ဟု ရာဇဝင်တွင် ဖော်ပြလေသည်။

## ပုဂံမြို့နေလူဦးရေ

ပုဂံမြို့ဒေသ၌ ၁၉၀၁ ခုနှစ်၊ (၁၂၆၃) ခုနှစ်တွင် နေထိုင်ကြသော လူဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

လက်ထပ်ရွယ်အောက် ယောကျ်ား ၁၄၁၇၄၊ အိမ်ထောင်သည် ယောကျ်ား ၈၃၇၁၊ မုဆိုးဖို ၈၀၆၊ လက်ထပ်ရွယ်အောက် မိန်းမ ၁၅၂၅၁၊ အိမ်ထောင်သည်မိန်းမ ၉၃၀၃၊ မုဆိုးမ ၂၈၁၂ ဖြစ်၍ စုစုပေါင်း ၅၀၇၁၇ ယောက် နေထိုင်ခဲ့လေသည်။ ယင်းတို့အနက် စာတတ်ယောကျ်ား ၁၀၃၅၁ ယောက်၊ စာတတ်မိန်းမ ၆၁၄ ယောက်၊ စာမတတ်သောယောကျ်ား ၆၁၄ ယောက်၊ စာမတတ်မိန်းမ ၂၆၇၅၂ ယောက်ရှိကြောင်း သိရှိရလေသည်။ အမျိုးသမီး ၄၅ ယောက်တွင် တစ်ယောက်မျှသာ စာတတ်၍ အမျိုးသားနှစ်ယောက်လျှင် တစ်ယောက်မျှသာ စာတတ်သည်ကို တွေ့ရှိနိုင်လေသည်။ ယခုအခါတွင်ကား လွန်ခဲ့သောနှစ်ပေါင်း ၇၀ ခန့်က အခြေအနေနှင့် များစွာ ကွာခြားတိုးတက်လျက် ရှိနေပြီဖြစ်လေသည်။ ။

mgyoe.com

mgyoe.com

# ပုဂံမြို့အမည်များ

ပုဂံမြို့၏အမည်နှင့် ပတ်သက်၍ ၁၅ မျိုး ခေါ်ဝေါ်ကြောင်းနှင့် စာဟောင်းတို့တွင် မှတ်သားထားရှိခဲ့လေသည်။ ယင်းအမည်တို့မှာ–

၁။ ပေါက္ကာရာမ
၂။ အရိမဒ္ဒနာ
၃။ ပုဏ္ဏကာမ
၄။ ပုဏ္ဏဂါမ
၅။ ပျုဂါမ
၆။ တမ္ပဝတိ (ကြေးနီထွက်သောအရပ်)
၇။ သီရိပစ္စယာ
၈။ သမ္ပုဏ္ဏဂါမ
၉။ ပဏ္ဏုပလာသ
၁၀။ နဂရုတ္တမ
၁၁။ ပရမပူရ
၁၂။ သမာဓိနဂရ
၁၃။ တမ္ပဒေသ
၁၄။ ဝေလုကာရာမ
၁၅။ ပုဂံ ဟူ၍ဖြစ်လေသည်။

ပုဂံပြည်ကို ပူပြင်းသောနေရပ်ဟူ၍ "တတ္တဒေသ" ဟူ၍လည်း ခေါ်ဝေါ်သည်ဟု ဆိုလေသည်။

ပုဂံပြည်ဟူသော အခေါ်အဝေါ်နှင့် ပတ်သက်၍ကား ခရစ်နှစ် ၁၁ ရာစု ပထမဝက်အတွင်း (သက္ကရာဇ် ၄၁၂ ခုနှစ်မတိုင်မီ ရေးထိုးသော * အင်ဒိုချိုင်းနား CHAM ချမ်း (စမ္ပာ) ကျောက်စာတွင် ဖော်ပြပါရှိလေသည်။ မြန်မာပြည်အတွင်း၌ကား ခရစ်နှစ် ၁၀၉၃၊ သက္ကရာဇ် ၄၅၅ ခုနှစ်ထိုး မွန်ကျောက်စာတွင် ဖော်ပြရေးထိုးထားသည်ကို တွေ့ရှိရလေသည်။

မြန်မာကျောက်စာများတွင်ကား အရိမဒ္ဒနပူရ ဟူ၍ ရေးထိုးသည်ကို ရာဇကုမာရ်ကျောက်စာ၊ (၄၇၄ ခုနှစ်) ဓမ္မရာဇိကဘုရားကျောက်စာ (၅၅၈ ခုနှစ်) အသဝက်မွှာ သချိုင်းဂူဘုရား၊ စောလုဝန်းကျောက်စာ (၅၉၈ ခုနှစ်) စသည်တို့တွင် တွေ့ရှိရလေသည်။

ပုဂံဟူသော အရေးအသားကိုကား ပုဂံကျွန် ဟူသော အသုံးအနှုန်းဖြင့် သက္ကရာဇ် ၅၉၂ ခုနှစ်ထိုး လောကနန္ဒာဘုရား၊ မဟာဒါနပတိ ကျောက်စာ ကြောင်းရေ ၂ ၌–

"ဒါနပတိဘုရား လှူသော ပုဂံကျွန် ကုလား မြန်မာစုံ ၇၈ ယောက်ဟူ၍လည်းကောင်း၊ သက္ကရာဇ်

* ထိုကျောက်စာကို အာနမ်နိုင်ငံတောင်ပိုင်း ပန်ရမ်းမြစ်ဝမှ လောမ်ဝေါကျောက်တိုင်တွင် တွေ့ရ၍ သက္ကရာဇ်ကား မပါချေ။ သို့ရာတွင် အောက်ခြေကျောက်စာ၌ ခရစ်နှစ် ၁၀၅၀ ဟု ပါရှိသဖြင့် ထိုထက်စောမည်ဟု ခန့်မှန်းရလေသည်။

mgyoe.com

၆၁၀ ပြည့်နှစ်ထိုး မင်းနန်သူရှာ အစောကြွမ်းဘုရား ကျောက်စာ ကြောင်းရေ ၂၁ ၌

**ပုဂံကျွန်** ကုလားယန်သည် ၁၁၆ ယောက်၊ ပနိသက်ကျွန် ၈၅၀ ကျိပ်" ဟူ၍လည်းကောင်း၊ ရေးထိုးသည်ကိုသာ တွေ့ရှိရလေသည်။

၅၈၅ ခုနှစ်ထိုး လေးထောင့်ကန်ကျောက်စာ တွင်လည်း "ပုဂံကျွန်ကား"ဟူ၍ တွေ့ရှိရလေ သည်။

၆၀၃ ခုနှစ်ထိုး ဂူနီဘုရားကျောက်စာ ကြောင်း ရေ ၁၉ တွင်ကား "**ပုကံကျွန်ဘေကူတာ**" ဟု တွေ့ ရှိရလေသည်။

၆၂၇ ခုနှစ်ထိုး မင်းစိုင်းကျောက်စာတွင်ကား ကြောင်းရေ ၃၂ တွင် "**ပုကမ်သား**"၊ ကြောင်းရေ ၃၃ တွင် "**ပုကံ** နေရ၏" ဟူ၍လည်းကောင်း၊ ၆၄၇ ခုနှစ်ထိုး ဒိသာပါမောက်ကျောက်စာ ကြောင်းရေ ၁၂၊ ၁၇ တို့တွင်၊ **ပုကံ**ဟူ၍လည်းကောင်း တွေ့ရှိ ရလေသည်။ ပုဂံအမည်ကို ကျောက်စာအရေး အသားတွင်ကား၊ ပုကံ၊ ပုကမ်၊ ပုဂံ ဟူ၍သာ တွေ့ ရှိရလေသည်။ (ပုဂံ)ကို မွန်အသံဖြင့် (ပေါ့ကံ) ဟု ရွတ်ဖတ်ရာမှ ပေါ့ကံ၊ ပေါက်ကံ ဟူသော အမည် ပေါ်ပေါက်ခြင်း ဖြစ်ဖွယ်ရှိလေသည်။

မူလအမည်ဖြစ်သော အရိမဒ္ဒနပူရမှာ ရန်သူ ကို နှိမ်နင်းသတ်ဖြတ်နိုင်သည့်ဟူ၍ အဓိပ္ပာယ်ပြည့် ပေါ်ထွက်လေသည်။

ပုဂံပြည်စတင်တည်စိုက်သည့် ယုန်လွတ် ကျွန်းအမည်နှင့် ပုဂံ ၁၉ ရွာအမည်များကို (ညောင် ဦး)မှတစ်ပါး ကျောက်စာများတွင် ရေးထိုးခြင်းကို ကား မတွေ့ရှိသေးချေ။

### ပျူစောထီး

*တစ်သောင်းဇမ္ဗူ၊ ခွန်ယူသိန်းစံ၊ ပြည်ပုဂံ ဝယ်၊ နန်းစံပထမ၊ သမုဒ္ဒရာဇ်၊ ရိပ်ဖြူလှစ်ရာတွင်၊ ရန် ညစ်ကျားရှူး၊ ငှက်ဝက်ဗူးတို့၊ ကွန့်မြူးကြ၍၊ ရာမ ရွှေပြည်၊ ပူပန်သည်တွင်၊ မာန်လည်တောင် ထွတ်၊ ရေနေနတ်နှင့်၊ ဖန်ပြာသာဒ်စံ၊ ချစ်သက် နံရာတွင်၊ ရှေးကံကြမ္မာ၊ သားရရာသည်၊ အင်္ဂါသုံး ထွေ၊ စုံညီလေ၍၊ ရွှေအဏ္ဏဇ၊ ဖွားမြင်ရသည်၊ ဒေဝ ချစ်တို့၊ နှီးဆောင်လှို့၍၊ ကျွန်းလုံ့ဆီမီး၊ ခနဲ့သရ၊ နတ်ဆက်သ၍၊ သိကြားစိတ်တူ၊ စောရန်ငူယ်၊ ဇမ္ဗူတစ်ကြော၊ အံ့ဖွယ်သာမောရသည်၊ ပျူစော ထီးတည်း။ (မင်းဆက်ရာဇဝင်သာချင်း)။*



mgyoe.com

mgyoe.com

# ပုဂံခေတ် ရာသီဥတုအခြေအနေ

ပုဂံမြို့တော်ကို စတင်တည်ထောင်ခဲ့သူများ သည် သရေခေတ္တရာမြို့ပျက်မှ ထွက်ခွာလာခဲ့ကြ သူများဖြစ်ရာ မုချပင်လျှင် ရေကြည်ရာမြက်နုရာ ကို ရှာဖွေကြမည်မှာ ဓမ္မတာဖြစ်ပေသည်။ မြို့ တော်အဖြစ် မင်းဆက်ပေါင်း ၅၅ ဆက်မျှ၊ နှစ် ပေါင်း ၁၂၀၀ ကျော် မြို့တော်တည်စိုက်ခဲ့သည်မှာ ရာသီဥတုနှင့် မြေသြဇာ ထက်သန်ကောင်းမွန် သောကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ဧရာဝတီမြစ် နှင့် တူးရွှင်းတောင်ခြေအကြား မြေပြန့်သည် မြို့ တော်တည်ခြင်းငှာ လျောက်ပတ်သောနေရာပင် ဖြစ်ပေလိမ့်မည်။

ယခုခေတ်အခါတွင် ပုဂံဒေသသည် မိုးနည်း ပါး၍ ပူပြင်းခြောက်သွေ့နေခဲ့သော်လည်း ရှေး အခါကမူ စိုက်ပျိုးလုပ်ကိုင်နိုင်၍ စည်ပင်သာယာ သောဒေသ ဖြစ်ခဲ့ပေသည်။ ပုဂံမြို့ဒေသတွင် ဘုရားပုထိုး အများအပြား တည်ကြသောကြောင့် အုတ်ဖုတ်ရန် ထင်းခုတ်ကြသဖြင့် အနီးအပါးတွင် သစ်တောပြုန်းတီးရခြင်း၊ ထိုဒေသတွင် ထန်းချက် သောကြောင့် ထင်းအတွက် သစ်ခုတ်ကြရသဖြင့် တောများပြုန်းတီးရခြင်းစသော အကြောင်းတို့ ကြောင့် ရာသီဥတုပြောင်းလဲကာ မိုးနည်းပါးလာ ရသည်ဟုလည်း ဆိုကြလေသည်။

ပုဂံဒေသသည် ရှေးခေတ်ကာလကို မဆိုထား ဘိ အင်္ဂလိပ်များ သိမ်းပိုက်စ ကာလဦးအခါ၌ တူးရွှင်းတောင်ခြေတွင် စမ်းများ တွေ့ရှိရသေးသည့် အကြောင်း၊ ပုဂံဒေသ၌ မည်သည့်နေရာတွင်မဆို ၁၅ တောင်ခန့်တူးလျှင် ရေထွက်ရှိသည့်ပြင် ထို ကာလ၌ပင် ပုဂံတွင် သစ်ကြီးဝါးကြီးများ ရှိသေး ၍၊ စိမ့်စမ်းများရှိခဲ့ရာ၊ ထိုတောတို့ကို ခုတ်ထွင်သ ဖြင့် စိမ့်မြိုင်များ ပျက်စီးရကြောင်း၊ ၁၂ မိုင်မျှရှည် သော တူးရွှင်းတောင်တန်းကို ဖြတ်သန်းစီးဆင်း သည့် ရေလွှတ်ပေါက်များကို ပိတ်ဆည်လျှင်ပင် ရေမိုးမပြတ် တည်ရှိနိုင်ကြောင်းတို့ကို မျက်မြင် ထင်ရှား တွေ့ကြုံခဲ့ရသော ရာဇဝံသာလိနီကျမ်းပြု ဆရာဦးဖေက သူ၏ကျမ်းနိဒါန်းတွင် ဖော်ပြခဲ့လေ သည်။ ပုဂံဒေသတွင် ရှေးက တောမြိုင်စိမ့်စမ်း များရှိ၍၊ မိုးလေဝသ ကောင်းမွန် မှန်ကန်မည်မှာ ကား မလွဲပေ။

ပုဂံမြို့တော်၏မြောက်ဘက်၌ ရွှေချောင်းစီး ဆင်းရာအဝတွင် ဝက်ကြီးအင်းဟု ထင်ရှားသော အရပ်ဒေသတည်ရှိပေသည်။ ရေမိုးစွတ်စိုရာအရပ် ပင်ဖြစ်ဖွယ်ရှိပေသည်။ တောင်ဘက်တွင် ရေအိုး စင်ချောင်း စီးဆင်းပေသည်။ ထိုချောင်းမကြီးနှစ် သွယ်အကြားတွင် မြင်းကပါချောင်းလည်း ရှိ ပေသေးသည်။ ရှေးအခါက ရေမိုးမပြတ်ရှိပေလိမ့် မည်။ ကျန်စစ်သားမင်းကြီး၏ အမိန့်တော်ပြန်

mgyoe.com

တမ်း၊ (မွန်) ကျောက်စာတွင် သိကြားမင်းက မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူသည့်အတိုင်း၊ နတ်မင်းအား ပြောပြလေဟန်ဖြင့် ရေးသားချက်များတွင်–

*အရှင် သီရိတြိဘုဝနာ ဒိတျဓမ္မရာဇာမင်း အုပ်စိုးသောကာလတွင် မှို၊ မျှစ်၊ ပန်း၊ သစ်သီးအများတို့ ပေါများကြကုန်၏။ ဥတုအားလုံးတို့သည်လည်း မိမိတို့ကာလကို မလွန်မြောက်ကုန်။ အားလုံးသော တိုင်းနိုင်ငံကြီးတွင်လည်း မိုးအကြိမ် တစ်ရာ့နှစ်ဆယ်ရွာ၏။ အလုံးစုံသောကာလ စပါးဖြင့် ပြည့်စုံ၏။*

စသည်ဖြင့် ပါရှိရာ၊ ထိုစကားများသည် ဗျာဒိတ်စကားအဖြစ် ရေးထိုးသည်ဖြစ်စေကာမူ၊ ကျန်စစ်မင်းကြီးလက်ထက် အခြေအနေမှာ ဤအတိုင်းဖြစ်၍သာ ဗျာဒိတ်စကား၌ ဤသို့ရေးခြင်း ဖြစ်ဖွယ်ရှိလေသည်။ အကယ်၍ ပုဂံခေတ်အခြေအနေက ခြောက်သွေ့ခေါင်းပါးကာ ဆန့်ကျင်ဘက်ဖြစ်နေလျှင် ပြည်သူပြည်သားတို့သည် ဗျာဒိတ်စကားအားလုံးကိုပင် သံသယရှိကာ မယုံမကြည်ဖြစ်ကြပေမည်။ ထို့ကြောင့် ကျန်စစ်သားမင်းကြီးသည် ပကတိအခြေအနေဖြင့် အနီးကပ်ဆုံးသောစကားဖြင့်သာ ဗျာဒိတ်စကားကို ထည့်သွင်းရေးထိုးမည်ဟု ယူဆရပေသည်။

သို့ဖြစ်သော် ပုဂံတစ်ဝိုက်တွင် မျှစ်၊ ပန်း၊ သစ်သီး ပေါများသော ဝါးတော၊ သစ်တော သို့မဟုတ် စိုက်ခင်းများ ရှိမည်ကိုလည်းကောင်း၊ ရက်ပေါင်း ၁၂၀ ရှိသော မိုးလေးလရာသီ၌ မိုးအကြိမ် ၁၂၀ ရွာသည်ဟုဆိုသဖြင့် ပျမ်းမျှအားဖြင့် တစ်နေ့ တစ်ကြိမ်မျှပင် မိုးရွာမည်ကိုလည်းကောင်း၊ ချင့်ချိန်မှန်းဆနိုင်လေသည်။

အလုံးစုံသောကာလ၌ စပါးနှင့်ပြည့်၏ဟု ဆိုသဖြင့် တစ်နှစ်ပတ်လုံး၊ သီးထပ်စိုက်ပျိုးနိုင်သည်ကိုလည်း ဖော်ပြလေသည်။ ထိုကျောက်စာ၌ပင်

*အရိမဒ္ဒနပူရမြို့၌နေကုန်သော မိန်းမခပ်သိမ်းတို့သည် သူတို့၏အရှင် သီရိတြိဘုဝနာဒိတျဓမ္မရာဇာမင်း၏ အဆင်း စည်းစိမ် ချမ်းသာကို မြင်သောသူတို့သည် ဆိပ်ကမ်းလမ်းမ၊ ရေအိုင်၊ ခရီးလမ်းဆုံတို့၌ ရပ်တည်၍ ဤကဲ့သို့စည်းစိမ်ချမ်းသာတို့သည် ရှေးကောင်းမှုပြုလုပ်ခဲ့ခြင်းကြောင့် ရပေသည်ဟု ...*

စသည်ဖြင့် ပါရှိရာ၊ မိန်းမအများ ရေခပ်ရာ ရေအိုင်သည်လည်း ပုဂံဒေသ၌ရှိကြောင်းကို ဖော်ပြထားပေသည်။ ထိုမှတစ်ပါး ပုဂံဒေသရှိမြေမှာ အလွယ်တကူ ရေတွင်းရေကန် တူးနိုင်လောက်အောင် အောက်ခံရေဝပ်ရှိမည်ဖြစ်ကြောင်းကို သင်လျင်အိုကပ်သင်ချင်၊ ရှင်ပင်ဗောဓိဘုရား ကျောက်စာ၌ ကြောင်းရေ ၇ တွင်

*ရေတွင်းတစ်ခုတူး၏၊ ကန်တူး၏။*

စသည်ဖြင့် ရေးထိုးထားသည်ကို တွေ့ရှိနိုင်လေသည်။ လေးမျက်နှာဘုရားကျောက်စာ ကြောင်းရေ ၂၂–၂၄ တွင်

*အုတ်တိဖွဲ့သော ရေတွင်းလည်းတူး၏။ အုတ်တိဖွဲ့သော လေးထောင့်ကန်လည်း တူး၏။ အရှေ့ဖြင့်ကား ကန်ကြီးလည်း ၂ ဆင့်တူး၏။ ရေဝင်စိမ့်သောငှာ ပြွန်တလားလည်း အတင့်အတယ်ပြု၏။ ရေကန်အပါးဝန်းကျင်ကား ဥယျာဉ်လည်းစိုက်၏။*

စသည်ဖြင့်လည်း ရေထိုးထားလေသည်။ ပုဂံကျောက်စာများတွင် ရေတွင်းရေကန်တူးကြောင်းကို များစွာတွေ့နိုင်လေသည်။ ဤသို့အားဖြင့် ပုဂံဒေသသည် ရေမရှားဘဲ၊ ကောင်းစွာစိုက်ပျိုးနိုင်၍ ရာသီဥတုလည်း ယခုအခါထက် များစွာ သမဖွယ်ရှိလေသည်။ ကျစွာမင်းကြီးလက်ထက်တွင် အမရကန်ကို ပြုပြင်ကြောင်းပါရှိရာ ကျန်စစ်မင်းကြီးတူးဖော်ခဲ့သော မဟာနိဗ္ဗာန်လက်ဆွဲချီရေကန်သည်လည်း ထိုကန်ပင်ဖြစ်ဖွယ်ရှိ၍၊ မြကန်လက်ာ

myoe.com

ကို ဖတ်ရှုပါကလည်း ပုဂံမြို့တော်သည် တာဝတိံသာနတ်ပြည်တမျှ သာယာမည်ကို မှန်းဆနိုင်လေသည်။

ထိုမှတစ်ပါး ပုဂံပြည် နရပတိစည်သူမင်းကြီးလက်ထက် ပေါင်လောင်ရှင်မဟာကဿပသည် သက္ကရာဇ် ၅၆၅ ခုနှစ်တွင် ဗောဓိဝင်ဋီကာကို ရေးသားခဲ့ရာ နိဂုံးတွင် သမ္ဗုဒ္ဓဝတ္တုကာမတ္တာ အစချီသော ပါဠိဂါထာ ၁၄ ပုဒ်ဖြင့် မိမိလက်ထက်တွေ့မြင်ရသော ပုဂံမြို့ကို ဖွဲ့ဆိုဖော်ပြထားခဲ့ပေသေးသည်။ ထိုရေးသားချက်များမှာ မြန်မာဘာသာဖြင့်ကား အောက်ပါအတိုင်း ပါရှိနေပေသည်။

၁။ ဝတ္ထုကာမ လိုအပ်သောအာရုံ ပြည့်စုံသောကြောင့် ပုဏ္ဏကာမပြည် ပုကမ်ဟူသော အမည်ဖြင့် ထင်ရှားသော မွေ့လျော်ဖွယ်လည်းကောင်းသော၊ ပြည်ကြီးအထွတ်အဖျားလည်းဖြစ်သော ပုကာမ်ပြည်။

၂။ ရဲရင့်သော၊ လုံ့လဝီရိယရှိသော ရန်ကိုချေမှုန်းလေ့ရှိသော ပုဂ္ဂိုလ်ထူးတို့နေရာဖြစ်သောကြောင့် အရိမဒ္ဒနမည်သော ပုကာမ်ပြည်။

၃။ ယင်းပုကာမ်ပြည်ကား အမည်ကိုကြားရုံမျှဖြင့် ရန်သူတကာတို့ ကြောက်ရွံ့ခြင်းကို ဖြစ်စေနိုင်၏။ ပြည်တွင်းပြည်ပ ဘေးရန်လည်းကွာ၏။ ထာဝစဉ်လည်း ငြိမ်းချမ်း၏၊ အထည်အဝတ် အဆင်တန်ဆာတို့ဖြင့်လည်း ထွန်းလင်း၏။

၄။ အလုံးစုံသောအာရုံတို့ဖြင့် ပြည့်ဝသော ထိုမြို့ကို အခွန်အတုတ်ဥစ္စာတို့ ပေါ်ထွက်ရာ နတ်ပြည်မှကျလာသော မြို့ကြီးဟူ၍ သိအပ်၏။

၅။ ယင်းပုကာမ်ပြည်ကြီးကား ဗုဒ္ဓဘာသာဝင်ရှင်ရဟန်းတို့၏ သက်န်းရောင် တပြောင်ပြောင် ထွန်းပ၏။ ကုသိုလ်ကောင်းမှု ပြုလိုသူတို့၏ နေရာလည်းဖြစ်၏။ သူတော်ကောင်းတရားကို နာကြားသင်ယူရာလည်းဖြစ်၏။ လူမျိုးတကာ စုံလင်လှ၏။

၆။ ရွှေအထွတ်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ဂူပုထိုးများ၊ ချွန်ထက်သော အဖျားရှိသည့် ရဟန်းကျောင်းများ၊ သောမနတ်ဂူများလည်း တင့်တယ်လှစွာ၏။

၇။ ပန်းချီဆေးရေးတို့ဖြင့် တန်ဆာဆင်အပ်သော ဆန်းကြယ်သော တံခါးများလည်းရှိ၏။ ခိုင်ခံ့သော မြို့ရိုးတံတိုင်းများလည်း ရှိ၏။ ဇမ္ဗူဒီပါကျွန်းအလုံးတွင် တုနှိုင်းဖက်ပြိုင်စရာမရှိသော ပြာသာဒ်အဆောက်အဦတို့နှင့်လည်း မွမ်းမံထား၏။

၈။ ခိုင်ခံ့သော မြို့ရိုးကဲ့သို့ မြင့်မားသောတောင်တို့ဖြင့်လည်း ဝန်းရံထားအပ်၏။ ပကတိမြို့ရိုး၊ သဘာဝမြို့ရိုး ၂ ခုမျှနှင့်သာ ဝန်းရံထားသော်လည်း သူတော်ကောင်းတရားတည်းဟူသော မြို့ရိုးကြီးကြောင့် ဘေးရန်မခ ခိုင်လုံလှ၏။

၉။ ပုကာမ်ပြည်အပါး ကျဆင်းသော မြစ်ချောင်းတို့မှာလည်း၊ မတိမ်မကော ပြန့်ပြောကျယ်ဝန်းလှသည့်ပြင် ရေလည်း ချိုမြိန်လှ၏။ ဆိပ်ကမ်းလည်း သာယာ၍ ရေချိုး ရေခပ်ကုန်သော ယောကျ်ားမိန်းမတို့ဖြင့် ပြည့်၏။

၁၀။ နိုင်ငံတစ်ဝန်းလုံးရှိ ရွာနိဂုံးဇနပုဒ်တို့သည် ရေမြေသြဇာကောင်းလှ၏။

၁၁။ လယ်၊ ယာ၊ မြစ်၊ ကန်၊ ဥယျာဉ်တို့မှ ပေါ်ထွက်သော ပစ္စည်းတို့ဖြင့် ပြည့်စုံ၏။

၁၂။ ပုကာမ်ပြည်သည် ဆူးကင်းမဲ့သော ချုံပုတ်၊ ပေါင်းမြက်ကင်းသော အရံဥယျာဉ်တို့ဖြင့် တင့်တယ်၏။ ကျက်သရေစုဝေးရာလည်းဖြစ်၏။ ကုံလုံပြည့်ဝ၏။ အရပ်တစ်ပါးအတိုင်းတိုင်းအပြည်ပြည်မှ ဥစ္စာထုပ်တို့ကို ဖွင့်ထုတ်ရာဌာနလည်းဖြစ်၏။

၁၃။ တန်ခိုးကြီးသော မင်းအဆက်ဆက်၊ ပညာရှိအဆက်ဆက်၊ လူစွမ်းကောင်း အဆက်

myoe.com

ဆက်၊ အသိဉာဏ်ရှိသော သုခမိန်အဆက်ဆက် ပေါ်ထွန်းရာလည်းဖြစ်၏။

၁၄။ သီရိတြိဘုဝနဒိတျဓမ္မရာဇာမည်သော (နရပတိစည်သူ) မင်းကြီး၏ ဘုန်းတော်ကြောင့် ပေါ်လာသော ဆင်ဖြူတော်များစွာတို့ဖြင့် တင့်တယ်သော မြို့တော်ကြီးကား ပြည်တွင်ပြည်မြတ်ဖြစ်သော ပုကာမ်မြို့တော်ကြီးပင်တည်း။

ဤနိဂုံးမြို့ဘွဲ့တွင် ထိုက်သင့်သမျှဖွဲ့ချီး၍ စီကုံးမည်ဖြစ်စေကာမူ အချက်အလက်တို့သည် မှန်ကန်ဖွယ်ရာရှိပေသည်။

ထို့ကြောင့် ပုဂံခေတ်အခါက ပုဂံဒေသသည် ယခုကဲ့သို့ခြောက်သွေ့ခြင်းမရှိ၊ သာယာစိုပြေပေလိမ့်မည်။ လယ်ယာလှုသော ကျောက်စာများကို ထောက်၍ လယ်ယာလုပ်ငန်းတို့သည်လည်းကောင်း၊ စပါးစိုက်ပျိုးခြင်းသည်လည်းကောင်း၊ ကောင်းစွာ ဖြစ်ထွန်းအောင်မြင်ကြောင်း သိရှိနိုင်ပေသည်။

ပုဂံမြို့တစ်ဝိုက်တွင် ကြီးမားသော တောကြီးများရှိ၍ မင်းတုန်းမင်းလက်ထက်အထိပင် တောဆင်များရှိနေသေး၍ ပုဂံမြို့ ကျေးကျောက်အိုးတောမှ မင်္ဂလာဆင် ၄ စီး၊ အောက်မားတော်များနှင့် အောက်ငင်ခဲ့သော အစွယ်ပြင်ပေါ် တစ်တောင်တစ်မိုက်ရှိဆင်ကို ကျုံးတော်သို့ သွင်းကြောင်း စာတမ်းအမှတ်အသားရှိကြောင်း မြန်မာမင်းများလက်ထက် သဘော်တော်များသွားလာရာ ပုဂံဆိပ်ကမ်းမှ ထင်းတင်ပေးရကြောင်း၊ ပုဂံဒေသတွင် သံဖိုကန့်ဖိုများရှိ၍ ထင်းအသုံးများကြောင်းတို့ကို ပုဂံပြည်အတ္ထုပ္ပတ္တိစာတမ်းအကျယ်တွင် ၁၂၆၅ ခုနှစ်က ပုဂံဝန်ထောက်ဦးတင်က ရေးသားဖော်ပြထားလေသည်။ ။

mgyoe.com

mgyoe.com

# ပုဂံမင်းဆက်

ပုဂံမြို့တော်တွင် ထီးနန်းစိုက်၍ အုပ်ချုပ်ခဲ့သော မင်း ၅၅ ပါး၏ နန်းတက်နှစ်၊ နန်းကျနှစ်၊ နန်းစံနှစ်တို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။ (သက္ကရာဇ်များမှာ မဟာရာဇဝင်ကြီး (ဦးကုလား)၊ မှန်နန်းမဟာရာဇဝင်နှင့် ဇာတာတော်ပုံရာဇဝင်များအနက်၊ ဇာတာတော်ပုံရာဇဝင်ကို မှူတည်၍ ဖော်ပြလိုက်ပေသည်။ ရာဇဝင်တစ်စောင်နှင့်တစ်စောင်မှာ သက္ကရာဇ်ကွဲလွဲသည်ဖြစ်ရာ၊ အနော်ရထာနန်းတက်နှစ်ကို ကျောက်စာ (ရာဇကုမာ ကျောက်စာ) နှင့်အညီ ဖော်ပြသော ဇာတာတော်ပုံရာဇဝင်သက္ကရာဇ်ကို အခြေပြု၍ ဖော်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။

| ပထမပုဂံ | နန်းတက် | နန်းကျ | စည်းစိမ် |
|---|---|---|---|
| သမ္ဘုဒ္ဓရာဇ် (သမုတိရာဇ်) (သက္ကရာဇ်တို့) | ၂ | ၄၇ | ၄၅ |
| ရသေ့ကြောင် | ၄၇ | ၆၂ | ၁၅ |
| ပျူစောထီး | ၆၂ | ၁၄၄ | ၈၂ |
| ထီးမင်းယဉ် | ၁၄၄ | ၁၇၁ | ၂၇ |
| ယဉ်မင်းပိုက် | ၁၇၁ | ၂၅၆ | ၈၅ |
| ပိုက်သေလည် | ၂၅၆ | ၂၉၃ | ၃၇ |

| ဒုတိယပုဂံ | နန်းတက် | နန်းကျ | စည်းစိမ် |
|---|---|---|---|
| သေလည်ကြောင် | ၂၉၃ | ၃၃၇ | ၄၄ |
| ကြောင်တူရစ် | ၃၃၇ | ၃၆၂ | ၂၅ |
| သည်ထိန် | ၃၆၂ | ၃၉၉ | ၃၇ |
| သူရဲမုကွမန်နှင့် သူရဲရကွမန် | ၃၉၉ | ၄၁၄ | ၁၅ |
| သာရမွန်များ | ၄၁၄ | ၄၃၆ | ၂၂ |

| တတိယပုဂံ | | | |
|---|---|---|---|
| သိုက်တိုင် | ၄၃၆ | ၄၄၃ | ၇ |
| သေလည်ကြောင် | ၄၄၃ | ၄၅၂ | ၉ |
| သေလည်ပိုက် | ၄၅၂ | ၄၅၇ | ၅ |
| ခန်းလောင်း | ၄၅၇ | ၄၆၇ | ၁၀ |
| ခန်းလတ် | ၄၆၇ | ၄၇၉ | ၁၂ |
| ထွန်တိုက် | ၄၇၉ | ၄၉၂ | ၁၃ |
| ထွန်ပစ် | ၄၉၂ | ၅၀၈ | ၁၆ |
| ထွန်ချစ် | ၅၀၈ | ၅၃၅ | ၂၇ |
| သဃ်ရာဇ် (ပုပ္ပားစောရဟန်း) | ၅၃၅ | *၂ | ၂၇ |
| ရွှေအုန်းသီး | ၂ | ၁၄ | ၁၂ |
| ပိတ်သုံ | ၁၄ | ၂၂ | ၈ |
| ပိတ်တောင်း | ၂၂ | ၇၂ | ၅၀ |
| မင်းခွေး | ၇၂ | ၇၈ | ၆ |
| မြင်းကျွေး | ၇၈ | ၈၈ | ၁၀ |
| သိဃ် | ၈၈ | ၉၆ | ၈ |
| သိမ်းခွန် | ၉၆ | ၁၀၆ | ၁၀ |

| ဒုတိယပုဂံ | နန်းတက် | နန်းကျ | စည်းစိမ် |
|---|---|---|---|
| ရွှေလောင်း | ၁၀၆ | ၁၁၅ | ၉ |

* ပုပ္ပားစောရဟန်မင်းလက်ထက်တွင် ၅၆၂ ခုနှစ်တွင် အကြွင်း ၂ နှစ်ချန်၍ ၅၆၀ နှစ် ဖြိုသည်။

mgyoe.com

mgyoe.com

| | | | |
|---|---|---|---|
| ထွန်တွင်း | ၁၁၅ | ၁၂၄ | ၉ |
| ရွှေမှောက် | ၁၂၄ | ၁၄၇ | ၂၃ |
| ထွန်လွတ် | ၁၄၇ | ၁၆၄ | ၁၇ |
| စောခင်နစ် | ၁၆၄ | ၁၉၁ | ၂၇ |
| ခဲလူး | ၁၉၁ | ၂၀၈ | ၁၇ |
| | | | |
| **စတုတ္ထပုဂံ** | | | |
| ပျဉ်ပြားမင်း | ၂၀၈ | ၂၃၈ | ၃၀ |
| တန်နက် | ၂၃၈ | ၂၆၆ | ၂၈ |
| စလေငခွေး | ၂၆၆ | ၂၉၆ | ၃၀ |
| သိန်းခို | ၂၉၆ | ၃၁၈ | ၂၂ |
| တောင်သူကြီးမင်း | ၃၁၈ | ၃၆၃ | ၄၅ |
| ကြောင်းဖြူ | ၃၆၃ | ၃၈၃ | ၂၀ |
| ကျည်စိုး | ၃၈၃ | ၄၀၀ | ၁၇ |
| စုက္ကတေး | ၄၀၀ | ၄၀၆ | ၆ |
| အနော်ရထာ | ၄၀၆ | ၄၃၉ | ၃၃ |
| စောလူး | ၄၃၉ | ၄၄၆ | ၇ |
| ကျန်စစ်သား | ၄၄၆ | ၄၇၃ | ၂၇ |
| အလောင်းစည်သူ | ၄၇၃ | ၅၂၉ | ၅၆ |
| ကုလားကျ (နရသူ) | ၅၂၉ | ၅၃၂ | ၃ |
| နရသိင်္ခ | ၅၃၂ | ၅၃၅ | ၃ |
| နရပတိ | ၅၃၅ | ၅၇၂ | ၃၇ |
| *ဇေယျသိင်္ခ(နားတောင်းများ) | ၅၇၂ | ၅၉၆ | ၂၄ |
| ကျစွာ | ၅၉၆ | ၆၁၁ | ၁၅ |
| ဥဇနာ | ၆၁၁ | ၆၁၆ | ၅ |
| နရသီဟပတေ့ (တရုတ်ပြေး) | ၆၁၆ | ၆၄၉ | ၃၃ |
| ကျော်စွာ | ၆၄၉ | ၆၆၂ | ၁၃ |
| စောနစ် | ၆၆၂ | ၆၉၃ | ၃၁ |
| စောမွန်နစ် | ၆၉၃ | ၇၃၀ | ၃၇ |

ပါမောက္ခ ဂျီအိပ်ချ်လုစ်က ကျောက်စာတွင်ပါသော မင်းအမည်များကို ထုတ်နုတ်၍ ခရစ်နှစ်ဖြင့် ပုဂံမင်းဆက်ကို ပြဆိုထားရာ–

အနုရုဒ္ဓါ (အနော်ရထာ) ၁၀၄၄–၁၀၇၇။

မင်းလုလင်(စောလူး) ၁၀၇၇–၁၀၈၄။

ထီးလှိုင်မင်း (ကျန်စစ်သား) (၁၀၈၄–၁၁၁၃)။

စည်သူပထမ(အလောင်းစည်သူ)(၁၁၁၃–၁၁၆၅)။

အိမ်တော်ရှင် (နရသူ) (၁၁၆၅–၁၁၇၄)။

စည်သူဒုတိယ (နရပတိစည်သူ)(၁၁၇၄–၁၂၁၁)။

နားတောင်းများ (၁၂၁၁–၁၂၃၁)။

နရသီဟဥဇနာ (၁၂၃၁–၁၂၃၅)။

ကျစွာ (၁၂၃၅–၁၂၄၉)။

မင်းယဉ် (–၁၂၅၆)။

တရုတ်ပြေး (၁၂၅၆–၁၂၈၇)။

ဟူ၍ဖြစ်လေသည်။

နရပတိမင်းတစ်ပါး ပျောက်နေ၍ ဥဇနာနှင့် သီဟပတေ့ကြားတွင် (ဥဇနာ၏သား) မင်းယဉ်ဟု ပြထားသည်။ သက်စိုးတောင်ကျောက်စာတွင် မည်သည့်နှစ် မည်သည့်မင်း တက်သည်ဟု မဆိုချေ။ မည်သည့်မင်းလက်ထက် မြေခွန်လွတ်ကြောင်း၊ မင်းအမည်ဖော်ပြရုံမျှသာဖြစ်၍ ထိုအမည်အစဉ်အတိုင်း နန်းစံသည်ဟု တထစ်ချမဆိုနိုင်ပေ။ မင်းအမည်ဖတ်ရာ၌လည်း ကျောက်စာမိုန်ပျက်သောကြောင့် အမှားအယွင်း ရှိနိုင်ပေသည်။ ပါမောက္ခလုစ်၏ ရာဇဝင်ပြင်ဆင်ချက်ကား ယုတ္တိမတန်ချေ။ ။

---

* ဇေယျသိင်္ခနန်းတက်နှစ်မှာ ဇေယျပွတ်ကျောက်စာအရ ၅၇၃ ခုနှစ် ဖြစ်သည်ဟူ၍လည်းကောင်း၊ ကျစွာမင်း၏ နန်းတက်နှစ်မှာ ခဲတောင်ကြီးကျောင်း ကျောက်စာအရ ၅၉၆ ခုနှစ်ပင် ဖြစ်သည်ဟူ၍လည်းကောင်း၊ စောနစ်မင်း နန်းတက်နှစ်မှာ ဖွားစောကျောင်းကျောက်စာအရ ၆၆၂ ခုနှစ်ပင် ဖြစ်သည်ဟူ၍လည်းကောင်း မှန်နန်းရာဇဝင်၌ဖော်ပြသည်။ ဇာတာတော်ပုံရာဇဝင်လာ သက္ကရာဇ်များမှာ အတော်ပင် စိတ်ချရလောက်ကြောင်း သိသာပေသည်။

mgyoe.com

mgyoe.com

# ပုဂံခေတ်ရာဇဝင်

ပုဂံခေတ်အကြောင်းကို လေ့လာရာတွင် ပုဂံမင်းများ၏ရာဇဝင်အကျဉ်းကိုပါ ပေါင်းခြုံလေ့လာထားရန်လိုပေသည်။ "ပုဂံရာဇဝင်ကို တုတ်ထမ်း၍ ရှင်းရသည်" ဟု ဆိုရသော်လည်း ငြင်းခုံဖွယ် အကြောင်းအရာများမှာ အလွန်အမင်း များပြားလှသည်မဟုတ်ပေ။ ရာဇဝင်သမိုင်းတို့မှာ ရှေးအခါက တစ်ဆင့်မှတစ်ဆင့် မှတ်သားခဲ့ကြသည်သာများ၍ ဗဟုသုတ စုဆောင်းသူတို့က အထိုက်အသင့် ရေးမှတ်ထားသည်လည်း ရှိတတ်ပေ သည်။ ရာဇဝင်တစ်စောင်တစ်ဖွဲ့ဖြစ်အောင် ပေါင်းစု၍ ရေးသားခြင်းမျိုးကား ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့ရောက်မှ ဆောင်ရွက်နိုင်ခဲ့ကြသည်ဖြစ်ရာ ရှေးအခါက ရာဇဝင်ကြောင်းကို ပြန်လည်ရေးသားရာ၌ ဒဏ္ဍာရီဆန်သော အကြောင်းအရာများ၊ မတိကျသောအချက်များ၊ ဝိုးတဝါးသော အကြောင်းအရာများလည်း ပါရှိမည်သာ ဖြစ်ပေသည်။

ပုဂံရာဇဝင်ကို သရေခေတ္တရာအပျက်တွင် စ၍ ချီရမည်ဖြစ်ရာ ပုဂံခေတ်နှင့်ပတ်သက်၍ မျက်မြင်လက်တွေ့ ကျောက်စာအထောက်အထားများမှာကား အနော်ရထာမင်းခေတ်လောက်တွင်သာ စတင်တွေ့ရှိရသဖြင့် ယင်းအထက်ကာလ အကြောင်းအရာများအတွက် ကျောက်စာအထောက်အထားကား ရှိမည်မဟုတ်။ စင်စစ်သော်ကား ကျောက်စာရှိပြီးဖြစ်သော အနော်ရထာ၏ နောက်ပိုင်းခေတ်ရာဇဝင် သို့မဟုတ် သမိုင်းသည်ပင် ကျောက်စာများတွင် တွေ့ရှိရသမျှနှင့် ပြည့်စုံလုံလောက်သည်ကား မဟုတ်ပေ။ အစဉ်အဆက်ရေးခဲ့သော ရာဇဝင်အစောင်စောင်တို့တွင် ကျောက်စာ၌ မပါသော အကြောင်းအရာဖြစ်ပါက အမှန်အကန်မဟုတ်နိုင်ဟူ၍ ပယ်ဖွန့်မည်ဆိုပါက ရာဇဝင်၏ ဆယ်ပုံတစ်ပုံမျှသော အကြောင်းအရာတို့ပင် ကျန်ရှိရန်မလွယ်ပေ။ ကျောက်စာ၏ မူလရည်ရွယ်ချက်သည် ရာဇဝင်သမိုင်းအဖြစ် ကြွင်းကျန်လေအောင် အပြည့်အဝ မော်ကွန်းတင်ခဲ့ခြင်း မဟုတ်ပေ။ အချို့အချို့သော အကြောင်းအရာတို့တွင်သာလျှင် ခိုင်မာအောင် ကျောက်စာတွေ့ရှိချက်နှင့် ညှိနှိုင်းကြရပေသည်။ ထို့ကြောင့် ကျောက်စာတွင် မပါလေသမျှ မယုံကြည်၊ လက်မခံနိုင်ဟူ၍ လှေနံဓားထစ်မှတ်ယူမည်ဆိုပါက တစ်ဖက်အစွန်းသို့ ရောက်မည်ဖြစ်လေသည်။ မြန်မာ့သမိုင်းတွင်–

ပုဂံရာဇဝင်ပါဠိ။ ပုဂံရှင်ဝဇီရရေး (လက်ရေးမူ ၂၂ ကြောင်းရေး စာမျက်နှာ ၁ မှ ၁၃၃)

ပုဂံရာဇဝံသပါဠိ။ ငှက်ပစ်တောင် ပထမ ရှင်ဂေါဓာဝရ။

ပုဂံရာဇဝင်ကျပ်။ ရေးသူမသိ (လက်ရေးမူ ၂၄ ကြောင်းရေး စာမျက်နှာ ၁ မှ ၁၈။)

mgyoe.com

ဟူ၍ တွေ့ရှိရပေသည်။ အင်းဝခေတ်ရေး ရှင်တေဇောသာရ၏ မင်းဆက်ရာဇဝင်အကျဉ်း၊ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်တို့တွင် ပုဂံရာဇဝင်အကျဉ်းမျှသာဖော်ပြခဲ့၍ ညောင်ရမ်းခေတ်၊ ဦးကုလား၏ရာဇဝင်၌သာ ပုဂံရာဇဝင်ကို အတော်အတန် ပြည့်စုံစွာဖော်ပြခဲ့လေသည်။ ထိုရာဇဝင်ကို အခြေခံကာ မှန်နန်းရာဇဝင်ဟူ၍ ပြန်လည်ပြုစုရာ၌ကား ပုဂံရာဇဝင်ကို ကျောက်စာများနှင့် ထိုက်သင့်သမျှ တိုက်ဆိုင်ခဲ့ပေသည်။ ဦးကုလားသည် မိမိရာဇဝင်၌ ပုဂံခေတ်ရာဇဝင်ကို ရေးရာတွင် ထိုအခါက စုဆောင်းရရှိသမျှသော ပုဂံရာဇဝင် သမိုင်းမှတ်စု မှတ်တမ်းအများအပြားကို အခြေခံမည်ကား မလွဲပေ။

ရာဇဝင်တွင်ပါသော အချက်အလက်များသည် ချဲ့ထွင်ထားချက်များ၊ မှန်းဆချက်များ၊ တစ်ဆင့်ကြားစကားများ၊ ယုံတမ်းသဖွယ် အကြောင်းအရာများ ရောယှက်ပါဝင်ကောင်း ပါဝင်ပေမည်။ သို့ရာတွင် ယုတ္တိကို ဆင်ခြင်၍ယူသင့်သော အချက်များကိုကား လက်ခံရန် လိုအပ်ပေသည်။ ရာဇဝင်များတွင် အမှန်အကန်ဖြစ်ပျက်သော အကြောင်းအရာများ ပါရှိသည်ကို ငြင်းကွယ်ရန် မလိုပေ။ အနော်ရထာမတိုင်မီ ပုဂံမင်းများနှင့်ပတ်သက်၍ ရေးသားချက်များသည် စိတ်ကူးယဉ် လုပ်ကြံရေးသားချက်များဖြစ်သည်ဟူ၍ကား မယူဆသာပေ။

ထို့ကြောင့် ရာဇဝင်ကြောင်းနှင့်ပတ်သက်သော အကြောင်းအရာတို့ကို ပေါ်ပေါက်ခဲ့ပြီးသော ရာဇဝင်ကျမ်းများကိုပင် မှီငြမ်းပြု၍ အကျဉ်းအားဖြင့် ဖော်ပြထားပေသည်။

### ၁။ သမုတိရာဇ်မင်း (၃–၄၇)

သရေခေတ္တရာ သုပညာနဂရဆိန္နမင်း၏ တူတော်သည် သရေခေတ္တရာမှ ရွှေ့ပြောင်းနေထိုင်သူများကို ယုန်လွှတ်ကျွန်း၌ စုရုံး၍ မြို့ရွာတည်ထောင်ကာ သမုတိရာဇ်မင်း အမည်ခံ၍ အုပ်ချုပ်ခဲ့လေသည်။

### ၂။ ရသေ့ကြောင်မင်း (၄၇–၆၂)

သမုတိရာဇ်မင်း၏သမီးတော် သီရိစန္ဒာဒေဝီနှင့်စုံဖက်သော ပျူစောထီးသည် စွမ်းအင်သတ္တိရှိ၍ ရန်သူများကို ကာကွယ်နှိမ်နင်းနိုင်သဖြင့် ထင်ရှားလေသည်။ မင်းကြီးအနိစ္စရောက်သော် ထိုမင်းသားငယ် ဆရာရသေ့အား ထီးနန်းစံစေသဖြင့် ရသေ့က လူဝတ်လဲကာ နန်းတက်နေသည်။

### ၃။ ပျူစောထီးမင်း (၆၂–၁၄၄)

ရသေ့ကြောင်မင်းသည် ၁၅ နှစ် နန်းစံ၍ အနိစ္စရောက်သဖြင့် ပျူစောထီးက ထီးနန်းဆက်ခံလေသည်။ နန်းစံ ၂၂ နှစ်မြောက် ၁၁၁ ခုနှစ် တန်ခူးလဆန်း ၆ ရက်နေ့တွင် အရိမဒ္ဒနပူရအမည်ဖြင့် ပုဂံမြို့သစ်ကို တည်လေသည်။

### ၄။ ထီးမင်းယဉ် (၁၄၄–၁၇၁)

ပျူစောထီး၏မိဖုရား စန္ဒာဒေဝီမှဖွားသော ထီးမင်းယဉ်သည် နန်းမွေဆက်ခံလေသည်။ ထိုမင်းနန်းစံ ၃၅ နှစ်တွင် သီဟိုဠ်ကျွန်း၌ မဟာသေနမင်း အနိစ္စရောက်လေသည်။

### ၅။ မင်းယဉ်ပိုက် (၁၇၁–၂၅၆)

ထီးမင်းယဉ်၏သားတော် မင်းယဉ်ပိုက်က နန်းမွေဆက်ခံအုပ်စိုးလေသည်။ ထူးခြားသော အဖြစ်အပျက် မထင်ရှားချေ။

### ၆။ ပိုက်သေလည် (၂၅၆–၂၉၃)

မင်းယဉ်ပိုက်၏သားတော် ပိုက်သေလည်သည် နန်းမွေဆက်ခံ အုပ်စိုးလေသည်။

### ၇။ သေလည်ကြောင်မင်း (၂၉၃–၃၃၇)

ပိုက်သေလည်၏သားတော် သေလည်

mgyoe.com

ကြောင်မင်းက နန်းမွေဆက်ခံ၍ လောကနန္ဒာ အရပ်၌ သီရိပစ္စယာမြို့သစ်ကို တည်လေသည်။ တကောင်းမှပျောလာသော စကားတုံးကို နတ်ရုပ်ထု၍ ပုပ္ပားတောင်သို့ပို့ကာ ကိုးကွယ်ပသစေသည်။ ရှင်ဗုဒ္ဓဃောသသည် ထိုမင်းလက်ထက်တွင် သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်ကို မာဂဓဘာသာပြန်ဆို၍ သထုံသို့ပင့်ဆောင်လေသည်။

## ၈။ ကြောင်တူရစ်မင်း (၃၃၇–၃၆၂)

သေလည်ကြောင်မင်း၏ သားတော်သည် နန်းမွေဆက်ခံလေသည်။ ပြူစောထီးမင်းမှစ၍ မင်း ၅ ဆက်တို့သည် ခမည်းတော်အမည်အဆုံး အက္ခရာပုဒ်ကို အစပြု၍ အမည်ခံကြလေသည်။ မဟာဝင်၌ အချို့သောမင်းတို့သည် ထိုနည်း အမည်ဆက်ခံသည်ကို တွေ့ရှိနိုင်လေသည်။

## ၉။ သည်တန်မင်း (၃၆၂–၃၉၉)

ကြောင်တူရစ်မင်း၏သားတော်သည် ထီးနန်းဆက်ခံအုပ်ချုပ်လေသည်။

## ၁၀။ သူရဲမင်း (၃၉၉–၄၁၃)

မင်းရိုးမဟုတ်သော အမတ်သုံးယောက် နန်းလုကြ၍ အမတ်မုက္ခမန် ၃ လ နန်းစံလေသည်။ ထို့နောက် သူရဲအမတ်က တိုက်ခိုက်သိမ်းယူ၍ နန်းစံလေသည်။ ညောင်ဦးကမ်းပါး ပြိုလေသည်။ ထိုမင်း၏ သမီးတော် လှမြတ်စွာကို ရခိုင်စူဠတဠ္ဍရာမင်းနှင့် ထိမ်းမြားလေသည်။

## ၁၁။ သာရဖွန်မင်း (၄၁၄–၄၃၆)

သည်တန်မင်း၏မြေးတော်ကို ပုန်းအောင်းရာမှ ယူဆောင်၍ အမတ်တို့က နန်းတင်လေသည်။

## ၁၂။ သိုက်တိုင်မင်း (၄၃၆–၄၄၃)

သာရဖွန်မင်း၏သားတော် သိုက်တိုင်မင်းသည် ထီးနန်းဆက်ခံလေသည်။ သစ်မထီးအရပ်တွင် တမ္ဗဝတီအမည်ဖြင့် မြို့သစ်တည်လေသည်။ အရည်းရဟန်းတို့ အယူဝါဒထွန်းကားလေသည်။

## ၁၃။ သေလည်ကြောင်ငယ်မင်း (၄၄၃–၄၅၂)

သိုက်တိုင်မင်း၏သားတော် သေလည်ကြောင်ငယ် ထီးနန်းဆက်ခံလေသည်။

## ၁၄။ သေလည်ပိုက်မင်း (၄၅၂–၄၅၇)

သေလည်ကြောင်မင်း၏ညီတော် သေလည်ပိုက်သည် ထီးနန်းဆက်ခံလေသည်။ သားတော်အစဉ် မင်းပြုရာမှ ညီတော်ထီးနန်းဆက်ခံသည်ကို တွေ့ရလေသည်။

## ၁၅။ ခန်းလောင်းမင်း (၄၅၇–၄၆၇)

သေလည်ပိုက်မင်း၏ညီတော် ထီးနန်းဆက်ခံလေသည်။

## ၁၆။ ခန်းလတ်မင်း (၄၆၇–၄၇၉)

ခန်းလောင်းမင်း၏ညီတော် ခန်းလတ်မင်းသည် ထီးနန်းဆက်ခံလေသည်။ သိုက်တိုင်မင်းမှစ၍ ညီနောင်လေးပါး အစဉ်အတိုင်း မင်းပြုသည်ကို တွေ့ရလေသည်။

## ၁၇။ ထွန်တိုက်မင်း (၄၇၉–၄၉၂)

ခန်းလတ်မင်း၏သားတော် ထွန်တိုက်မင်းသည် ထီးနန်းဆက်ခံလေသည်။ ထိုမင်းမှစ၍ ထွန်အစချီအမည်များဖြင့် ထင်ရှားသော မင်း ၃ ပါး အစဉ်အတိုင်း နန်းတက်သည်ကို တွေ့ရလေသည်။ ထိုမင်းသည် လယ်ထွန်မင်္ဂလာဆင်းရာ ထွန်တိုက်၍ အနိစ္စရောက်လေသည်။

mgyoe.com

**၁၈။ ထွန့်ပစ်မင်း (၄၉၂–၅၀၈)**

ထွန့်ပစ်မင်း၏သားတော် ထီးနန်းဆက်ခံလေသည်။ လယ်ထွန်မင်္ဂလာကို ပစ်ပယ်လေသောကြောင့် ထွန့်ပစ်မင်းတွင်ဟန် တူလေသည်။

**၁၉။ ထွန့်ချစ်မင်း (၅၀၈–၅၃၅)**

ထွန့်ပစ်မင်း၏သားတော် ထွန့်ချစ်မင်း နန်းတက်လေသည်။ လယ်ထွန်မှုကို မြတ်နိုးဟန်ရှိလေသည်။

**၂၀။ ပုပ္ပားစောရဟန်းမင်း (၅၃၅–၂)**

မိဖုရား၏ဆရာတော် သဃ်ရာဇာက မင်းပြုလေသည်။ မဟာယာနထေရ် အရည်းဖြစ်ဖွယ်ရှိသည်။ ပိဋကတ်ဗေဒင်လည်း ကျွမ်းကျင်တတ်မြောက်သည်။ ထွန့်ချစ်မင်း၏သားတော် ရွှေအုန်းသီးမင်းသားမှာ ထီးနန်းလက်လွတ်၍ ပလင်းအရပ်၌ သူရူးဟန်ဆောင်၍နေရာ သဃ်ရာဇာမင်းက သမီးတော်နှင့် လက်ထပ်၍ အိမ်ရှေ့ပေးသည်။ နန်းစံ ၂၇ နှစ်တွင် နှစ်ပေါင်း ၅၆၀ ကို ဖြုံ၍ သက္ကရာဇ်ကို ၂ နှစ်မှ စတင်ရေတွက်လေသည်။ ပုပ္ပားရဟန်းမင်းဟု ထင်ရှားလေသည်။

**၂၁။ ရွှေအုန်းသီးမင်း (၂–၁၄)**

နန်းရိုးဖြစ်သော ရွှေအုန်းသီးမင်း ထီးနန်းဆက်ခံလေသည်။

**၂၂။ ပိတ်သုံမင်း (၁၄–၂၂)**

ရွှေအုန်းသီးမင်း၏ ညီတော် ပိတ်သုံမင်းက ထီးနန်းဆက်ခံအုပ်စိုးလေသည်။

**၂၃။ ပိတ်တောင်မင်း (၂၂– ၇၂)**

ပိတ်သုံမင်း၏သားတော် ပိတ်တောင်မင်း ထီးနန်းဆက်ခံလေသည်။

**၂၄။ မင်းခွေးမင်း (၇၂–၇၈)**

ပိတ်တောင်မင်း၏ညီတော် ငခွေးမင်းက ထီးနန်းဆက်ခံလေသည်။

**၂၅။ မြင်းကျွေးမင်း (၇၈–၈၈)**

ပိတ်တောင်မင်း၏အပါးတွင် ခစားသော ကုက္ကိုတောင်ပရွာ သူကြွယ်၏သား မြင်းစံသည် မင်းကိုလုပ်ကြံ၍ နန်းတက်လေသည်။

**၂၆။ သိန်ခ်မင်း (၈၈–၉၆)**

မြင်းကျွေးမင်းအနိစ္စရောက်လျှင် ပိတ်တောင်မင်း၏ မျိုးရိုးမင်းသားကို မှူးမတ်တို့က နန်းတင်သည်။ ထိုခေတ်လူများသည် အရိုးအစဉ် မင်းမျိုးကိုသာ ကြည်ညိုလေးစားရင်း ရှိဟန်တူသည်။

**၂၇။ သိန်းခွန်မင်း (၉၆–၁၀၆)**

သိန်ခ်မင်း၏ သားနှစ်ပါးအနက် နောင်တော် သိန်းခွန်မင်းသားက ထီးနန်းကို ရလေသည်။ ညီတော်ကား စလေသို့ ထွက်ပြေးတိမ်းရှောင်ရလေသည်။

**၂၈။ ရွှေလောင်းမင်း (၁၀၆–၁၁၅)**

သိန်းခွန်မင်း၏သားတော် ရွှေလောင်းမင်းသည် ထီးနန်းကို ဆက်ခံရရှိလေသည်။

**၂၉။ ထွန်တွင်းမင်း (၁၁၅–၁၂၄)**

ရွှေလောင်းမင်း၏သားတော် ထွန်တွင်းမင်း ထီးနန်းဆက်ခံလေသည်။ ထိုမင်းသည် တောကစားရာ မြင်းပေါ်မှကျ၍ ရှားညှောင့်စူးကာ အနိစ္စရောက်လေသည်။

mgyoe.com

mgyoe.com

၃၀။ ရွှေမှောက်မင်း (၁၂၄–၁၄၇)

ထွန်တွင်းမင်း၏သားတော် ရွှေမှောက်မင်းသည် ထီးနန်းဆက်ခံလေသည်။

၃၁။ ထွန်လွတ်မင်း (၁၄၇–၁၆၄)

ရွှေမှောက်မင်း၏ညီတော် ထွန်လွတ်မင်းသည် ထီးနန်းဆက်ခံလေသည်။

၃၂။ စောခင်နစ်မင်း (၁၆၄–၁၉၁)

ထွန်လတ်မင်း၏သားတော် စောခင်နစ်မင်းသည် ထီးနန်းဆက်ခံလေသည်။

၃၃။ ခဲလူးမင်း (၁၉၁–၂၀၈)

စောခင်နစ်မင်း၏သားတော် ခဲလူးမင်းသည် ထီးနန်းဆက်ခံလေသည်။

၃၄။ ပျဉ်ပြားမင်း (၂၀၈–၂၃၈)

ခဲလူးမင်း၏ညီတော် ပျဉ်ပြားရှာစားသည် မင်းအဖြစ်ကို ရလေသည်။ ထိုအချိန်၌ မြို့စား ရွာစားများရှိပြီဟု ဆိုရပေမည်။ ထိုမင်းလက်ထက် ၂၁၁ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်နေ့တွင် နောက် ဆုံး ပုဂံမြို့ကို တည်လေသည်။ ၂၁၉ ခုနှစ်တွင် ရမ္မာ ဝတီတောင်တွင်းမြို့ကိုလည်း တည်လေသည်။

၃၅။ တန်နက်မင်း (၂၃၈–၂၆၆)

ပျဉ်ပြားမင်း၏သားတော် တန်နက်မင်းသည် ထီးနန်းဆက်ခံလေသည်။

၃၆။ စလေငခွေးမင်း (၂၆၆–၂၉၆)

သိန်းခွန်မင်းညီတော်မှ ပေါက်ဖွားသော စလေငခွေးသည် တန်နက်မင်းအား လုပ်ကြံ၍ ထီးနန်းကို ရလေသည်။ မင်းကိုလုပ်ကြံသူသည် ထီးနန်းမွေကို ဆက်ခံနိုင်ကြသည်မှာ အစဉ်အလာကဲ့သို့ ဖြစ်နေလေသည်။

၃၇။ သိန်းခိုမင်း (၂၉၆–၃၁၈)

စလေငခွေး၏သားတော် သိန်းခိုမင်းသည် ထီးနန်းဆက်ခံရလေသည်။

၃၈။ တောင်သူကြီးမင်း (၃၁၈–၃၆၃)

သိန်းခိုမင်း တောကစားထွက်ရာ တောင်သူကြီး၏ သခွားယာကို ဆွတ်စားမိ၍ လုပ်ကြံခံရပြီးနောက်၊ တောင်သူကြီးအား မင်းမြှောက်ကြလေသည်။ ထိုမင်းလက်ထက် နဂါးကို အရုပ်ထု၍ အလေးအမြတ်ထားသည်ဟု ဆိုသည်။ ပုထိုးများလည်း တည်သည်။ အရည်းရဟန်းတို့ သာသနာလည်း ထွန်းကားလေသည်။ ထိုမင်းကို ညောင်ဦးစောရဟန်းမင်းဟု ခေါ်တွင်လေသည်။

၃၉။ ကွမ်းဆော်ကြောင်ဖြူမင်း (၃၆၃–၃၈၃)

တန်နက်မင်းနှင့် သန္ဓေပါသော မိဖုရားမှ ကြောင်းဖြူအရပ်တွင် သားယောက်ျားတစ်ယောက် ဖွားလေသည်။ ထိုသားယ်သည် အရွယ်ရောက်လတ်သော် လူအများက ကြည်ညိုလေးမြတ်သဖြင့် တောင်သူကြီးမင်းကို လုပ်ကြံကာ နန်းတင်လေသည်။

၄၀။ ကျီစိုးမင်း (၃၈၃–၄၀၀)

တောင်သူကြီးမင်း၏ မိဖုရားသုံးပါးကို ကွမ်းဆော်မင်းက ဆက်လက်မိဖုရားမြှောက်လေရာ၊ တောင်ပြင်သည်တစ်ပါးတွင် ကျီစိုးနှင့် အလယ်ပြင်သည်တစ်ပါးတွင် စုက္ကတေးကို ဖွားမြင်သည်။ ကျီစိုးနှင့် စုက္ကတေးကား တောင်သူကြီးမင်းနှင့် သန္ဓေပါသူများဖြစ်လေသည်။ မြောက်ပြင်သည်တွင်မူကား အနော်ရထာကို ဖွားမြင်လေသည်။ ကျီစိုးမင်းသားသည် ခမည်းတော်အား အတင်းရဟန်းပြုစေ၍ နန်းမွေကို ဆက်ခံလေသည်။

mgyoe.com

## ၄၁။ စုက္ကတေးမင်း (၄၀၀–၄၀၆)

mgyoe.com

ကျီစိုးမင်း တောကစားထွက်ရာ မုဆိုးက လေးနှင့်ပစ်မိ၍ အနိစ္စရောက်လျှင် ညီတော်စုက္ကတေး နန်းတက်လေသည်။ စုက္ကတေးမင်းသည် အနော်ရထာ၏မယ်တော်၊ မိထွေးတော်ကို မိဖုရားမြှောက်လေသည်။

[ကွမ်းဆော်မင်းက မိဖုရားမြှောက်သော မိဖုရား ၃ ပါးအနက် မြောက်ပြင် (အနော်ရထာ၏မယ်တော်) သည် သားတော် အနော်ရထာ သစ္စာမှုကြောင်းကို ကျောက်စာရေးထိုးထားခဲ့ပေသည်။ ထိုမြောက်ပြင်သည်ကျောက်စာကို ယခုအခါ ရှာဖွေမတွေ့ရတော့သော်လည်း ၁၁၉၂ ခုနှစ်တွင် ပြုစုသော ဝေါဟာရလိနတ္ထဒီပနီကျမ်း၌လည်းကောင်း၊ ကဝိလက္ခဏာဒီပနီ၌လည်းကောင်း ထိုကျောက်စာကို ကိုးကားခဲ့ဖူးလေသည်။ ဝေါဟာရလိနတ္ထဒီပနီ၌–

"ယခု ပုဂံမြို့လယ်တွင် တောင်ပြင်သည်၊ မြောက်ပြင်သည်၊ အလယ်ပြင်သည် သုံးပါးတို့၏ ဘုရားသုံးဆူဂူတွင်ရှိသည့် ကျောက်ရပ် ၂ တောင်၊ အနံ တစ်တောင့်တစ်မိုက်ရှိသော ကျောက်စာ တွင် ၃၇၆ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက် အင်္ဂါနေ့ အနုရုဒ္ဓါစော သစ္စာမှုသည်ကား …" စသည်ဖြင့် ပါရှိကြောင်း ကိုးကားထားလေသည်။ ထိုကျောက်စာသည် ရာဇကုမာကျောက်စာထက် စောသော မြန်မာဘာသာရေး ကျောက်စာဖြစ်ကြောင်း ထင်ရှားပေသည်]။ (ကျောက်စာမူကို ဓာတာတော်ပုံ ရာဇဝင် စာမျက်နှာ ၄ တွင် ရှုပါ။)

## ၄၂။ အနော်ရထာမင်း (၄၀၆–၄၃၉)

ကြောင်ဖြူမင်း၏သားတော် အနော်ရထာမင်းသည် နောင်တော်ကို စီးချင်းထိုး၍ ထီးနန်းကို ဆက်ခံလေသည်။ မင်းဖြစ်လျှင် နိုင်ငံတော်ကို စည်းရုံးလေသည်။ သထုံကိုသိမ်းပိုက်ကာ ပိဋကတ်တော်များကို ပင့်ဆောင်၍ ရှင်အရဟံ၏အကူအညီဖြင့် သာသနာပြုလေသည်။ အရည်းရဟန်းများကို ပယ်ရှားလေသည်။ ဝေသာလီမင်း၏သမီးနှင့် ရာဇတမာန်တို့သင့်၍ ဖွားမြင်သော ကျန်စစ်သားကိုလည်း ကောက်ယူမွေးစားလေသည်။ မိတ္ထိလာကန်ကို ဆည်တော်မူ၍ ပျက်ခရွဲတောင်မှ စီးဆင်းသောရေကို ဆည်တော်မူလေသည်။ ပန်းလောင်မြစ်တွင် ကင်းတားဆည်၊ ငလိုင်စင်၊ ပြောင်းပြာ၊ ကူမဲ ဟူသော ဆည်များ၊ ဇော်ဂျီမြစ်တွင် နွားတက်၊ ကွမ်းဆေး၊ ငပြောင်ဟူသော ဆည်များကိုလည်း တည်လုပ်တော်မူလေသည်။ မြန်မာနိုင်ငံမြောက်ပိုင်း တရုတ်နန်ချိုနိုင်ငံ တလိမြို့သို့လည်းကောင်း၊ စစ်တကောင်းနယ်သို့လည်းကောင်း၊ ရှမ်းပြည်သို့လည်းကောင်း ခရီးလှည့်လည်၍ နိုင်ငံတော်ကို အုပ်ကွပ်စီမံလေသည်။ သီဟိုဠ်နိုင်ငံ ပထမဝိဇယဗာဟုမင်းသည် မဒရပ်နယ် ချိုလာမင်းတို့ကို ခုခံရန် စစ်ကူတောင်းသဖြင့် သင်္ဘောနှင့် စစ်သည်တမန်တို့ကို လွှတ်တော်မူလေသည်။ ဆင်ဖြူတော်တစ်စီးကိုလည်း ပို့ပေးရာ သီဟိုဠ်မင်းက စွယ်တော်ကို ကိုးကွယ်ရန် ပေးအပ်လိုက်လေသည်။ အနော်ရထာမင်းသည် နယ်ခြားကင်းစခန်း ၄၃ မြို့ကိုလည်း တည်ပေးလေသည်။

အနော်ရထာမင်းကြီးသည် ရွှေဆံတော်စေတီ၊ လောကနန္ဒာစေတီ၊ ရွှေစည်းခုံစေတီများကို တည်ထားကိုးကွယ်ခဲ့လေသည်။ ဥဿာပဲခူးတွင် ကျွမ်းစစ်သည်တို့ နှောင့်ယှက်ရာ စစ်သည်တော်များကို ပို့လွှတ်၍ နှိမ်နင်းပေးခဲ့လေသည်။ အနော်ရထာမင်းကြီးသည် ကျွဲရိုင်းကို ကိုယ်တော်တိုင်နှိမ်နင်းရာ ကျွဲခတ်၍ အနိစ္စရောက်လေသည်။

## ၄၃။ စောလူးမင်း (၄၃၉–၄၄၆)

အနော်ရထာ၏သားတော် စောလူးမင်းသည် ထီးနန်းဆက်ခံလေသည်။ ပဲခူးစားမွန်ရန်မန်ကန်းက တော်လှန်တိုက်ခိုက်၍ စောလူးမင်းနတ်ရွာစံ

mgyoe.com



ကျန်စစ်သားမင်းရုပ်တုဟု ယူဆရသော
ပုဂံအာနန္ဒာဘုရားအတွင်းမှ ကျောက်ရုပ်တု

လေသည်။ စောလူးမင်းသည် ၅ နှစ်သာ ထီးနန်းစံရလေသည်။ ထူးခြားသော ဆောင်ရွက်မှုကား မထင်ရှားခဲ့ပေ။

## ၄၄။ ကျန်စစ်သားမင်း (၄၄၆–၄၇၃)

စောလူးမင်း အနိစ္စရောက်လျှင် ကျန်စစ်သားသည် နိုင်ငံကို ပြန်လည်စည်းရုံးလေသည်။ သာသနာရေးကို အားပေး၍ ဘုရားပုထိုးကြီးများတည်လေသည်။ မွန်တို့ကို သိမ်းသွင်းစည်းရုံး၍ မွန်ဘာသာဖြင့် ကျောက်စာများရေးထိုးကာ မွန်တို့၏ရင်းနှီးကြည်ညိုမှုကို ရယူလေသည်။ အမရကန်ကို တူးဖော်ပေး၍ နန်းတော်ကြီးကိုလည်း ခမ်းနားစွာတည်လေသည်။

ကျန်စစ်သားမင်းကြီးတွင် အပယ်ရတနာ၊ ခင်ဦး၊ ခင်တန် (ထီးလှိုင်သူကြီးသမီး) ရဟန်းတူမသမ္ဘူလဟူသော မိဖုရားလေးပါးရှိလေသည်။ အပယ်ရတနာမှ ဖွားမြင်သောသမီးတော် ရွှေအိမ်သည်နှင့် စောလူးမင်း၏သား စောယွမ်းမင်းသားကို စုံဖက်ရာ မြေးတော်အလောင်းစည်သူကို ဖွားမြင်လေသည်။ သားတော်မထွန်းကားသဖြင့် မြေးတော်ကို အိမ်ရှေ့အရာပေးလေသည်။ ထို့နောက်မှ သမ္ဘူလ (သုံးလူလ) တြိလောကဝင့်သကာဒေဝီသည် သားငယ်နှင့်အတူ ရောက်လာလေရာ မြေးကို အိမ်ရှေ့ပေးပြီး၍ သားတော်ကို ဓညဝတီမြို့စားပေးလေသည်။ ထိုသားတော်ရာဇကုမာသည် မယ်တော်အနိစ္စရောက်ရာ၌ မယ်တော်စားသော ကျွန်သုံးရွာကိုပါ အပိုင်စားရလေရာ ခမည်းတော် ကျန်စစ်မင်း မမာတော်မူသောအခါ ဂူ(ဂူပြောက်ကြီး) တည်၍ ရွှေဆင်းတုသွန်းကာ ဌာပနာပြီးလျှင် ကျွန်သုံးရွာကို ဘုရားအား လှူလေသည်။

## ၄၅။ အလောင်းစည်သူမင်း (၄၇၃–၅၂၉)

ကျန်စစ်သားမင်း၏မြေးတော် အလောင်းစည်သူမင်းသည် ထီးနန်းဆက်ခံလေသည်။ ထိုမင်းကို သီရိဇေယျသူရဟူ၍လည်းကောင်း၊ နရပတိစည်သူဟူ၍လည်းကောင်း ခေါ်တွင်လေသေးသည်။ ပင်လယ်ရပ်ခြားခရီး ထွက်တော်မူ၍ သီဟိုဠ်ကျွန်း၊ မလ္လာယုကျွန်းများသို့ လှည့်လည်တော်မူသည်။ ရွှေဂူကြီးလိုဏ်ပုထိုးနှင့် နိုင်ငံအရပ်ရပ်တွင် ဘုရားပုထိုးများလည်း တည်လေသည်။ မိဖုရားလေးပါးမှာ ရတနာပုံ၊ ရာဇကုမာရီ၊ တိလောကစန္ဒာနှင့် တောင်ပြင်သည်တို့ဖြစ်လေသည်။ တိလောကစန္ဒာကို ဦးဆောက်ပန်းသမုတ်သည်။ မင်းကြီးတွင် သမီးတော် ၄ ပါးရှိသည်။ နိုင်ငံတော်တွင် ဆည်မြောင်းတို့ကို ပြုပြင်၍ မြို့ဖြစ်ရိုင်ဖွဲ့ခြင်း၊ ချိန်ကျပ်၊ တင်းခွဲ စသည်တို့ကို ညီညွတ်

အောင်ညှိခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ဓမ္မသတ်ကျမ်းကျင်တော်မူသည့်အလျောက် မင်းကြီး၏ တရားစီရင်ထုံးများကို အလောင်းစည်သူဖြတ်ထုံးဟူ၍ မှတ်သားထားခဲ့ကြလေသည်။

## ၄၆။ နရသူမင်း (၅၂၉–၅၃၂)

အလောင်းစည်သူမင်းကို လုပ်ကြံ၍ သားတော်နရသူ နန်းတက်လေသည်။ နရသူသည် ကြမ်းကြုတ်၍ နောင်တော်အား အဆိပ်ခတ်၍ လုပ်ကြံလေသည်။ မိမိမလိုလားသူ အများကိုလည်း လုပ်ကြံသတ်ဖြတ်လေသည်။ အလွန်ကြီးမားလှသော ဓမ္မရံကြီး (ဓမ္မရံသီ) စေတီတော်ကြီးကို တည်လေသည်။ မင်းမိန့်ကြောင့် ပန်းရန်တို့သည် အလွန်စေ့စပ်စွာ တည်ရ၍ နေပူမိုးရွာ မရှောင်မနားမနေ လုပ်ကြရလေသည်။ ပဋိက္ခရားမင်းသမီးကို မိဖုရားမြှောက်ရာ မင်းကြီး သန့်သက်ရေ မသုံးသည်နှင့် မိဖုရားက စက်ဆုတ်ကြောင်း ပြသဖြင့် မိဖုရားကိုသတ်လေသည်။ မိဖုရား၏ ခမည်းတော် ကြားသဖြင့် ကုလားစစ်သည် ၈ ယောက်ကို စေလွှတ်၍ ပုဏ္ဏားဟန်ဆောင်ကာ လုပ်ကြံလေရာ အနိစ္စရောက်လေသည်။

## ၄၇။ နရသိင်္ခမင်း (၅၃၂–၅၃၅)

နရသူ၏သားတော်သည် ထီးနန်းဆက်ခံလေသည်။ ညီတော် နရပတိစည်သူ၏မယား ဝေဠုဝတီကို ညီတော်အား ပရိယာယ်ဖြင့် စစ်ထွက်စေ၍ ခယ်မတော်ကို သိမ်းပိုက်လေသည်။ ညီတော်က အမျက်ထွက်ကာ အောင်စွာငယ်နှင့် သူရဲရှစ်ကျိပ်ကို စေလွှတ်လုပ်ကြံစေသဖြင့် အနိစ္စရောက်လေသည်။ ထိုမင်းသည် အလောင်းစည်သူ၏ တူသမက် ရာဇသူ၏သမီးတော်နှင့် ခယ်မတော်တို့ကို မိဖုရားမြှောက်၍ မိဖုရားသုံးပါးကို ထမ်းစင် သန်လျင်း အဆင်တူ မလွန်မယုတ်စေရဘဲ ချီးမြှောက်လေသည်။

## ၄၈။ နရပတိစည်သူ (၅၃၅–၅၇၂)

နရသိင်္ခမင်း၏ညီတော် နရပတိစည်သူ ထီးနန်းဆက်ခံလေသည်။ ထိုမင်းသည် အောင်စွာငယ်ကိုလည်းကောင်း၊ နောင်တော်၏အထိန်းတော်သား အနန္တသူရိယအမတ်ကိုလည်းကောင်း ကွပ်မျက်လေသည်။ အမတ်ကြီးမသေမီ ရေးခဲ့သော အမျက်ဖြေလင်္ကာ ၄ ပိုဒ်ကား ထင်ရှားလေသည်။ မိဖုရားများတွင် ဝေဠုဝတီ၊ ဦးဆောက်ပန်း၊ အမြကန်သည်တို့မှာ ထင်ရှားလေသည်။ ထိုမင်းလက်ထက် ကိုယ်ရံတော်တပ်ဖွဲ့၍ အိပ်ဖန်စောင့်စေလေသည်။ ထိုမင်းလက်ထက် ရွှေခွန်၊ ငွေခွန်၊ ပတ္တမြားခွန်၊ ပယင်းခွန်၊ ကြေးဖြူ ကြေးနီ၊ သလွဲ၊ သံစသော သတ္တုခွန်၊ ဖဲ၊ မိုင်းလုံ၊ မော်ယော်အထည်ခွန်၊ ကူးတို့ခွန်၊ ဆင်မြင်းအခွန်တို့ကို ကောက်ယူတော်မူလေသည်။ စူဠာမဏိစေတီ၊ ဂေါဓော့ပလ္လင်စေတီ၊ မီးမလောင်ကျောင်း၊ ဓမ္မရာဇိကနှင့် ချောက်ဖလားစေတီများကို တည်ထားလေသည်။ သားတော်ကြီးတစ်ပါး၏ ရွှေကိုယ်လေးကို အဖိုးသင့်၍ မြင်းခြံတွင် ရှင်ပင်စာကြိုစေတီနှင့် အခြားစေတီများကို တည်လေသည်။

## ၄၉။ ဇေယျသိင်္ခမင်း (၅၇၂–၅၈၆)

နရပတိစည်သူ၏မိဖုရား ဥယျာဉ်သည်မှ ဖွားမြင်သော ဇေယျသိင်္ခသည် ထီးနန်းဆက်ခံရလေသည်။ နားတောင်းများမင်း၊ ထီးလိုမင်းလိုမင်းဟူ၍ ထင်ရှားလေသည်။ ထိုမင်းသည် နောင်တော်လေးပါးတို့နှင့် တိုင်ပင်၍ စီရင်အုပ်ချုပ်သဖြင့် လွှတ်တော်ကဲ့သို့သော အတိုင်ပင်ခံအုပ်ချုပ်ရေးအဖွဲ့ စတင်ပေါ်ပေါက်သည်ဟု ဆိုနိုင်လေသည်။ သီဟိုဠ်စေတီပုံအတိုင်း စစ်တနာ(စေတနာ) စေတီကို တည်လေသည်။ ခမည်းတော်၏ဂေါဓော့ပလ္လင်စေတီကိုလည်း ပြီးစီးအောင် ဆက်၍တည်လေ

သည်။ ဗုဒ္ဓဂယာ မဟာဗောဓိစေတီပုံအတိုင်း မဟာဗောဓိစေတီတော်ကိုလည်း တည်လေသည်။

၅၀။ ကျစွာမင်း (၅၉၆–၆၁၁)

ဇေယျသိခ်မင်း၏သားတော် ကျစွာမင်းသည် ဓမ္မရာဇာအမည်ဖြင့် ထီးနန်းဆက်ခံလေသည်။ ထိုမင်းသည် ပြည်ရေးရွာမှုကို သားတော်ဥဇနာအား လွှဲအပ်၍ တရားစာပေလေ့လာကာ နေလေသည်။ ကျန်စစ်သားမင်းကြီး တူးဖော်ခဲ့သော အမရကန်ကို ဆည်လျက်၊ ကန်အနီးမင်းတဲတွင် တစ်နေ့လျှင် ၇ ဝါ စာသင်၍နေလေသည်။ ပါဠိဘာသာဖြင့် သဒ္ဒဗိန္ဒုကျမ်း၊ ပရမတ္ထဗိန္ဒုကျမ်းတို့ကို စီရင်လေသည်။ သမီးတော်လည်း ကျမ်းဂန်တတ်မြောက်လေသည်။ ထိုမင်းသည် သံလျက်ကစားရာတွင် သံလျက်ထိ၍ အနိစ္စရောက်လေသည်။

၅၁။ ဥဇနာမင်း (၆၁၁–၆၁၆)

ကျစွာမင်းကြီး၏သားတော် ဥဇနာသည် ထီးနန်းဆက်ခံရလေသည်။ မိဖုရားမှာ မင်းရှင်စော (နရပတိစည်သူ)၏မြေးဖြစ်လေသည်။ မြစ်သားရွာမှ ပန်းပွတ်သည်၏သမီးကို လည်းကောင်း၊ ဆိတ်ထိန်းကမ်းဖြူရွာမှ တောင်သူကြီးသမီးဖွားစောကို လည်းကောင်း မိဖုရားမြှောက်လေသည်။ ဖွားစောကား ဉာဏ်ပညာအမြော်အမြင်ကြီးမားသော မိန်းမတစ်ယောက်ဖြစ်လေသည်။ ထိုမင်းသည် ဒလသို့ဆင်း၍ ဆင်ဖမ်းလေ့ရှိသည်။ တစ်ခါသော် ဆင်အောက်ရာတွင် ဆင်ကောင်းပါမပါ ထွက်၍ ကြည့်လေရာ၊ တောဆင်ထိုးသဖြင့် ဆင်ပေါ်မှကျကာ အနိစ္စရောက်လေသည်။

၅၂။ နရသီဟပတေ့မင်း (၆၁၆–၆၄၉)

ဥဇနာမင်း၏မိဖုရား ပန်းပွတ်သည်သမီးမှ ဖွားမြင်သော မင်းခွေးချေးသည် ထီးနန်းကို ဆက်ခံရလေသည်။ နန်းလျာထားသော သီဟသူကိုကား မှူးမတ်ပြည်သူများ မကြိုက်၍ မင်းမမြှောက်ကြချေ။ အမတ်ကြီးရာဇသင်္ကြံကား ထင်ရှား၍ သြဇာလည်း ကြီးမားလေသည်။ မင်းသည် ရာဇသင်္ကြံ အပြောအဆို ဝံ့ရဲသဖြင့် အမျက်ရှိ၍၊ ဒလသို့ပို့လေသည်။ ထိုမင်းလက်ထက် မစ္ဆဂီရိနှင့် မုတ္တမတို့ ခြားနားပုန်ကန်ရာ၊ ရာဇသင်္ကြံကို ပြန်၍ခေါ်ပြီးလျှင် စီမံဆောင်ရွက်စေလျှင် တွင်းသင်းမှူး သရေပစ္စတေ့အား မစ္ဆဂီရိသို့ ချီစေလေသည်။ မုတ္တမသို့လည်း ရာဇသင်္ကြံ ချီတက်နှိမ်နင်း အောင်မြင်လေသည်။ မစ္ဆဂီရိကိုမူ ရာဇသင်္ကြံ၊ သရေဝဓုနာ၊ စစ်တုရင်ဗိုလ်၊ စစ်တုရင်သူတို့ ချီတက်လုပ်ကြံမှ အောင်လေသည်။ ရာဇသင်္ကြံလွန်လျှင် သားကြီးကို အနန္တပစ္စည်း၊ သားငယ်ကို ရန္တပစ္စည်းဘွဲ့ပေးလေသည်။ မင်းကြီးတွင် မိဖုရားစော၊ စောလုံ၊ စောနန့်၊ ရှင်ဖား၊ ရှင်မောက် ဟူ၍ ၅ ပါးရှိ၍ မောင်းမ ၃၀၀၀ ကျော်ရှိလေသည်။ မင်းကြီးသည် တစ်နေ့လျှင် ဟင်းခွက် ၃၀၀ မျှ စီမံစေ၍ ပွဲတော်တည်လေသည်။

နရသီဟပတေ့မင်းကြီးသည် မင်္ဂလာစေတီတော်ကို တည်လေရာ၊ ဘုရားပြီးသော် ပြည်ပျက်မည်ဟူသော တဘောင်ပေါ်၍ အပြီးမသတ်ရှိလေရာ၊ ပံ့သကူထေရ် တရားဟောပြောသဖြင့် ဆက်၍ တည်လေသည်။ ထိုမင်းလက်ထက် တရုတ်ပြည်ကို အစိုးရသော တာတာမင်း ကုဗလိုင်ခန်က လက်ဆောင်ပဏ္ဏာပေးပို့ရန် စာသဝဏ်စေလှာလေရာ၊ တရုတ်တရက်သံတို့ မချေမင်ပြုသဖြင့် အားလုံး သတ်ဖြတ်စေသဖြင့် ကုဗလိုင်ခန်မင်း အမျက်ထွက်၍ တပ်ကြီးချီလာလေသည်။ နရသီဟပတေ့မင်းသည် ဂူကြီးဂူငယ် ကုလားကျောင်းအများကို ဖျက်၍ ခံမြို့တည်လေသည်။ အရေးလှမည်မထင်သဖြင့် ပုသိမ်သို့စုန်လေသည်။ ထို့နောက် သစ်ဆိပ်ကြီးရွာမှ ဒိသာပါမောက်ဆရာတော်ကို စေလွှတ်၍ ပြေငြိမ်းရန် ကမ်းလှမ်းရာ၊ ဆရာတော်

ဟောပြောချက်ကို နာယူ၍ တရုတ်တရက် တပ်များ ဆုတ်ပြန်သွားလေသည်။

နရသီဟပတေ့လည်း ရန်အေးငြိမ်း၍ ဆန်တက်ရာ မျက်ဖူးသော သားတော်သီဟသူက အဆိပ်ခပ်သဖြင့် အနိစ္စရောက်လေသည်။

### ၅၃။ ကျော်စွာမင်း (၆၄၉–၆၆၂)

နရသီဟပတေ့၏ မိဖုရား ရှင်မောက်မှဖွားသော ပြည်စားသီဟသူသည် နောင်တော်ဥဇနာကိုပါ လုပ်ကြံ၍ ထီးနန်းစံမည်ပြုရာ၊ ပဲခူးစား ငပမွန် ပုန်ကန်သည်ကို နှိမ်နင်းရသည်တွင် လေးအငင်လွန်၍ မိမိမြားသင့်ကာ အနိစ္စရောက်သဖြင့် မိဖုရားစောက ဒလစားကျော်စွာကို မင်းမြှောက်လေသည်။ ထိုမင်းလက်ထက် မစ္ဆဂီရိ၊ ဓညဝတီ၊ ပဲခူး၊ မုတ္တမ၊ တနင်္သာရီ၊ လကွန်း၊ အကျော်၊ သောက္ကတဲ၊ ပိသလောက်၊ လင်းဇင်း၊ လဝိုက်စသော မြန်မာနယ်စွန်နယ်ဖျားတို့သည် အခွင့်ကောင်းယူကာ ပုန်ကန်ခြားနားကြလေသည်။ ထိုမင်းသည် နရသီဟပတေ့ မွေးစားသော ရှမ်းညီနောင်သုံးယောက်တို့အနက် အကြီးကို အသင်္ခယာအမည်ဖြင့် မြင်စိုင်းကိုလည်းကောင်း၊ အလတ်ကို ရာဇသင်္ကြံအမည်ဖြင့် မက္ခရာမြို့ကိုလည်းကောင်း၊ အငယ်ကို သီဟသူအမည်နှင့် ပင်လယ်မြို့ကိုလည်းကောင်း အပိုင်စားပေးလေသည်။ ကျော်စွာမင်းသည် မင်းဖြစ်ပြီးနောက် မိဖုရားစောကို အရေးမပြုသဖြင့် မိဖုရားစောသည် ရှမ်းညီနောင်တို့နှင့် တိုင်ပင်ပြီးလျှင် မင်းကြီးအား ဥပါယ်တံမျဉ်ဖြင့် ကုသိုလ်တော် ကျောင်းရေစက်ချပင့်၍ ဖမ်းဆီးကာ သင်္ကန်းဝတ်စေ၍ အစောင့်အရှောက်ချထားပြီး၊ ရှမ်းမင်းညီနောင်တို့ မိမိတို့စားရာမြို့၌ မင်းပြုကြလေသည်။

### ၅၄။ စောနစ်မင်း (၆၆၂–၆၉၃)

ကျော်စွာမင်းနန်းကျလျှင် စောနစ်မင်းသားက ပုဂံထီးနန်းကို ဆက်ခံအုပ်ချုပ်ပြီးလျှင် တရုတ်ဥတည်မင်းအား စစ်ကူတောင်းလေသည်။ ဥတည်မင်းက နန်းရိုးအစဉ် နန်းတက်စေရမည်ဟု စစ်သူကြီးလေးဦးနှင့် စစ်သည်တစ်သောင်းနှစ်ထောင် စေလွှတ်သည်ဟု ဆိုလေသည်။ မင်းညီနောင်သုံးပါးတို့လည်း ကျော်စွာကိုသတ်၍ ဦးခေါင်းဖြတ်ကာ ပုဂံမင်းရိုးမရှိပြီဟု ပြလေရာ၊ တရုတ်စစ်သည်တို့ ပြန်လေသည်။

ရှမ်းညီနောင်တို့ကား ပုဂံစောနစ်မင်းအား အနှောင့်အယှက်မပြုဘဲ ကျေးနပ်စွာ ခွင့်ပြုထား၍ မြင်စိုင်း၊ မက္ခရာနှင့် ပင်လယ်တို့၌သာ မင်းပြိုင်ပြုလေသည်။

### ၅၅။ စောမွန်နစ်မင်း (၆၉၃–၇၃၀)

စောနစ်မင်း၏သားတော်၊ စောမွန်နစ်မင်းသည် ပုဂံထီးနန်းကို ဆက်ခံလေသည်။ သို့ရာတွင် ပုဂံနေပြည်တော်သည် မြေသြဇာခန်းခြောက်၍ ပူပြင်းခြောက်သွေ့လာသည်ဖြစ်ရာ ဆုတ်ယုတ်၍ လာလေသည်။ မင်းပြိုင်မြို့တော်များလည်း စည်ကားလျက်ရှိ၍ ပုဂံတွင် ဆုတ်ယုတ်လာလေသည်။ သက္ကရာဇ် ၇၂၇ ခုနှစ်တွင်ကား သတိုးမင်းဖျားသည် ကွဲပြားသော မင်းပြိုင်နယ်များကို အုပ်ကွပ်စည်းရုံး၍ အင်းဝမြို့ကို တည်ထောင်စိုးစံ၍ အလုံးအရင်းနှင့် စကုသို့ ချီတော်မူရာ ပုဂံရွှေစည်းခုံဘုရားကို ဖူးမြော်ပြီးနောက် စောမွန်နစ်မင်း နန်းသက် ၁၆ နှစ်အရတွင် သစ္စာတော်ခံစေလေသည်။ ထိုအခါမှစ၍ ပုဂံမင်းသည် အင်းဝမင်းလက်အောက်ခံဖြစ်၍ သီးခြားမင်းနေပြည်မှ မြို့စားဘုရင်ခံမြို့အဖြစ်သို့ လျှောကျရလေသည်။ ပုဂံခေတ်၏ ရာဇဝင်သမိုင်းကား စောမွန်နစ်မင်း အနိစ္စရောက်သည်နှင့် သိသိသာသာ တစ်ခန်းရပ်လေတော့သည်။

mgyoe.com

mgyoe.com

မှတ်ချက်။

ကျောက်စာပေါ်ထွက်သမျှကိုသာ ရာဇဝင်သမိုင်းအဖြစ် ယူဆလိုသူအချို့သည် ပုဂံပြည်၌ အနော်ရထာမင်းမတိုင်မီ ပေါ်ထွက်ခဲ့သော မင်းဆက်များကို အမှန်တကယ်အုပ်စိုးသည့်မင်းများ ဖြစ်မှဖြစ်ပါမည်လောဟု သံသယဖြစ်တတ်ကြလေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်ကပင် ဆုံးမစကားတစ်ရပ် ပြောကြားခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်လေသည်။ (ပုဂံခေတ် မြန်မာပြည်၊ ဒေါက်တာသန်းထွန်း မြန်မာပြန်၊ ယဉ်ကျေးမှုစာစောင် အတွဲ ၃၊ အမှတ် ၈၊ စာမျက်နှာ ၉၈။)

*တုရင်တောင်၌ ရှေးကပင် မြန်မာတို့ လာရောက်နေခဲ့သည်ကိုကား သံသယရှိဖွယ်မရှိချေ။ ထိုတောင်၌ ပုကံခေတ်ဦးနှင့် ထိုခေတ်ဦးကိုညွှန်းသော ကျောက်စာများစွာ တွေ့ရပါသည်။ ကျောက်စာတစ်ခုအရ တုရင်တောင်ထက် စဝ်ရဟန်းသိမ်ပျက်သည်ကို ပြင်ခဲ့ကြောင်း သိရ၏။ အနုရုဒ္ဓမတိုင်မီက ပေါ်သော မင်းတို့အနက် ကျောက်စာတို့၌ ရေးသားပါရှိသည့် တစ်ဦးတည်းသော မင်းကား ထိုစဝ်ရဟန်းပင်ဖြစ်၏။ ဤအချက်* ***မျိုးကြောင့်ပင် ပုကံပေါ်လာပုံနှင့်ဆိုင်သော ရာဇဝင်ကျမ်းလာ စကားတို့ကို အလျင်စလို မပယ်သင့်ချေ။*** *ထို့အပြင် အဆိုပါအချက်အရ တစ်ဆယ်ရာစုခန့်က ပင် ဗုဒ္ဓသာသနာဝင် ရဟန်းများရှိလျက် ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အအုံကို ရာဇဝင်ကျမ်းတို့၌ နဂါးကိုးကွယ်၍ ပုထိုးများတည်ခဲ့သည့် မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲထားခြင်းခံရသူက ဆောက်ခဲ့သည်ကို တွေ့ရ၏။*

နံရုံရေး မင်စာတွင် ကြောင်ဖြူမင်းဟူသော အမည်ကိုလည်း တွေ့ရလေသည်။ ။

mgyoe.com

mgyoe.com

# ပုဂံမင်းများ၏ ဘွဲ့အမည်များ

ပုဂံပြည်တွင် စိုးစံခဲ့သောမင်းများကို ရာဇဝင်တို့၌ ထင်ရှားသောအမည်ဖြင့်သာ ခေါ်ဝေါ်မှတ်သားခဲ့သော်လည်း ထိုခေတ်က ရေးထိုးသောကျောက်စာများ၌ ခံယူသော ဘွဲ့အမည်ဖြင့်သာ ရေးသားထိုး မှတ်သားလေ့ရှိလေသည်။ ဘုရင်များတွင် ထင်ရှားသောအမည်များလည်း ရှိလေသည်။ ထို့ကြောင့် ပုဂံခေတ်မင်းများ၏ ကျောက်စာပါဘွဲ့တော်များကို စိစစ်၍ရရှိသမျှ ဖော်ပြလိုက်ပေသည်။

**ကျန်စစ်သားမင်း**

ဂြိတြိဘုဝနာဒိတျဓမ္မရာဇာ
(ရာဇကုမာကျောက်စာ)

**နရပတိစည်သူမင်း**

ဿိတြိဘဝနာဒိတျပဝရ ဓမ္မရာဇာ
(နဂါးကျောင်းကျောက်စာ)

**နရပတိစည်သူမင်း**

ဿိတြိဘဝနာဒိတျပဝရ ဓမ္မရာဇာ
(တောင်ဂူနီဘုရားကျောက်စာ)

**နရပတိစည်သူမင်း**

ဿိတြိဘဝနာဒိတျာပဝရ ဓမ္မရာဇာ
(ခေမာဝရဘုရားကျောက်စာ)

**နရပတိစည်သူမင်း**

ဿိတြိဘုဝနာဒိတျပဝရဓမ္မရာဇ
(သင်းကြီးဓမ္မပါလ်ဓမ္မသွရ်ကျောက်စာ)

**နရပတိစည်သူမင်း**

ဿိတြိဘုဝနာဒိတျဓမ္မရာဇဿ ဗုဒ္ဓိမာ
(လောကနန္ဒာဘုရားကျောက်စာ)

**နန်းတောင်းများမင်း**

ဿိတြိဘဝနာဒိတျဓမ္မရာဇာ
(မင်းနန်သူ၊ သီဟသူရမင်းသားကျောက်စာ)

**နန်းတောင်းများမင်း**

ဿိတြိဘဝနာပဝရဒိတျဓမ္မ ရာဇာဇေယျသူရ်
(အစောကြွမ်းကျောက်စာ)

**ကျစွာမင်း**

ဿိတြိဘဝနာဒိတျပဝရ ဓမ္မရာဇမိရာဇ
ဒါနပတိနရသိဃ်ဥဇ္ဇနာ၊
(မြောက်ဂူနီဘုရား ကျောက်စာ)

**ကျစွာမင်း**

ဿိတြိဘဝနာဒိတျပဝရပဏ္ဍိတ ဓမ္မရာဇာ
(စလေဆင်ခေါင်းဘုရားကျောက်စာ)

**တရုတ်ပြေးမင်း**

ဿိတြိဘဝနာဒိတျပဝရဓမ္မရာဇာ
(ဖွားစောအခိဋ္ဌာန်ဘုရားကျောက်စာ)

**တရုတ်ပြေးမင်း**

ဿိတြိဘဝနာဒိတျပဝရဓမ္မရာဇာ
နရသီဟပတေ့
(မင်္ဂလာစေတီကျောက်စာ)

mgyoe.com

mgyoe.com

**ကျော်စွာမင်း**

သြီတြိဘုဝနာဒိတျပဝရပဏ္ဍိတဓမ္မရာဇာ
(ကျန္စပစ္စယာဘုရားကျောက်စာ)

**စောနစ်မင်း**

သြီတြိဘဝနာဒိတျာပဝရဓမ္မရာဇာ
(ဖွားစောမိဖုရားကျောက်စာ)

**စောနစ်မင်း**

သြီတြိဘဝနာဒိတျာပဝရဓမ္မရာဇာ
(ဖွားစောသစ္စာဝတီဘုရားကျောက်စာ)

မင်းများ၏ဘွဲ့အမည်မှာ အတူတူလိုပင်ဖြစ် ၍ ကျောက်စာပါ သက္ကရာဇ်နှင့်ချိန်ညှိ၍ မည်သည့်မင်းကိုရည်၍ခေါ်တွင် သုံးစွဲသည်ကို ခွဲခြားရလေသည်။ ထိုဘွဲ့များသည် မင်း၏မှည့်ခေါ်နေကျ ဘွဲ့မျိုးဖြစ်၍ လက်ထက်တွင် ရေးထိုးသောကျောက်စာများ၌ မိမိတို့လက်ထက် မင်း၏အမည်အဖြစ် ရေးထိုးကြခြင်းဖြစ်လေသည်။ ။

mgyoe.com

mgyoe.com

# ပုဂံခေတ် အနော်ရထာမင်းနှင့် နန်းပြိုင် အာရှနိုင်ငံအသီးသီးမှ မင်းများ

ပုဂံခေတ်တွင် အနော်ရထာမင်းကြီး နန်းတက်သည့်ကာလတွင် အာရှတိုက် နိုင်ငံအသီးသီးတွင် စိုးစံလျက်ရှိသော မင်းများကို အောက်တွင် ဖော်ပြလိုက်ပေသည်။ (သက္ကရာဇ်များကို ခရစ်နှစ်နှင့် ပေးထား သည်။)

| | | |
|---|---|---|
| မြန်မာနိုင်ငံ | အနော်ရထာ၊ အနုရုဒ္ဓါဒေဝ | (၁၀၄၄–၁၀၇၇) |
| ကမ္ဘောဒီးယား | သူရိယဝါမန်၊ ပထမအင်ကောမင်းဆက်၊ | (၁၀၀၂–၁၀၅၀) |
| ဂျာဗားအနောက်ပိုင်း | ဇယျာဘူပတိ | (၁၀၃၀– × ) |
| ဂျာဗားအရှေ့ပိုင်း | လလူဇရ | (၁၀၆၀– × ) |
| ကလျာဏနိုင်ငံတော် | သောမေသွာ၀ရ၊ ပထမ | (၁၀၄၂–၁၀၆၈) |
| အိန္ဒိယ (ဝါတမိမြို့တော်) | (စာလုကျမင်းဆက်) | |
| အိန္ဒိယတောင်ပိုင်း | ရာဇာဓိရာဇာ၊ ပထမ (စောဠမင်းဆက်) | (၁၀၄၄–၁၀၅၂) |
| ပါဠလိပုတ်နိုင်ငံ (ပတ္တနာ၊ ဘင်္ဂလား) | မဟီပါလ၊ ပထမ၊ | (၁၀၂၆– × ) |
| စမ္ပာနိုင်ငံ (ဝိဇယမြို့၊ ဘင်ဒင်း) | ဇယပါရမိဝါရဝါမန်၊ ပထမ | (၁၀၄၄–၁၀၆၀) |
| ဗီယက်နမ် (ဒိုင်ကို ဗီယက်နိုင်ငံ) | လီသန်တုန် | (၁၀၅၄–၁၀၇၂) |
| လျှောင်နိုင်ငံတော် (တာတာတရုတ်) | (ဆင်ဆမ်) (ချီတန်မင်းဆက်) | (၁၀၃၁–၁၀၅၅) |
| ဆန်နိုင်ငံတော် (တရုတ်မြောက်ပိုင်း) | ချင်ဆောင် | (၁၀၂၂–၁၀၆၃) |
| ဂျပန် | ဂိုဆယုဇယာကု | (၁၀၃၇–၁၀၄၆) |
| ဘက်ဂဒက် | အဲလ်ကွာဒီ | (၁၀၃၁–၁၀၇၅) |

mgyoe.com

mgyoe.com

| | | |
|---|---|---|
| အီဂျစ် | မတ်စတန်ဆာရ် | (၁၀၃၆–၁၀၉၄) |
| ပါရှား | တူဂရိုးလ် | (၁၀၃၇–၁၀၆၃) |
| မူစလင်နိုင်ငံ | မအူဒ | (၁၀၄၀–၁၀၄၈) |
| (အိန္ဒိယအရှေ့မြောက်) | (ဃာဇနာဗစ်မင်းဆက်) | |
| ယိုးဒယား | (ရာမာဓိပတိမင်းက ၁၃၅၀ တွင်မှ ယိုးဒယားနိုင်ငံကို ထူထောင်သည်။) | |

mgyoe.com

mgyoe.com

# ပုဂံခေတ် ကိုးကွယ်မှု

ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ ကာလစောစွာကပင် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ရာဇဝင်၊ သာသနာဝင်နှင့် ရှေးဟောင်းမှတ်တမ်းတို့တွင် ဖော်ပြခဲ့လေသည်။ သို့ရာတွင် ကျောက်စာအထောက်အထားအားဖြင့်ကား အနော်ရထာမင်းခေတ်မှစတင်၍ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစည်ပင်သည်ဟု ဆိုကြပေသည်။

ပုဂံခေတ်တွင် အနော်ရထာမင်းလက်ထက်မတိုင်မီက ကိုးကွယ်မှုများရှိခဲ့ပေသည်။ ဗုဒ္ဓသာသနာရောက်ရှိခဲ့သော်လည်း နိုင်ငံအပြန့်အနှံ့ စည်ပင်ထွန်းသစ်ခြင်းကား ရှိခဲ့ဟန်မတူပေ။ ထိုမှတစ်ပါး ဗုဒ္ဓဘာသာကို စင်ကြယ်စွာ သန့်သန့်စင်စင်၊ ပြည့်ပြည့်စုံစုံ လေ့လာအားထုတ်ခွင့်လည်း နည်းပါးပေလိမ့်မည်။ ထို့ကြောင့် သာသနာသည် ပွင့်ချည်တစ်ခါ မှိန်ချည်တစ်လှည့်ပင် ဖြစ်မည်သာမက၊ ထိုခေတ်က ဗုဒ္ဓဘာသာဂိုဏ်းကွဲများရှိခြင်းနှင့် နတ်နဂါးကိုးကွယ်မှုများသည်လည်း ထိုခေတ်ကိုးကွယ်မှုကို လွှမ်းမိုးပေလိမ့်မည်။ မြန်မာနိုင်ငံတွင်း၌ အများအပြား လာရောက်နေထိုင်သော ဟိန္ဒူအမျိုးသားတို့၏ ဗြဟ္မဏဝါဒ၊ ဟိန္ဒူဝါဒတို့သည်လည်း ရောယှက်လွှမ်းမိုးဖွယ်ရှိလေသည်။ ကရစ်ရှနာနတ်မင်းအား ကိုးကွယ်သော ဗြဟ္မဏဝါဒမှာ အနော်ရထာမင်း၏နောက်ပိုင်းအထိ လွှမ်းမိုးခဲ့သော အထောက်အထားများကို တွေ့ရှိနိုင်ပေသည်။

သာသနာနှစ် ၁၀၀ ပြည့်နှစ်တွင် ကာလာသောကမင်း၏ အကူအညီဖြင့် ရှင်မဟာယသထေရ် အမှူးပြု၍ ဒုတိယသင်္ဂါယနာတင်သည်မှစ၍ ဗုဒ္ဓဝါဒတွင် အယူအဆကွဲသော အကြောင်းအခြေခံသည် သာသနာနှစ် ၄၅၀ ပြည့်နှစ်တွင် သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း၏အကူအညီဖြင့် မဟာသံဃရာဇာအမှူးပြု၍ စတုတ္ထသင်္ဂါယနာတင်ပြီးသောအခါတွင် သိသာစွာ ဂိုဏ်းကွဲများ ပေါ်လာခဲ့လေသည်။ သာသနာနှစ် ၄၈၅ ခုနှစ်တွင် ဂိုဏ်းကွဲဖြစ်သော မဟာယာနဂိုဏ်းက ဂန္ဓာရတိုင်း ဇာလမြို့၌ ကနိသျှကမင်း၏ အကူအညီဖြင့် အရှင်ဝါသုမိတ္တကို အမှူးပြု၍ စင်ပြိုင်သင်္ဂါယနာတင်ခဲ့လေသည်။

ထို့ကြောင့် မဟာယာနနှင့် ဝိဘဇ္ဇဝါဒ (ထေရဝါဒ) ဟူ၍ ဗုဒ္ဓဘာသာဂိုဏ်းကွဲပြားအနက် မဟာယာဉ်ဂိုဏ်းသားများသည် ပုဂံနေပြည်တော်၌ နှစ်ကာလကြာရှည်စွာ အခြေစိုက်လာခဲ့ကြသည်မှာ ယုံမှားဖွယ်မရှိပေ။

မှန်နန်းရာဇဝင်အလိုအားဖြင့် ပျူစောထီးမင်း (သရေခေတ္တရာသက္ကရာဇ် ၆၂–၁၄၄) (သာသနာနှစ် ၆၆၄ ခုနှစ်နောက်ပိုင်း)လက်ထက်ကပင်

သာသနာရောက်ရှိ၍ ဉမင်နှင့် ဘုရားပုထိုးများ တည်ကြောင်းပြဆိုလေသည်။ တောင်သူကြီးမင်း လက်ထက် (ကောဇာသက္ကရာဇ် ၂၉၃–၃၂၆) တွင် နဂါးရုပ်ထုထွင်း၍ နဂါးကို ကိုးကွယ်ကြောင်းနှင့် သရေခေတ္တရာနှင့် သထုံပြည်များတွင် ပုထိုးများရှိသည့် နည်းတူ ပုဂံပြည်တွင် ပုထိုးကြီး၊ ပုထိုးငယ်၊ ပုထိုးသားများ၊ သင်လည်ပုထိုး၊ စိတ်တည်ပုထိုးဟူ၍ ပုထိုးငါးလုံးတည်ကြောင်းနှင့်လည်း ဖော်ပြလေသည်။ ထိုပုထိုးများကား ပုဂံမြို့၌ ယခုတိုင် ထင်ရှားရှိလေသည်။ သို့ရာတွင် ပုထိုးများတွင် နံရံဆေးရေးပန်းချီကားများ အောက်၌ပါရှိသော မွန်အက္ခရာ စာအရေးအသားကို ထောက်ရှု၍ ကျန်စစ်သားမင်း ကြီးခေတ်တွင် တည်ဖွယ်ရာရှိသည်ဟု ခန့်မှန်းကြလေသည်။ စင်စစ်အားဖြင့် အနော်ရထာမင်းခေတ်နှင့် နှစ်ပေါင်း ၁၀၀ မျှသာ ကွာခြားသည်ဖြစ်ရာ၊ မွန်စာနှင့် ပန်းချီအရေးအသားတို့မှာ တည်ပြီး ဘုရား၌ နောင်ကာလမှရေးထိုးမည်ဆိုက ဖြစ်နိုင်ဖွယ်ရှိပေသည်။ (နိုင်ငံခြားသား ပညာရှင်များသည် မြန်မာနိုင်ငံ ယဉ်ကျေးမှုနှင့်ဘာသာရေးစာပေ စသည်တို့ကို ကျောက်စာတွေ့ရှိရသော အနော်ရထာခေတ်ထက်စော၍ အရေးမပေးလိုကြပေ။ မြန်မာဟူသည်မှာပင် ထိုအခါက ပေါ်ပေါက်၍ ထိုခေတ်မတိုင်မီက ယဉ်ကျေးမှု လုံးဝမရှိသော အရိုင်းအစိုင်းများပမာ သိက္ခာချ၍ တွေးထင်တတ်ကြသည်မှာ ယထာဘူတမကျလွန်းဟု ဆိုရပေမည်။)

သိုက်တိုင်မင်းလက်ထက် (သရေခေတ္တရာ သက္ကရာဇ် ၄၃၆–၄၄၃) အနော်ရထာမတိုင်မီ ၅၂ ခုနှစ်ခန့်ကစ၍ မဟာယနဂိုဏ်းကွဲဖြစ်သော အရည်းရဟန်းတို့ ရောယှက်ကာ သာသနာမှေးမှိန်လာခဲ့ရာ တောင်သူကြီးမင်း လက်ထက်တွင်ကား အရည်းရဟန်းတို့၏ သာသနာမှာ ကြီးထွားကျယ်ပြန့်လာသည်ဟု ဆိုလေသည်။

*အရည်းရဟန်းတို့၏ သာသနာမှာ ကွဲပြားညစ်နွမ်းသော ဗုဒ္ဓဘာသာ ဂိုဏ်းကွဲတစ်ခု၏ ဝါဒအလေ့အလာဖြစ်သည်ဟုပင် ယူဆကြလေသည်။ ဗုဒ္ဓဘာသာတွင် အိန္ဒိယတောင်ပိုင်း၊ (ထေရဝါဒဂိုဏ်း)နှင့် အိန္ဒိယမြောက်ပိုင်း (မဟာယာနဂိုဏ်း) ဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲခဲ့ရာ၊ ထေရဝါဒဂိုဏ်းကို ပစ္စေကဗုဒ္ဓယာနဂိုဏ်းဟူ၍လည်းကောင်း၊ မဟာယနဂိုဏ်းကို ဗောဓိသတ္တဂိုဏ်းဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။ ထိုဗောဓိသတ္တဂိုဏ်းတွင် တစ်ဖန် အထက်ဂိုဏ်း (လက်ျာဂိုဏ်းနှင့် အောက်ဂိုဏ်း (လက်ဝဲဂိုဏ်း) ဟူ၍လည်း ထပ်ဆင့်ကွဲပြားလေသေးသည်။ အထက်ဂိုဏ်းတွင် မွန်မြတ်သော ကျင့်စဉ်များရှိသော်လည်း အောက်ဂိုဏ်းတွင် စုန်း နတ်တို့ကို ကိုးကွယ်ပူဇော်ခြင်း၊ ဂါထာမန္တန်၊ အင်းအိုင်မန္တရားတို့ကို ရွတ်ဖတ်၍ စုန်းနတ်တစ္ဆေတို့ကို ဖိတ်ခေါ်ခြင်းတို့ကိုလည်း ပြုလုပ်လေသည်။ ထိုဂိုဏ်းသည် တန္တရဝါဒီဂိုဏ်းဟူ၍ ထင်ရှားလေသည်။

တန္တရဝါဒီတို့သည် လောကီသုခကိုလည်းကောင်း၊ တဏှာကာမကိုလည်းကောင်း၊ တဏှာကာမဖြင့်ပင်လျှင် ပြန်၍သတ်ခြင်း၊ သံသရာကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း အမှတ်မထားဘဲ ထိုနှစ်ရပ် တစ်သားတည်းပေါင်းစပ်ရေး အယူအဆကိုလည်းကောင်း၊ ထူးထွေဆန်းကြယ်စွာယူဆ၍ ဝါဒသစ်ထူထောင်ခဲ့ကြလေသည်။ အရည်းရဟန်းတို့မှာ ထိုတန္တရဝါဒကို လိုက်နာကျင့်သုံးကြသူများ ဖြစ်သည်ဟု ယူဆရလေသည်။ အရည်းရဟန်းတို့သည် ပုဂံပြည် သစ်မထီးအရပ်တွင် အစဉ်အဆက် နေထိုင်ခဲ့ကြရာ အနော်ရထာမင်းလက်ထက်အထိပင် ဖြစ်လေသည်။

---

* ရှေးဟောင်းအုတ်ခွက် ရုပ်ပွားတော်များ၊ ဦးမြ၊ စာမျက်နှာ ၉။

mgyoe.com

အရည်းတို့၏ ဩဝါဒတစ်ရပ်တွင် မင်း၊ မှူးမတ်၊ သူဌေးသူကြွယ် ပြည်သူပြည်သားတို့မှာ မိမိတို့ သားသမီးများကို ထိမ်းမြားမင်္ဂလာပြုသောအခါ သတို့သမီးအား ညဦးကပင် ဆရာအရည်းတို့အား ရှေးဦးစွာ ကာမဖြင့် အလုပ်အကျွေးပြုစေပြီး၊ နံနက်လင်း၍ ပြန်လွှတ်လိုက်သောအခါမှသာ လက်ထပ်စေခြင်းပင် ဖြစ်လေသည်။ ထိုသို့စေလွှတ်ခြင်းကို ပန်းဦးလွှတ်သည် (ပန်းဦးလှူသည်) ဟု ခေါ်ဆိုလေသည်။ အရည်းတို့အား မင်းအဆက်ဆက်က ကိုးကွယ်သည်ဖြစ်၍ ထိုအတိုင်းမလိုက်နာသူတို့မှာ အစဉ်အလာဖျက်သည်ဟူ၍ ကြီးစွာသော မင်းပြစ်မင်းဒဏ် ခံကြရလေသည်။

(သူမွှန်သူမြတ်တို့အား ကာမဦးလှူသော အလေ့အထမှာ ရှေးခေတ်က နိုင်ငံများစွာတွင်ပင် ရှိခဲ့လေသည်။ ပညာနည်းပါးသောခေတ်က ကာမဦးကို မှိဝဲခြင်းကို ရောဂါအန္တရာယ် မကောင်းဆိုးဝါး ငြိတွယ်တတ်သောကြောင့်၊ ထိုအန္တရာယ်မှ ကင်းလွတ်စေရန်၊ ကာမဦးကို သူမွှန်သူမြတ်တည်းဟူသော မကောင်းဆိုးဝါး အန္တရာယ် တားဆီးနိုင်သူတို့ ရယူစေရန် ပန်းဦးလွှတ်လေ့ရှိကြောင်းကို ကမ္ဘာ့သျှတ္တရကျမ်းများတွင် ဖော်ပြလေသည်။ လက်တင်ဘာသာဖြင့် JUS PRIMAE NOCTIS ဟု ခေါ်လေသည်။ *ဤအလေ့အထသည် အရည်းတို့ အလေ့အလာနှင့် ဆက်စပ်မှုရှိ မရှိ စဉ်းစားဖွယ်ရှိလေသည်။ မည်သို့ပင်ဖြစ်စေ ယုတ်ညံ့သော ကိလေသာစိတ်ဖြင့် အခွင့်ရယူခြင်း၊ ပြည်သူတို့အား အယူမှောက်မှားစေလျက် လွဲမှားသော ပူဇော်မှုပြုစေခြင်းကား ထင်ရှားလေသည်။)

ထိုမှတစ်ပါး အရည်းတို့သည် မည်သည့်အပြစ်ကို ပြုလုပ်မိက၊ မည်သည့်ပရိတ်ကို ရွတ်ဆိုအပ်သည်ဟူ၍လည်း ဟောပြောညွှန်ပြကြသည်ဟု ဆိုလေသည်။ အရည်းတို့သည် ဆံပင်လက်လေးသစ်ခန့်ထား၍ ဒေါက်ချာဆောင်းသည့်အခါဆောင်းလေသည်။ ဆံမုတ်ဆိတ်ကိုလည်း ရိတ်ပယ်ခြင်းလည်း မပြုကြပေ။ နက်ပြာရောင်သင်္ကန်းကို ဝတ်ရုံလေ့ရှိကြလေသည်။ ထို့ပြင် ဆေးဝါး အင်္ဂုရတ်၊ လက်ဖွေ့၊ မြင်းစီးစသော လောကီပညာများကိုလည်း လေ့လာတတ်မြောက်ကြ၍၊ အရက်သေစာ သောက်စားခြင်း၊ ညစာ စားသောက်ခြင်းများလည်း ပြုလေသည်။ သစ်ပင်များ၌ အခေါက်ကိုထွင်းကာ ရေးလိုသောစာကို ရေးသားထည့်သွင်း၍ အပွေးသစ်တက်၍ဖုံးသွားသောအခါ၊ အိပ်မက်အရဟုဆိုကာ လူများအား ရှာဖွေခုတ်ထစ်ကြည့်ရှုစေလျက် ပညာဉာဏ်နည်းသူတို့အား ယုံကြည်အောင် လှည့်စားကြလေသည်။

အရည်းကြီးတို့ အင်အားမှာကား နည်းပါးလှသည်မဟုတ်။ အရည်းကြီးသုံးကျိပ်ရှိ၍ တပည့်ခြောက်သောင်းရှိသည်ဟု ဆိုလေသည်။ ထိုအရည်းတို့သည် မိမိတို့အယူဝါဒကို လူအများလက်ခံအောင် အားကြိုးလုံ့လပြုခဲ့ကြရာ အနော်ရထာမင်းလက်ထက်သို့ တိုင်လေသည်။

အနော်ရထာမင်းကြီးသည်ကား ဆင်ခြင်ဉာဏ် ရင့်သန်သည်ဖြစ်ရာ အရည်းတို့ကို လက်ခံယုံကြည်ရခြင်း၌ သံသယဝင်လေသည်။ သူတော်သူမြတ်ဆိုပါလျက် ကာမဂုဏ်စည်းစိမ်ကို ခြိုးခြံခြင်းမရှိ ခံစားခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်းတို့ကြောင့် ကျေနပ်ခြင်းမရှိချေ။ ထိုမှတစ်ပါး ဗုဒ္ဓဘာသာနှင့် ပတ်သက်သော တရားစစ်တရားမှန်တို့သည် ရှိပေဦးမည်ဟူ၍လည်း တောင့်တခြင်းဖြစ်မိလေသည်။ ထိုအကြောင်းကို ရိပ်မိသော အရည်းတို့သည် မိမိတို့ဂိုဏ်းအတွက် မင်းကြီး ယုံ

* တန်တရစ်ယောဂီတို့သည် မေထုန်မှုဖြင့် အမြိုက်တရား ခံစားရယူပုံများကို အကျယ်အားဖြင့် အက်စ်ဘီဒတ်စ်ဂွတ်ပတားရေး တန်တရစ်ဗုဒ္ဓဘာသာ အညွှန်းစာမျက်နှာ ၇၂-၇၃-၁၆၂-၁၆၃-၁၇၁ တို့တွင် တွေ့ရှိနိုင်သည်။

myoe.com

ကြည်လောက်သော ကျမ်းစာများသည် ရှိပါဘိသည်ဟု ထောက်ပြရန် ကာလအတန်ကြာကပင် လျှို့ဝှက်ကြံစည်ကြလေသည်။ ကြံစည်ပုံမှာ သရေခေတ္တရာပြည်အလယ်ရှိ သခွတ်ပင်ကြီးအခေါင်းအတွင်း၌ ကျမ်းစာများလိုရာရေးသား၍ သွတ်သွင်းပြီးလျှင် အခွံအသား စေ့စပ်လွယ်အောင် ရွှံ့တို့ကို မံ၍ မပြတ်လုံ့လထုတ်လေသည်။ ကာလကြာရှည်လျှင် အခွံအသားစေ့စပ်သည်နှင့် အနော်ရထာမင်းကြီးအား မိမိတို့အား နတ်တို့အိပ်မက်ပေးလာလေဟန်ဖြင့် သရေခေတ္တရာပြည်သို့ သွားရောက်၍ ကျမ်းစာကိုဖော်ယူရန် မိန့်ကြားလေသည်။

အနော်ရထာမင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့် သရေခေတ္တရာပြည်သို့ ထွက်ကြွတော်မူ၍ သခွတ်ပင်ကြီးကို ဖောက်စေပြီး ကျမ်းများကိုရရှိ၍ ဖတ်ရှုလေသော် သဘောသကန် ယုတ္တိမရှိကြောင်းကို သိရှိ၍ ထိုအရပ်၌ပင် မီးတိုက်လေသည်။ ထိုအကြောင်းကို သထုံပြည်မှ ဓမ္မဒဿီဘွဲ့တော်ရှိသော ရဟန္တာရှင်အရဟံသည် ကြားသိတော်မူသဖြင့် ပုဂံပြည်၌ သာသနာပြုရန်ကြွချီတော်မူလေသည်။ ထိုအချိန်၌ သထုံပြည်တွင် မွန်လူမျိုးတို့ နေထိုင်ကြရာ၊ အိန္ဒိယနိုင်ငံတော် တောင်ပိုင်းမှတစ်ဆင့် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလျက်ရှိနေလေသည်။

ရှင်အရဟံအား မုဆိုးတစ်ဦးက တောတွင်း၌ တွေ့ရှိ၍ ပင့်ဆောင်ကာ မင်းကြီးထံသို့ ပို့လေလျှင် အနော်ရထာမင်းကြီးသည် ရှင်အရဟံအား မေးမြန်း၍ ဗုဒ္ဓ၏ တရားစစ်တရားမှန်ကို နာကြားရသဖြင့် ကြည်ညိုမဆုံးရှိကာ ထေရဝါဒဗုဒ္ဓဘာသာသို့ သက်ဝင်လေသည်။ ထို့နောက် မြတ်စွာဘုရား၏ တရားပိဋကတ်တော်တို့ကို သင်အံနာကြားဖြန့်ချိလိုလှသဖြင့် ရှင်အရဟံ၏ သတင်းစကား ပြောကြားချက်အရ သထုံရှိ မွန်မင်း မနုဟာထံသို့ တမန်စေလွှတ်၍ ဗုဒ္ဓပိဋကတ်တော်များကို ပင့်ဆောင်စေလေသည်။ သို့ရာတွင် သထုံမင်းက မချေမငံ ပြန်ကြားပြောဆိုသဖြင့် စစ်သည်တော်များ စည်းရုံးကာ သက္ကရာဇ် ၄၁၉ ခုနှစ် (သာသနာနှစ် ၁၆၀၁ ခုနှစ်) တွင် သထုံမြို့သို့ ချီတက်တိုက်ခိုက်အောင်မြင်လေရာ၊ မွန်ရဟန်းတော် ၃၀၀၀၊ မြို့သူမြို့သား သုံးသောင်း၊ သထုံမင်းနှင့် ဆွေတော်မျိုးတော်တို့နှင့်အတူ၊ ပိဋကတ်စာပေအလုံးစုံကိုပါ ဆင် ၃၂ စီးထက်တွင်တင်၍ ပုဂံနေပြည်တော်သို့ ပင့်ဆောင်လာခဲ့လေသည်။ ထိုအခါတွင် ပုဂံပြည်၌ သာသနာရေးလုပ်ငန်းများ တစ်ခန်းစတင်လေတော့သည်။ ဘုရားပုထိုးတည်ခြင်း၊ အလှူဒါနပြုခြင်း၊ ပိဋကတ်တော်ပြန်ဆိုခြင်း၊ ကျောက်စာရေးထိုးခြင်း စသည်တို့ကိုလည်း ပြုလုပ်ကြလေတော့သည်။

အနော်ရထာမင်းကြီးသည် အရည်းတို့၏ဝါဒမှာ မှားယွင်းကြောင်း သိရှိ၍ အရည်းတို့အား လူဝတ်လဲစေကာ၊ တပ်တော်တွင် အဲမောင်းလှံကိုင်၊ ဆင်ချေးကျုံးအဖြစ် ထမ်းရွက်စေလေသည်။ ပြည်သူပြည်သားတို့အားလည်း အယူဝါဒဟောင်းကို သန့်စင်စေလေသည်။ သို့ရာတွင် အနော်ရထာမင်းကြီးသည် ထေရဝါဒ ဗုဒ္ဓဘာသာဟူ၍လည်းကောင်း၊ မဟာယာန ဗုဒ္ဓဘာသာဟူ၍လည်းကောင်း၊ မခွဲခြားဘဲ ဗုဒ္ဓဘာသာဟူ၍ အမှတ်ပြုကိုးကွယ်ခဲ့လေသည်။ အနော်ရထာမင်းကြီးသည် ဗောဓိသတ္တယာနကိုဏ်းသားတစ်ဦးဖြစ်ကြောင်းကို မင်းကြီးကိုယ်တိုင် သွန်းလုပ်သော အုတ်ခွက်လောကနာထပုံတော်ကို အထောက်အထားပြု၍ ပြောဆိုကြလေသည်။ အနော်ရထာမင်းကြီးသည် ဗုဒ္ဓရုပ်ပွားတော် အုတ်ခွက်များကိုလည်း မိမိကိုယ်တိုင် လက်တော်ဖြင့်သွန်းလုပ်၍ ဌာပနာစေခဲ့လေသည်။ အနော်ရထာ (ဂြီအနိရုဒ္ဓဒေဝ) အမည်ဖြင့် သွန်းလုပ်သော အုတ်ခွက်အများအပြားကို တွေ့ရှိနိုင်ကြလေသည်။ ထိုအုတ်ခွက်များအနက်—

ဤလောကနာထ (ဘုရားလှောင်း) ဆင်းတု



လောကနာထ အုတ်ခွက်နှင့် ထိုအုတ်ခွက်ကျောဘက်ပါ လက်ရေးစာ

တော်ကို သီရိအနိရုဒ္ဓဒေဝအမည်ရှိသော မင်းကြီးသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ မိမိလက်တော်ဖြင့် သွန်းလုပ်တော်မူသည်။

ဟူ၍ အဓိပ္ပာယ်ရှိသော ပါဠိဘာသာ မြန်မာအက္ခရာရေး အုတ်ခွက်။

ယေ ဓမ္မာ ဟေတု ပြဘဝါ အစချီ ပါဠိအဆုံးတွင် ဇဝံ ဝါဒီ မဟာသမဏ ဟူသော ပုဒ်အစား ဇဝံဝါဒီကြီ အနိရုဒ္ဓဒေဝ၊

(အနော်ရထာမင်းကြီးသည် ဤသို့လျှင် သက်ဝင်ယုံကြည်၏)

ဟူ၍ အဓိပ္ပာယ်ပါရှိသော နာဂရီအက္ခရာရေး အုတ်ခွက်နှင့်

ဤဗုဒ္ဓဝင်အုတ်ခွက်ကို မြတ်သောမင်းကြီး အနော်ရထာမင်းမြတ်သည် ဝိမုတ္တိရသ နိဗ္ဗာန်ကို ရလိုခြင်းအကျိုးငှာ၊ မိမိလက်တော်ဖြင့် သာလျှင် ပြုအပ်၏။

ဟူ၍ အဓိပ္ပာယ်ရှိသော ပါဠိဘာသာ မြန်မာ အက္ခရာရေး အုတ်ခွက်စသည်တို့မှာ အနော်ရထာမင်းကြီး၏ သက်ဝင်ယုံကြည်မှုကို ဖော်ပြလေသည်။ *ဤအုတ်ခွက်ကို ၁၉၄၈ ခုနှစ် ဧပြီလတွင် မိုးမိတ်သစ်တောနယ်အဝင် ငအိုးရွာအနီး နွားတလည်ရွာဟောင်း စေတီဟောင်းဌာပနာတိုက်မှ ရရှိလေသည်။

အရည်းရဟန်းတို့သည် အနော်ရထာမင်းကြီး လက်ထက်တွင် နှိမ်နင်းခြင်း ခံရသော်လည်း အရည်းတို့၏ အလေ့အကျင့်ဆိုးအချို့ ပြတ်စဲလေသည်မှတစ်ပါး တန္တရစ်ဗုဒ္ဓဘာသာဝါဒကား ဆက်လက်၍ အတန်ကြာအောင် တည်မြဲနေလေသည်။ မဟာယဉ်ဂိုဏ်းဝါဒဖြစ်သော ဗောဓိသတ္တဝါဒကား ထေရဝါဒဗုဒ္ဓဘာသာနှင့် အတန်ပင် ရောနှောတည်ရှိခဲ့သေး၍ ဗြဟ္မဏဝါဒတို့လည်း ရှင်သန်လျက်ပင် ကျန်ခဲ့ကြောင်း သိရှိနိုင်လေသည်။

ပုဂံမြို့ရှိ ဘုရားပုထိုးနံရံတို့တွင် အရည်းရဟန်းပုံများဟု ထင်ရသော ရုပ်ပုံများကိုလည်း ကျန်စစ်သား နောက်ပိုင်းခေတ် လက်ရာများတွင် တွေ့ရှိရလေသည်။ အရည်းတို့မှာ ပုဂံ သမထီးအရပ်၌လည်းကောင်း၊ ပုပ္ပားတောင်ခြေ၌ လည်းကောင်း ကြွင်းကျန်နေခဲ့၍ သက္ကရာဇ် ၆၇၇ ခုနှစ်အထိ စစ်ကိုင်းဘက်တွင် အရည်းရှင်ယောင်များ ရှိနေသေးသည်ဟု ဆိုလေသည်။ သက္ကရာဇ် ၅၇၅ ခုနှစ် နှယုန်

* ကမ္ဗည်းကျောက်စာဝန် ၁၉၄၇–၄၀ နှစ်ချုပ် အစီရင်ခံစာ စာမျက်နှာ ၈။

mgyoe.com

mgyoe.com

လဆန်း ၁၁ ရက်နေ့ထိုး ပုဂံရှင်ပင် ဇောမိဘုရား တံတိုင်းအတွင်း သင်လျင်အိုကပ်သင်ချင် ကျောက်စာကျောဘက်ကြောင်းရေ ၄–၆ တို့တွင်–

> သပိတ် ၁၀၀ ဝယ်၍ ထမင်းထက်ပြည့်ထည့်၍ အရည်းအားလှူ၏။ ငွေဖုရားလည်း သင်အရည်းတို့ ရှိခိုးစေဟူ၍ပေးလိုက်၏။

စသည်ဖြင့် ရေးထိုးထားသည်ကို တွေ့ရှိနိုင်လေသည်။ ဤတွင် အရည်းမှာ အရိယာဟူသော ပါဠိအရ သူတော်မွန်ဟူ၍ ယူဆနိုင်သော်လည်း ရဟန်းတော်တို့ကိုရည်၍ သုံးခြင်းမဟုတ်သည်မှာ ထင်ရှားပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကျောက်စာမျက်နှာဘက်တွင် ကြောင်းရေ ၇–၉ တွင် –

> ထိုရေကြားပါသော သိပါသော မင်းဆရာ သုခမိန်ကြီး ၅ ယောက်၊ သခင်န၊ ယဂမ္ဘိ ၁ ယောက်၊ သခင်တိလောကသာရ ၁ယောက်၊ သခင်ပညာဝိလာသ တစ်ယောက်၊ သခင် ဒိသာပြာမောက် ၁ ယောက်၊

စသည်ဖြင့် ရဟန်းတော်တို့အား "သခင်" ဟု သုံးနှုန်းခေါ်ဆိုသည့်ပြင်၊ ကြောင်းရေ ၂၀–၂၁ ၌–

> စပါးရသမျှကား၊ ဖုရားနှင့်တရားကား ၆ ဆ၊ သဃ်ာကား ၄ဆ၊ ဤမျှ ငါခွဲဝေခဲ့သော် ဟုတ္တာ။

စသည်ဖြင့် "သံဃာ"ဟူသော စကားကို သီးခြား သုံးစွဲထားပေသည်။ ထို့ကြောင့် ထိုအချိန်အထိ အရည်းတို့အား လှူတန်းသောအထောက်အထားကို တွေ့ရှိရပေသည်။

အနော်ရထာမင်းကြီးလက်ထက်နှင့် ထို့နောက် ကျန်စစ်သားမင်းတို့၏ လက်ထက်များအထိ မဟာယဉ်ဂိုဏ်းနှင့်ဆိုင်ရာ ဇောမိသတ် ကိုးကွယ်မှုအထောက်အထားများ၊ တန္တရစ်ဗုဒ္ဓဘာသာ ကိုးကွယ်မှုအထောက်အထားနှင့် ဗြဟ္မဏဝါဒ ကိုးကွယ်မှု အထောက်အထားများကိုပါ တွေ့ရှိရပေသည်။

ပုဂံဘုရားများတွင်တွေ့ရသော ဗုဒ္ဓဝင်ပန်းချီကားများတွင် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူခန်း၌ လက်ျာနံတောင်းမှ ဖွားမြင်ဟန်ရေးချယ်ထားခြင်းတွင် လက်ျာနံတောင်းမှ ဖွားမြင်သည်ဟူသော အယူအဆသည်ပင် မဟာယာဉ်ဂိုဏ်း၏ အယူအဆဖြစ်လေသည်။ ထိုမှတစ်ပါး မကိုဋ်ဆင်မြန်းသော ဇောမိသတ်ပုံမျိုးကိုလည်း ထုလုပ်ခြင်း၊ ရေးဆွဲခြင်း ရှိခဲ့ရုံသာမက ဇမ္ဗုပတိပုံဟု အများယူဆနေကြသော ယခုခေတ်ထိ သွန်းလုပ်ကိုးကွယ်နေကြသော ပုံတော်များသည်ပင် မဟာယဉ်ဂိုဏ်း၏ လက်ငုတ်လက်စများဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် အနော်ရထာမင်းကြီး၏ လက်ထက်တွင်လည်းကောင်း၊ ကျန်စစ်မင်းကြီးလက်ထက်တွင်လည်းကောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ ရောက်ရှိလာစေကာမူ၊ မဟာယဉ်အရိပ်အငွေ့များ လုံးဝကင်းပျောက်ခြင်းမရှိကြောင်း ထင်ရှားလေသည်။ ထိုစဉ်အခါက ထေရဝါဒ၊ မဟာယာန စသော စကားလုံးများ သုံးစွဲခေါ်တွင်ခြင်းကိုပင် လုံးဝ မတွေ့ရှိကြရပေ။ ပုဂံခေတ်က ထိုသို့ခွဲခြားခေါ်ဝေါ်ခြင်း၊ ဂိုဏ်းခွဲအမည်ပေးခြင်းမရှိဘဲ ဗုဒ္ဓဝါဒကိုသာ အခြေခံထား၍ သန့်စင်စစ်မှန်မှုကိုသာ စူးစမ်းနာယူကာ လေ့လာကိုးကွယ်လျက် ရှိကြသည်ဟု ယူဆရလေသည်။ နောင်အခါတွင်ကား သီဟိုဠ်ကျွန်းနှင့် အဆက်အသွယ်ပိုမိုရရှိ၍ ထေရဝါဒဗုဒ္ဓဘာသာမှာ ပိုမို၍လွှမ်းမိုးလာခဲ့ဟန် တူလေသည်။

ကျန်စစ်မင်းကြီးသည် မွန်အမျိုးသားများကို စည်းရုံးရာ၌လည်းကောင်း၊ မွန်ရဟန်းတော်များ၏ လေးစားခြင်းကို ခံရရန်အတွက်လည်းကောင်း၊ ပုဂံ

* EPIGRAPHIA BIRMANICA VOL II-PART II Pg.1

mgyoe.com

တွင် ရှိရင်းစွဲ မဟာယာဉ်ဂိုဏ်း ဘာသာဝင်တို့၏ ကြည်ညိုမှုကို ရယူရန်အတွက်လည်းကောင်း၊ ဗြဟ္မဏဝါဒီတို့၏ လေးစားမှုကို ခံယူရန်အတွက်လည်းကောင်း အလွန်ကျွမ်းကျင်ပါးနပ်စွာဖြင့် မိမိကိုယ်ကို မြတ်စွာဘုရား ဗျာဒိတ်ထားသူဖြစ်ကြောင်း၊ ဗိဿနိုး ရသေ့ဘဝမှ ဝင်စား၍ သိသိတ်(သရေခေတ္တရာ) မြို့ကို တည်ထောင်ခဲ့ပြီးမှ ဂြိုတြိဘုဝနာဒိတျဓမ္မရာဇာဟူသော ကျန်စစ်သားမင်းကြီး ဖြစ်လာကြောင်းများကို မွန်ဘာသာဖြင့် ကျောက်စာများရေးထိုး၍ ညောင်ဦး ရွှေစည်းခုံဘုရားတွင်လည်းကောင်း၊ သရပါတံခါးအရှေ့တွင်လည်းကောင်း၊ ပြည်ရွှေဆံတော်၌လည်းကောင်း၊ သထုံတစ်ဝိုက်၌လည်းကောင်း၊ စိုက်ထူစေခဲ့လေသည်။ ဤတွင် ဗိဿနိုးနတ်မှာ ဗြဟ္မဏဝါဒီတို့၏ ကိုးကွယ်ရာဖြစ်လေသည်။ ဘဝတစ်ဆင့်မှတစ်ဆင့် ဝင်စားခြင်း၊ ဘုရားဗျာဒိတ်ခံခြင်းတို့မှာ မဟာယဉ်ဝါဒီတို့၏ အယူနှင့် နွယ်လေသည်။ ပုဂံတွင် ထိုအခါက အရေအတွက်များလှသော မွန်ရဟန်းတော်များနှင့် မွန်ဒေသရှိ မွန်အမျိုးသားတို့ ယုံကြည်လေးစားမှု ရစေရန်အတွက် ကျောက်စာများကိုလည်း မွန်ဘာသာဖြင့်ပင် တခမ်းတနားဖွဲ့နွဲ့ရေးထိုးစေလေသည်။ ထိုအချိန်က ကျောက်စာထုလုပ်မှုသာမက ပုဂံအာနန္ဒာဘုရားရှိ ငါးရာငါးဆယ်ဇာတ် စဉ့်ကွင်းရုပ်ကြွများ ပြုလုပ်ရာ၌ပင် * မွန်ရဟန်းတော်များ ကြပ်မ၍ အိန္ဒိယအမျိုးသား ပညာသည်တို့ကို ထုလုပ်စေသဖြင့် ရုပ်ကြွပါ စာတန်းတို့ကိုလည်း ကြပ်မသော မွန်ရဟန်းတို့က မွန်ဘာသာဖြင့် ရေးထိုးခဲ့သည်ကို ကျေနပ်စွာလက်ခံလေသည်။

ထိုခေတ်တွင် ဗြဟ္မဏဝါဒသည် တစ်စိတ်တစ်ဒေသအားဖြင့် တည်ရှိနေသေးသည်မှာ ထင်ရှားပေသည်။ ကျန်စစ်မင်းကြီး၏ နန်းတည်ကျောက်စာအရ၊ နန်းတော်သစ်ဆောက်လုပ်မည့်နေရာ၌ ပရိတ်ရွတ်ဖတ်ရန်၊ ပရိတ်ရေဆောင်ယူရန်စသော ကိစ္စများ၌လည်းကောင်း၊ နာရာယဏ



နတ်လှောင်ကျောင်းပုံ

မည်သော ဗိဿနိုးနတ်အား ကြံ၊ ငှက်ပျော၊ သင်ပုတ်၊ ဒေါင်းလန်း၊ ဆီမီးစသည်တို့ဖြင့် ပူဇော်သောကိစ္စများ၌လည်းကောင်း၊ သင်္ကြန်ပုဏ္ဏားများ ပါဝင်ရှေ့ဆောင်ကြောင်းကို ဖော်ပြထားရာ၊ ထိုပုဏ္ဏားများသည် ဗြဟ္မဏဘာသာဝင်များပင် ဖြစ်လေသည်။

ပုဂံတွင် မနုဟာမင်းတည်သော နန်းဘုရားတွင် တိုက်အတွင်း၌ အခန်းအဆောင်တစ်ခုတွင် ဟိန္ဒူနတ်များ၏ ကျောက်ရုပ်တုများကို နံရံ၌ကပ်လျက် တည်ထားလေသည်။ ဤအခြင်းအရာမှာ ထေရဝါဒကိုးကွယ်မှုနှင့် ရောစပ်၍ တည်ထားရာရောက်လေသည်။ (ဟောလ်၏ ရာဇဝင်၌ ရာဇဝင်ဆရာဟာဗီ၏ အဆိုကို ကိုးကားကာ၊ "ဟိန္ဒူနတ်ရုပ်များသည် အလွန်ထင်ရှားရကား၊ သထုံဗုဒ္ဓဘာသာတွင် ဟိန္ဒူအယူ အများအပြား ရောနှောနေ

ကြောင်းမှာ ဒွိဟမဖြစ်နိုင်” ဟူ၍ မှတ်ချက်ချခဲ့လေသည်။ ပုဂံတွင် ရှိနေခဲ့ပြီး ဗြဟ္မဏဝါဒသော်လည်းကောင်း၊ သထုံမှ ပါလာသော ဗြဟ္မဏဝါဒသော်လည်းကောင်း ဖြစ်နိုင်သည်ချည်းသာ ဖြစ်ပေသည်။)

ထိုမှတစ်ပါး ပုဂံမြို့တွင် တည်ရှိသော နတ်လှောင်ကျောင်းမှာ ဗိဿနိုးဗိမာန်ကျောင်းပင် ဖြစ်လေသည်။ အနော်ရထာမင်းကြီးလက်ထက်တွင် နတ်ရုပ်များကို မကိုးကွယ်လိုတော့သဖြင့် ဘုရားအသီးသီးမှ သိမ်းရုံးစုပေါင်း သိုလှောင်ထားရာ ကျောင်းဖြစ်သည်ဟု အချို့မှတ်ထင်ယူဆနေတတ်ကြ၏။ စင်စစ်သော်ကား ထိုအဆောက်အအုံမှာ ဗြဟ္မဏဝါဒီတို့ ကိုးကွယ်ရာအတွက် ဆောက်လုပ်ခဲ့သော နတ်ဗိမာန်ကျောင်းပင် ဖြစ်လေသည်။ ခရစ်နှစ် ၁၉၀၂ ခုနှစ်က မြင်းပုဂံအရပ်၌ တွေ့ရသော (ယခုပုဂံပြတိုက်ရှိ) အိန္ဒိယတောင်ပိုင်း တမီလ်ဘာသာ (ဒမိဠ) ဖြင့် ရေးထိုးသော ကျောက်စာ၌ ပုဂံတွင် နာနာဒေသီဝိန္နဂရအလဝရ်တန်ဆောင်း (ဗိဿနိုးဗိမာန်) ရှိကြောင်း ဖော်ပြထားလေသည်။ နတ်လှောင်ကျောင်းတွင် ဗြဟ္မဏဘာသာဆိုင်ရာ နတ်ရုပ်တုများကို ထုလုပ်ထားရှိလေသည်။ (ရှေ့မျက်နှာစာအဝင်ဝတွင် အုတ်ချိုင့်သာရှိ၍ မူလနတ်ရုပ်ကို ဂျာမန်အမျိုးသားတို့ ယူဆောင်သွား၍ ဘာလင်ပြတိုက်သို့ ရောက်ရှိနေလေသည်။ ၁၉၁၂–၁၃ အိန္ဒိယနိုင်ငံဆိုင်ရာ ကမ္ဗည်းကျောက်စာ အစီရင်ခံစာ၊ စာမျက်နှာ ၁၃၅–၁၃၇)။ ထိုနတ်လှောင်ကျောင်း၌ ရုပ်တုများအပြင် ဗိဿနိုးနတ်မင်းပုံ နံရံရေး ပန်းချီကားများလည်း ရှိခဲ့လေသည်။ ရုပ်တုများမှာ ဝရာဟအဝတာရ၊ နရသိဟအဝတာရ၊ ရာမစန္ဒြအဝတာရ၊ ပရသုရာမ်အဝတာရ၊ ဝါမနအဝတာရ၊ ကယ်ကီအဝတာရ စသည်တို့ ဖြစ်လေသည်။ သိဝနတ်ရုပ်ဟု ယူဆရသော အရုပ်တစ်ခု



နတ်လှောင်ကျောင်းမှ သိဝနတ်ရုပ်၊ ပုဂံပြတိုက်။

ကိုမူ ပုဂံပြတိုက်၌ ထိန်းသိမ်းထားလေသည်။

ထိုမှတစ်ပါး ပုဂံအပယ်ရတနာ ဘုရားဂူတွင် ပန်းချီဆေးရေးရုပ်တို့၌လည်း ဗိဿနိုးဗြဟ္မဏနတ်ရုပ်များရှိ၍၊ လောကဥဿျောင်ဘုရားတွင် ဗိဿနိုးမင်းကြီး၏ပုံကို နံရံပြည့်မျှ ရေးချယ်ထားလေသည်။ နန္ဒမညာ၊ ဘုရားသုံးဆူ၊ သမ္ဗျုလစသော အဆောက်အအုံများရှိ ဗြဟ္မာပုံများမှာလည်း ဗြဟ္မဏတို့ ကိုးကွယ်သော မဟာဗြဟ္မာကြီးကဲ့သို့ ဦးခေါင်းလေးလုံးဖြင့် ရှိလေသည်။ ဤသို့အားဖြင့် ပုဂံ၌ ဗြဟ္မဏဝါဒ ထွန်းကားခဲ့ကြောင်း

သိသာလှေသည်။

mgyoe.com



အနော်ရထာမင်းသည် သထုံမှ မွန်ရဟန်းတော်များကို ပင့်ဆောင်ခဲ့ပြီးနောက်တွင် *သံဃာ ၃၀၀၀ အနက်မှ ငှက်ပစ်တောင်ကြီးဂိုဏ်း၌ သံဃာ ၁၅၀၀၊ မြင်းကပါဂိုဏ်း၌ သံဃာ ၅၀၀၊ တုရွှင်းတောင်ကြီးဂိုဏ်း၌ သံဃာ ၅၀၀၊ တာမဏိကြီးဂိုဏ်း သံဃာ ၅၀၀ အသီးသီးအားဖြင့် ဂိုဏ်း ၄ ဂိုဏ်းပြု၍ တံဆိပ်လေးစင်း၊ မှန်ကင်းလေးရပ် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့တော်မူလေသည်။

အနော်ရထာမင်းကြီးသည် နိုင်ငံတော် ထူထောင်မှုကိုလည်း တစ်ဖက်မှ လုံးပန်းရသဖြင့် သာသနာရေးကို တစ်ဖက်တည်းဖိ၍ ဆောင်ရွက်နိုင်ခြင်းကား ရှိဟန်မတူပေ။ သို့ရာတွင် ဘုရားပုထိုးကြီးများကို တည်ထားခဲ့ရာ၊ သရေခေတ္တရာမှ ပင့်ဆောင်ခဲ့သော နဖူးသင်းကျစ်တော်ဓာတ်၊ သီဟိုဠ်မှ ပင့်ဆောင်စေသော စွယ်တော်ဓာတ်တို့ကို ဌာပနာ၍ ရွှေစည်းခုံစေတီတော်ကိုလည်းကောင်း၊ ဥဿာမင်းက ဆက်လိုက်သော ဆံတော်ဓာတ်ကို ဌာပနာ၍ ရွှေဆံတော်စေတီတော်ကို လည်းကောင်း တည်တော်မူလေသည်။ (ရွှေဆံတော်ကို မူလဘွဲ့တော်ရင်းအားဖြင့် မဟာဝိန္ဓဲ (မဟာဝိနာယက) ဟူ၍ သမုတ်တော်မူသည်ကို စဉ်းစားဖွယ်ရှိလေသည်။)

ရှင်အရဟံသည် မင်းကြီးသာသနာပြုရာတွင် များစွာကူညီခဲ့ပေသည်။ အနော်ရထာမင်း နတ်ရွာစံ၍ ကျန်စစ်သားမင်းကြီး လက်ထက်တွင်လည်း ဆက်လက်ကူညီလေသည်။ အနော်ရထာနှင့်ကျန်စစ်သားမင်းကြီးအကြား၊ ၇ နှစ်တာကာလတွင် စောလူးမင်း အုပ်စိုးခဲ့သော်လည်း သာသနာရေးတွင် ထူးခြားထင်ရှားသော ဆောင်ရွက်မှုများစွာ မတွေ့ရှိရပေ။ ကျန်စစ်သားမင်းကြီးလက်ထက်တွင် အနော်ရထာမင်းကြီးတည်၍ မပြီးစီးခဲ့သော ရွှေစည်းခုံစေတီကို ဆက်လက်၍ ပြီးစီးအောင် တည်၍ အာနန္ဒာ (အနန္တ) စေတီကြီးကိုလည်း ကြီးကျယ်စွာ တည်ထားလေသည်။ မင်းကြီးလက်ထက်တွင် အိန္ဒိယနိုင်ငံမှ ကြွလာသော ဗုဒ္ဓဘာသာ ရဟန်းတော်များက သြရိဿနယ်၊ ဥဒယဂီရိတောင်တွင် ရှိသော အနန္တလိုဏ်ဂူကြီးအကြောင်းကို ချီးမွမ်းပြောဆိုရာ၊ မင်းကြီးသည် ထိုလိုဏ်ဂူအလား လိုဏ်ဘုရားတည်ရန် ဗိသုကာတို့နှင့် တိုင်ပင်၍ အာနန္ဒာဘုရားကို တည်ခြင်းဖြစ်လေသည်။ (ကျောက်စာဝန် ဒူရွိုင်ဆယ်က အာနန္ဒာဘုရားပုံစံမှာ ဘင်္ဂလား ပြည်မြောက်ပိုင်းရှိ ပဟာပူရ် PAHARPUR ဘုရားရှိခိုးကျောင်းပုံစံပင် ဖြစ်ဖွယ်ရှိသည်ဟု ယူဆသည်။)



နန်းဘုရားမှ ဗြဟ္မာထားကိုးကွယ်မှုဆိုင်ရာရုပ်ကြွ

mgyoe.com

* ရာဇဝံသဇာလိနီ၊ ဦးဘေ၊ စာမျက်နှာ ၂၉။

ကျန်စစ်သားမင်းကြီးသည် နဂါးရုံဘုရား၊ အပယ်ရတနာဘုရား၊ မင်းအိုချမ်းသာဘုရားများကိုလည်း တည်ထားခဲ့လေသည်။

ကျန်စစ်သား နတ်ရွာစံသောအခါ အလောင်းစည်သူမင်းကြီး နန်းတက်ရာ တိုင်းခန်းလှည့်လည်ခြင်းဖြင့်သာ အချိန်များစွာကုန်လေသည်။ သရက္ခန်ရုပ်တုများ ထုလုပ်ကိုးကွယ်၍ ပုဂံမြို့သာမက ကွမ်းရွာ၊ ပုခန်း၊ ဆင်ကြိုး၊ သဃ်တော၊ ရှင်တောင်မ၊ ပုခန်းကြီး၊ စစ်ကိုင်းစသော ဒေသအရပ်ရပ်တွင် ဘုရားစေတီများ တည်ထားခဲ့လေသည်။ ကလေး၊ မင်း၊ မင်းကင်း၊ မြေထူး၊ စည်ပုတ္တရာ၊ ကြံညှပ်၊ စဉ့်ကူး၊ မုဆိုးဘို၊ စမွန်း၊ ရွှေပေါက်ကျွန်း စသော အရပ်များ၌လည်း စေတီများတည်လေသည်။

အလောင်းစည်သူ၏နောက်တွင် နရသူ၊ နရသိခ်မင်းတို့လက်ထက်တွင် ထူးခြားထင်ရှားသော သာသနာရေးရာများ မတွေ့ရှိရရုံမျှမက၊ နရသူမင်းလက်ထက်တွင် သာသနာပင် ဆုတ်ယုတ်ခဲ့လေသည်။ ရဟန်းသံဃာတို့သည် အအုပ်အသင်းစုစည်းမိသူများဖြစ်၍ ထီးနန်းအန္တရာယ်ဖြစ်စေလိမ့်မည်ဟု ယူဆကာ ရဟန်းတော်အများကို လူဝတ်လဲစေသဖြင့်၊ သံဃာအချို့လည်း သီဟိုဠ်ကျွန်းသို့ ထွက်ခွာတော်မူကြသည်ဟု ဆိုလေသည်။ ရဟန်းတို့ သီလညစ်နွမ်းကြောင်းကိုလည်း မာတုဂါမများဖြင့် ဖျက်ဆီးသွေးဆောင်သည်ဟု ဆိုလေသည်။

နရပတိစည်သူမင်း လက်ထက်တွင်ကား သာသနာကို ပြန်လည်ပြုစုတော်မူလေသည်။ စူဠာမဏိ၊ ဂေါဓာပလ္လင်(ကန်တော့ပလ္လင်)၊ ဓမ္မရာဇိက စသော ဘုရားပုထိုးတို့ကို တည်တော်မူ၍ နေပြည်တော်ဝန်းကျင်၌ သီတင်းသုံးသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တတ်မြောက်သော အရိယာသံဃာတော်တို့ကိုလည်း ပစ္စည်းလေးပါး ထောက်ပံ့တော်မူလေသည်။ သီဟိုဠ်ကျွန်း ပရက္ကမဗာဟုမင်းလက်ထက် သာသနာတော် မေးမှိန်သည်ကိုလည်း ကူညီလေသည်။ မင်းကြီးသည် ဥတ္တရာဇီဝမဟာထေရ်အား ဆရာပြု၍ ကိုးကွယ်တော်မူလေသည်။ ထိုမင်းလက်ထက် ဆပဒရွာသား သာမဏေတစ်ဦးသည် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ ပိဋကတ်စာပေ လေ့လာသင်ကြားကာ၊ သီဟိုဠ်ရဟန်းတော် ရှင်သီဝလိ၊ ရှင်တာမလိန္ဒ၊ ရှင်အာနန္ဒာ၊ ရှင်ရာဟုလာတို့ကို ပင့်ဆောင်လျက် သက္ကရာဇ် ၅၄၃ခုနှစ်တွင် ပုဂံသို့ ရောက်ရှိလာလေသည်။ မင်းကြီးလည်း ရဟန်းတော်များကို လွန်စွာ ကြည်ညိုတော်မူလေသည်။ သို့ရာတွင် သီဟိုဠ်မှ ကြွလာသော သံဃာတို့မှာ အသီးအခြားဝိနည်းကံဆောင်၍ သာမဏေတို့ကို ဧရာဝတီမြစ်၌ ဖောင်ဖွဲ့ကာ ရေသိမ်ပြု၍ ပဉ္စင်းခံစေလျက် ဂိုဏ်းသစ်ထူထောင်လေသည်။

ကာလကြာသော် ရာဟုလာထေရ်သည် မလ္လာယုကျွန်းသို့ကြွကာ လူဝတ်လဲလေသည်။ တာမလိန္ဒထေရ်နှင့် သီဝလိထေရ်နှင့် အာနန္ဒာထေရ်မှာ အကျင့်သိက္ခာနှင့်စပ်လျဉ်း၍ ဝိဝါဒကွဲပြားလေသည်။ နရပတိစည်သူမင်းကြီးသည် မထေရ်သုံးပါးအား သဒ္ဓါတော်မူသဖြင့် ဆင်ပေါက်တစ်စီးစီလှူလေရာ၊ တာမလိန္ဒထေရ်နှင့် သီဝလိထေရ်တို့က ဆင်ကိုတောလွှတ်သော်လည်း၊ အာနန္ဒာထေရ်က ဆင်ကို မိမိဆွေမျိုးများရှိရာ သီဟိုဠ်ကျွန်းသို့ ပို့လေသဖြင့် ထေရ်နှစ်ပါးက အာနန္ဒာထေရ်နှင့်အတူ သံဃာကံမပြုဘဲ နေကြလေသည်။ တစ်ဖန် တာမလိန္ဒထေရ်သည် ပစ္စည်းလေးပါးကို နှုတ်မှဖွင့်ထုတ် အလှူခံသဖြင့် သီဝလိထေရ်က သီးခြားသံဃာကံ ပြုပြန်လေသည်။ ဤသို့အားဖြင့် ပုဂံပြည်တွင် မူလရှင်အရဟံအနွယ် သံဃာ တစ်စု၊ တာမလိန္ဒအနွယ် သံဃာတစ်စု၊ သီဝလိ အနွယ် သံဃာကတစ်စု၊ အာနန္ဒအနွယ် သံဃာက တစ်စု အားဖြင့် သံဃာဂိုဏ်း ၄ ဂိုဏ်း ကွဲလေရာ၊ ရှေးဦးသံဃာများကို ပုရိမသံဃာဟုခေါ်၍ သီဟိုဠ်မှ

myoe.com

နောက်ရောက်သံ့ဃာများကို ပစ္ဆိမသံဃာဟု ခေါ် လေသည်။ သက္ကရာဇ် ၅၉၆ ခုနှစ်တွင်ကား နောက်ဆုံး အာနန္ဒာထေရ် ပျံလွန်တော်မူလေသည်။

နရပတိစည်သူမင်းကြီးလက်ထက်တွင် ပုံ့သုကူထေရ် ရှင်သီလဗုဒ္ဓိ (ငစွယ်ရှင်) ကိုလည်း ကိုးကွယ်ဆည်းကပ်တော်မူလေသည်။ မင်းကြီးသည် တလုပ်မြို့မြေနှင့် ပုဂံမြေစိပ်တောင်ကမ်းပါးတွင် ဥမင်ပြု၍ ဝေဠုဝတီမိဖုရားဥမင်ဟု တွင်စေလေသည်။

ထိုမင်းနတ်ရွာစံသော် သက္ကရာဇ် ၅၅၉ ခုနှစ်တွင် ဇေယျာသိင်္ခ နားတောင်းများမင်း နန်းတက်လေသည်။ ထိုမင်းသည် စေတနာ (စစ္စနာ) ပုထိုးကို တည်၍၊ ခမည်းတော်တည်၍ မပြီးခဲ့သော ဂေါဓပလ္လင်စေတီကိုလည်း ပြီးအောင်တည်လေသည်။

ထိုမင်း၏သားတော် ကျစွာမင်းလက်ထက်တွင်ကား ပုဂံပြည်၌ ပိဋကတ်စာပေ ပြန့်ပွားလေသည်။ မင်းကြီးကိုယ်တိုင်ကလည်း ကျမ်းဂန်တတ်မြောက်၍ သံဃာတို့အား ပိဋကတ်ပို့ချလေသည်။ ပရမတ္ထဗိန္ဒုကျမ်းကိုလည်း ပြုစုတော်မူခဲ့လေသည်။ ပြည်သူတို့လည်း ပိဋကတ်ကျမ်းဂန်လေ့ကျွမ်းတတ်မြောက်ကြလေသည်။

ထိုမင်း၏နောက်တွင် ဥဇနာမင်းနှင့် နရသီဟပတေ့ (တရုတ်ပြေးမင်း) လက်ထက်တို့တွင် ကားသာသနာစည်ပင်ထွန်းကားခြင်း ယုတ်လျော့လာခဲ့၍ နရသီဟပတေ့လက်ထက်၌ကား သာသနာ ချီးမြှောက်ခြင်း နည်းပါးလေသည်။ မင်းကြီးသည် ခက်ထန်ကြမ်းကြုတ်၍ အမှားတို့ကို ပြုလေပြီးမှ



အာနန္ဒာဘုရားပုံတော် (ပုဂံမြို့)

mgyoe.com

နောင်တတရားရကာ မင်္ဂလာစေတီကို တည်ခဲ့လေသည်။

တရုတ်ပြေးမင်းဟု ရာဇဝင်တွင်သော နရသီဟပတေ့မင်းလက်ထက်တွင် တရုတ်တရက်တို့ ဝင်ရောက်တိုက်ခိုက်ရာ၊ ကတုတ်တည်၍ ခုခံရန်အတွက် ပုဂံမြို့ရှိ ဘုရား ဂူ ကျောင်းတို့ကို ဖျက်၍ အုတ်ယူလေသဖြင့် ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်ထောင်၊ ကုလားကျောင်းသုံးထောင် ပျက်စီးရသည်ဟု ဆိုလေသည်။ မင်းကြီးလက်ထက်တွင် ဒိသာပါမောက်ဆရာတော်သည် လောကီ–လောကုတ္တရာရေးတို့၌ ကူညီဆောင်ရွက်တော်မူလေသည်။

ဤသို့အားဖြင့် ပုဂံခေတ်နောက်ပိုင်းတွင် သီဟိုဠ်ရဟန်းတော်များ၏ အားထုတ်မှုဖြင့် ပုဂံခေတ် ဗုဒ္ဓဘာသာတွင် မဟာယာဉ် အငွေ့အသက်များ လျော့ပါး၍ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားစည်ပင်လာခဲ့သည်ဟု ဆိုဖွယ်ရှိလေသည်။ ။

mgyoe.com

mgyoe.com

# ပုဂံခေတ်ကျမ်းနှင့် ကျမ်းပြုပုဂ္ဂိုလ်များ

ပုဂံခေတ်တွင် အနော်ရထာမင်းကြီးလက်ထက်၌ သထုံမှ ထေရဝါဒပိဋကတ်တော်များ ရောက်ရှိလာပြီးနောက် မင်းနှင့်တကွ ပြည်သူပြည်သားများ၊ ရဟန်းတော်များသည် ပိဋကတ်တော်များကို လေ့လာသင်ကြားကြရုံမက ပိဋကတ်နှင့် ဆိုင်သော ကျမ်းအဖွင့်များကိုပင် ရေးသားခဲ့ကြလေသည်။ ပိဋကတ်တော်ကို လေ့လာသင်ကြားရန် ဘာသန္တရဖြစ်သော သက္ကတနှင့်ပါဠိ ဘာသာများကိုလည်း အထူးတလည် သင်ကြားကြလေသည်။ သင်ကြားရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဠိသဒ္ဒါကျမ်းအမျိုးမျိုးကိုလည်း တတ်မြောက်ပြီးသော ရဟန်းတော်များက ရေးသားပြုစုပေးကြလေသည်။

ပုဂံခေတ်တွင် သက္ကတဘာသာနှင့် ပါဠိဘာသာတို့ကို တတ်မြောက်ကြကြောင်း ထင်ရှားပေသည်။ ကျောက်စာများတွင် အစချီမင်္ဂလာစကားမှစ၍ သက္ကတဘာသာ ဂြိ(သျှရီ) နမော သဗ္ဗဉာဉာယ၊ သိဒ္ဓံ စသော စကားများကို သုံးစွဲ၍ သက္ကတမှဆင့်ပွားရွေ့လျားသော ဝေါဟာရများကိုလည်း သုံးနှုန်းလေသည်။ ပါဠိဘာသာဖြင့် ရေးထိုးသောကျောက်စာ၊ (ရာဇကုမာရ်ကျောက်စာ) နှင့် ပါဠိရောစွက် ရေးထိုးသော ကျောက်စာ (ပရိမ္မထိးလှိုင်ရှင်ကျောက်စာ၊ ဓမ္မရာဇိကဘုရားကျောက်စာ၊ အသဝတ်ဓမ္မာသချိုင်းဂူဘုရားကျောက်စာ) စသည်တို့ကား အထင်အရှားရှိလေသည်။ ရှင်ပင်ဇောဓိဘုရား တံတိုင်းအတွင်းရှိ မင်းဆရာ ပိတရစ်ကျောက်စာအစတွင် သက္ကတဘာသာစကားတို့ဖြင့် အစချီ၍ ရေးထိုးထားလေသည်။ ထိုအခါက ပါဠိဘာသာ၊ သက္ကတဘာသာတို့ကို ဗြဟ္မီအက္ခရာအခြေခံ၍ ဆင်းသက်လာသော မြန်မာအက္ခရာဖြင့် ရေးထိုးကြလေသည်။ အနော်ရထာအုတ်ခွက်စာအချို့တွင် နာဂရီအက္ခရာဖြင့် ရေးထိုးသည်ကို တွေ့ရ၍ နာဂရီအက္ခရာကိုလည်း တတ်ကျွမ်းကြသူများရှိကြောင်း သိရှိနိုင်လေသည်။ (ပုဂံခေတ် ဘာသန္တရတွင်ရှုပါ။)

ပုဂံခေတ်တွင် ရဟန်းတော်များအပြင် မင်းနှင့်ပြည်သူတို့ကလည်း ကျမ်းများ ပြုစုခဲ့ကြလေသည်။ သို့ရာတွင် ကျမ်းအများကို ပါဠိဘာသာနှင့်သာ ရေးသားကြလေသည်။ ထိုအခါက နိသျကျမ်းများကိုလည်း ရေးသားပြုစုကြောင်း အမှတ်အသားတွေ့ရ၍ အလောင်းစည်သူမင်းကြီး လက်ထက်တွင် ဒလနယ်သား ရှင်ဓမ္မဝိလာသသည် မနုရင်းဓမ္မသတ်ကို ချဲ့ထွင်ကာ မြန်မာဘာသာဖြင့် ဓမ္မသတ်တစ်စောင်ပြုခဲ့၍ ဓမ္မဝိလာသဓမ္မသတ်ဟုတွင်ကြောင်းနှင့် ဆိုလေသည်။ ပုဂံခေတ်တွင်

mgyoe.com

mgyoe.com

*အက္ခရာ ပဘေဒချီသတ်ပုံကို အသုံးပြုခဲ့ကြောင်းနှင့် စကားစဉ်ရှိပေသေးသည်။ ထိုစာပေများသည် ပုဂံခေတ်ထွက် ရှားပါးလှသော မြန်မာဘာသာရေး စာပေများပင်ဖြစ်ပေသည်။ ပုဂံခေတ်တွင် အနော်ရထာမင်းလက်ထက် မတိုင်မီကပင် မြန်မာစာ အရေးအသား ရှိပြီးဖြစ်ပေသည်။ (ပုဂံခေတ်စာပေတွင် အကျယ်ရှုပါ) မြန်မာဘာသာရေးကျောက်စာများကိုလည်း ရာဇကုမာရ်ကျောက်စာထက်စော၍ လက်သည်းရှည်ဘုရားကျောက်စာ (၄၂၀)၊ တောင်ခစည်သဘင်ကျောက်စာ (၄၄၃)၊ စသည်တို့ကို တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့် ပုဂံခေတ်တွင် မြန်မာစာဖြင့် စာပေကျမ်းများ ပြုစုကောင်း ပြုစုဖွယ်ရာ ရှိပေလိမ့်မည်။ သို့ရာတွင် ဘာသာရေးစာပေတို့ကိုသာလျှင် အလေးအမြတ်ပြု၍ ထိန်းသိမ်းထားရှိခဲ့ကြသဖြင့် ပိဋကတ်နှင့် ပါဠိဘာသာဆိုင်ရာ ပါဠိဘာသာနှင့်ပြုစုသော ကျမ်းများသည်သာလျှင် ပေါ်လွင်ထင်ရှားခဲ့ပေသည်။

ပုဂံခေတ်တွင် ပေါ်ထွက်ခဲ့သော ပါဠိဘာသာရေးကျမ်းများသည် အဆင့်အတန်းလည်း မြင့်လှပေသည်။ ပိဋကတ်ဆိုင်ရာ အဖွင့်ကျမ်းတို့ကို ယခုတိုင် မှီငြမ်းလေ့လာကြရသည့်ပြင် သဒ္ဒါဆိုင်ရာ အဂ္ဂဝံသဆရာတော်၏ သဒ္ဒနီတိကျမ်းများမှာ ပါဠိမာဂဓဘာသာတို့၌ ကျွမ်းကျင်သော သီဟိုဠ်ပညာရှင်များကပင် အရှုံးပေးခဲ့ရသော ကျမ်းဖြစ်လေသည်။

ပုဂံခေတ်တွင် ပြုစုခဲ့သည်ဟု ထင်ရှားသော ကျမ်းများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

**ကျန်စစ်သားမင်းလက်ထက်၊**

ရှင်ဓမ္မသေနာပတိ–

ကာရိကာမူလ၊ ကာရိကဋီကာ၊ ဧကက္ခရကောသ၊ မုခမတ္တသာရ။

**အလောင်းစည်သူမင်းလက်ထက်**

ရှင်ဝိမလဗုဒ္ဓိ – ဉာသ်ကျမ်း (န្យာသ)။

ရှင်စူဠဝိမလဗုဒ္ဓိ – ဝုတ္တောဒယဆန်းဋီကာဟောင်း။

ရှင်သဒ္ဓမ္မဉာဏ –

ဆန္ဒောသာရတ္ထဝိကာသနီ၊ (ဆန်းဋီကာလတ်)။

ရှင်ဝေပုလ္လ – ဝစနတ္ထဇောတိ (ဆန်းဋီကာငယ်)။

**နရပတိစည်သူမင်းလက်ထက်**

ရှင်သဒ္ဓမ္မဇောတိ (ဆပဒထေရ်)–

နာမစာရဒီပကလက်သန်းကဋ္ဌကထာ၊ ဝိနယဂုဠှတ္ထဒီပနီလက်သန်းအဋ္ဌကထာ၊ သီမာလင်္ကာရ လက်သန်းဋီကာပါဠိ၊ ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်ပါဠိ၊ သင်္ခေပ ဝဏ္ဏနာဋီကာပါဠိ၊ ဝိနယဇာတတ္ထကီ၊ သုတ္တနိဒ္ဒေသ ပါဠိ။

ပေါင်လောင်ရှင်ကဿပ –

ပရမတ္ထဗိန္ဒု၊ မဟာ ဇောဓိဝင်ဋီကာ၊ ခုဒ္ဒသိက္ခာအဋ္ဌကထာနိသျှဟောင်း။

ရှင်သဒ္ဓမ္မသီရိ(တူးရွှင်းတောင်) –

သဒ္ဒတ္ထဘေဒစိန္တာ၊ ဖြို့ဟဇ်နိသျှ။

ရှင်အဂ္ဂဝံသ –

သဒ္ဒနီတိပဒမာလာ (၅၁၆)၊ သဒ္ဒ နီတိသုတ္တမာလာ၊ သဒ္ဒနီတိဓာတုမာလာ။

ရှင်သဒ္ဓမ္မဂုရု – သဒ္ဒဝုတ္တိ။

ရှင်သာရိပုတ္တရာ – သဒ္ဒဝုတ္တိဋီကာဟောင်း။

ရှင်ဝါယမိဿရ – သမ္ဗန္ဓစိန္တာဋီကာ။

ရှင်ဥတ္တမ – လာဝတာရဋီကာ။

ရှင်အဂ္ဂပဏ္ဍိတ – လောကုပတ္တိပကာသနီဟောင်း။

ရှင်ယသ – ကစ္စာယနသာရ။

ရှင်သီရိသဒ္ဓမ္မဝိလာသ –

ကစ္စာယနသာရဋီကာဟောင်း။

**ကျစွာမင်းကြီးလက်ထက်**

ကျစွာမင်းကြီး – သဒ္ဒဗိန္ဒု၊ ပရမတ္ထဗိန္ဒု။

* ၁၁၄၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့ သတ်ပုံ အမိန့်တော်ပြန်တမ်း။

mgyoe.com

သံပျင်အမတ် – ညည်ငှီကာ (သံပျင်ငှီကာ)။
ရှင်သဒ္ဓမ္မကိတ္တိ – ဘေဒစိန္တာ။
ရှင်ဂုဏသာရ – မုခမတ္တသာရဒီပနီငှီကာ။
ရှင်မဟာကဿပ – ပရမတ္ထဗိန္ဒုငှီကာ။
ရှင်နဝဝိမလဗုဒ္ဓိ – ဝုတ္တောဒယငှီကာဟောင်း။
ရှင်သဒ္ဓမ္မညာဏ – ဆန္ဒောသာရတ္ထဝိကာသနီ။
ရှင်ဥတ္တမ – ဗာလာဝတာရငှီကာပါဋ်။
ရှင်ညာဏဂမ္ဘီ (ချောင်းကောက်) –
    ဂန္ထာဘရဏငှီကာ ပါဋ်။
ရှင်သဒ္ဓမ္မပါလ – သဒ္ဒဝုတ္တိငှီကာပါဋ်။
ရှင်အဘယ – သမ္ဗန္ဓစိန္တာငှီကာသစ်။
ရှင်ဒီပင်္ကရာ – ကာရိကစာကိုယ်နှင့်ငှီကာပါဋ်။

တရုတ်ပြေးမင်းလက်ထက်
ရှင်သဒ္ဓမ္မကိတ္တိ – ဧကက္ခရကောသပါဋ် (၈၈၇)
ရှင်ဒီပင်္ကရာ – ညည်ငှီကာသစ်၊
ရှင်သာဂရ – မုခမတ္တသာရ၊
ရှင်ဂေါဓာဝရ (ငှက်ပစ်တောင်) –
    ပုဂံမဟာရာဇဝံသပါဋ်။

စောမွန်နစ်မင်းလက်ထက်
ရှင်ဂုဏဝဋ္ဋံသက –
    သုတ်သီလက္ခန်ပါဋ္ဌိတော်နိသျ၊ ယင်းအဋ္ဌကထာနိသျဟောင်း၊ သုတ်မဟာဝါပါဋ္ဌိတော်နိသျ၊ ယင်းအဋ္ဌကထာနိသျ၊ သုတ်ပါထေယျပါဋ္ဌိတော်နိသျ၊ ယင်းအဋ္ဌကထာနိသျ၊ ကစ္စဝိသာရ ငှီကာသစ်နိသျ၊ မုခမတ္တဒီပနီနိသျဟောင်း။

ပုဂံခေတ်တွင် ရေးလျှသော ပိဋကတ်ကျမ်းဂန်နှင့်ပတ်သက်၍ ၅၈၂ ခုနှစ်ထိုးဘုရားရပ်စောက်မင်စာ၊ ၄၁–၄၃ တွင်–

ပိတကတ်အဉီ သီလခန်ဓဝါသီတစ်ကျမ်း (သီလက္ခန္ဓဝါသီ)၊ အဘိဓံမသင်ဂိနီတစ်ကျမ်း (အဘိဓမ္မတ္ထသင်္ဂဟ)၊ တဿဇာတ်တကျမ်း (တိဿဇာတ်?)၊ ဓံမပဒတစ်ကျမ်း (ဓမ္မပဒ)၊ ဝိနေည်တမ်ပုံ (ဝိနည်း) လေပြုခဟူ၏

စသည်ဖြင့် ရေးထိုးထားသည်ကို တွေ့ရလေသည်။ သက်စိုးတောင် ပေါ်တော်မူဘုရား ကျောက်စာ ကြောင်းရေ ၂ ၌လည်း –

နိဒါန်းဇ(တ်)လေတကျမ်း လေရေ၏

ဟူ၍ ရေးထိုးထားသည်ကိုလည်း တွေ့ရှိရလေသည်။

ပုဂံခေတ်တွင် ဇင်းမယ်ပဏ္ဏာသ ကျမ်းများကို လေ့လာဆည်းပူးခြင်းပြုပုံကို ကုသသမုတိ ကျောက်စာ ကြောင်းရေ ၂၁ တွင် "မင်းသုဖမိုက်ကဲ့သို့" ဟူ၍၊ သုမ္ဘမိတ္တဇာတ်ကို ညွှန်း၍သုံးကြောင်း တွေ့ရှိရလေသည်။ ။

mgyoe.com

mgyoe.com

# ပုဂံခေတ် ကျောက်စာများ

မြန်မာ့သမိုင်းတွင်လည်းကောင်း၊ ဂန္ထဝင်တွင်လည်းကောင်း မြန်မာကျောက်စာများကို စတင်တွေ့ရှိရသည်မှာ ပုဂံခေတ်ပင်ဖြစ်လေသည်။ သရေခေတ္တရာပျူခေတ်တွင် မော်ဇာမှလည်းကောင်း၊ ဟဲလင်းကြီးမှလည်းကောင်း၊ ပျူအက္ခရာ ကျောက်စာများ တွေ့ရှိခဲ့ရ၍ ဗိသနိုးမှလည်း အက္ခရာပုံပါရှိသော ဝတ္ထုပစ္စည်းအချို့ တူးဖော်တွေ့ရှိရလေသည်။ ကျောက်စာရေးထိုးမှုအလေ့အထသည် မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီကပင် ရှိခဲ့သည်ဟု ဆိုရပေမည်။

သို့ရာတွင် ပုဂံခေတ်၌ အနော်ရထာခေတ်ထက် ရှေးကျသော မြန်မာကျောက်စာများ အတွေ့ရနည်းပါးလေသည်။ ထိုသို့ အတွေ့ရနည်းပါးခြင်းကြောင့် အနော်ရထာမင်းကြီးလက်ထက်တွင်မှ မွန်အက္ခရာမှတစ်ဆင့် မြန်မာစာအရေးအသားပေါ်ပေါက်လာသည်ဟူ၍ကား မယူဆသာပေ။ ထိုအချိန်မတိုင်မီက ကျောက်စာရေးထိုးခြင်း၊ သို့မဟုတ် မြန်မာစာဖြင့် ကျောက်စာရေးထိုးခြင်း လုံးဝမရှိဟူ၍ လုံးဝမဆိုနိုင်ပေ။ အနော်ရထာနှင့် ကျန်စစ်သားမင်းလက်ထက်တွင် စဉ့်ကွင်းရုပ်ကြွပါစာများနှင့် အချို့ကျောက်စာများတွင် မွန်ဘာသာစာဖြင့် ရေးထိုးထားသည်ကို အထောက်အထားပြု၍ မြန်မာစာအရေးအသား မရှိသေးသောကြောင့် မွန်စာဖြင့်သာ ရေးထိုးရသည်ဟူ၍လည်း အယူအဆ တစ်ဖက်စွန်းသို့ မရောက်သင့်ပေ။

(မွန်ကျောက်စာမတိုင်မီ ပျူကျောက်စာများ ရှိပါဠိစကားလုံးများကို စာလုံးပေါင်း၍ ရေးသားထားပုံမှာ မြန်မာစာလုံးပေါင်းစံနစ်နှင့် အလွန်ပင်တူညီနီးစပ်သည်ကို သရေခေတ္တရာ အရိုးအိုးများ၊ * မောင်ကံ ရွှေပေချပ်ပါ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစရှိ ပျူအရေးအသားများ၊ ခင်ဘရွှေပေချပ်ပါ သိဒ္ဓပ်အဝိဇ္ဇာပစ္စယာသင်္ခါရာအစရှိ ပျူအရေးအသားများကို ထောက်ဆနိုင်ပေသည်။ မွန်သရများ၏ အသံထွက်ပုံမှာ မြန်မာစာတွင် မွန်ဗျည်းတွဲဆင့်ပုံမျိုးအားလုံး အသုံးမရှိဘဲ ယ၊ ရ၊ လ၊ ဝ၊ အ စသည့် ဆင့်ပုံမျိုးသာ ရှိလေသည်။ အက္ခရာဖွဲ့စပ်ရေးသားပုံကို သေချာစွာ နှိုင်းယှဉ်လေ့လာမည်ဆိုပါက မွန်စာပေအက္ခရာ ဗျည်းသရစံနစ်မှ မြန်မာစာဗျည်းသရစနစ် ပေါ်ထွက်မလာနိုင်သည်ကို သိရှိနိုင်ပေသည်။ မွန်နှင့်မြန်မာ အက္ခရာအရေးအသားတူညီခြင်းမှာ မူလအခြေခံရာ ဗြဟ္မီအက္ခရာများမှ

---

* ပျူအက္ခရာသမိုင်း၊ ဦးသာမြတ်၊ စာမျက်နှာ ၂၅-၄၅။

mgyoe.com

mgyoe.com

အဆင့်ဆင့်ရွေ့ပြောင်းလာခဲ့ပုံချင်း တူညီသောကြောင့်သာဖြစ်၍ က၊ခ၊ဂ၊ဃ၊င စသော ဗျည်းသရစနစ်မှာ မွန်ဘာသာဥ္စသာ ရှိသည်မဟုတ်ဘဲ ဒေဝနာဂရီ၊ ဟိန္ဒီအက္ခရာများတွင်ပင် ထိုအတိုင်း ဗျည်းသရ ခေါ်မှတ်သုံးစွဲလာခဲ့ပေသည်။ ဗြဟ္မီအက္ခရာမှ အက္ခရာအဆင့်ဆင့် ပြောင်းလဲပုံကို လေ့လာသိရှိနိုင်ပေသည်။ ထို့ကြောင့် မွန်တို့ ပုဂံသို့ရောက်လာပြီးမှ မြန်မာစာအက္ခရာ အရေးအသားပေါ်ပေါက်သည်ဟု ယူဆခြင်းမှာကား ယုတ္တိမတန်ပေ။ ထို့မျှမက မွန်တို့ထံမှ ပင့်ဆောင်ခဲ့သော ပါဠိပိဋကတ်တော်များကို မြန်မာဘာသာ ပြန်ဆိုလေ့လာခြင်းပြုကြသော အနော်ရထာမင်းကြီး၏ခေတ်တွင် ထိုအခါမှသာ စာအရေးအသား စတင်တီထွင်ပြုစုရမည်ဆိုပါက ဖြစ်နိုင်မည်မဟုတ်ပေ။ ထို့မှတစ်ပါး မြစေတီ (ရာဇကုမာရ်)ကျောက်စာကို ရေးထိုး၍ရသော ပျူစာအရေးအသား ရှိနေပါလျက် (ပျူစာရှင်ကျန်နေဆဲ) မြန်မာတို့တွင် စာအရေးအသားရှိအောင် အားထုတ်ဆောင်ရွက်ရကောင်းမှန်းမသိဘဲ မွန်တို့ရောက်မှ စာအရေးကို အပြေးအလွှား စတင်တီထွင်ရသည်ဟု ဆိုသည်မှာလည်း သဘာဝယုတ္တိမရှိပေ။)

အနော်ရထာမင်းကြီးလက်ထက် မတိုင်မီက မြန်မာအမျိုးသားတို့သည် ကျောက်စာရေးထိုးခြင်း နည်းပါးကောင်း နည်းပါးပေမည်။ ကြီးမားထင်ရှားသော သာသနိကအဆောက်အအုံ မများပြားသေးသောကြောင့် ကျောက်စာရေးထိုးရန် အကြောင်းမပေါ်ပေါက်ဘဲ ရှိကောင်းရှိပေမည်။ ရှေးဦးခေတ်မြန်မာစာသည် ပြည့်စုံခြင်း၊ ကျနခြင်း၊ ချောမောခြင်း နည်းပါးပေဦးမည်မှာကား ငြင်းစရာမလိုပေ။ သို့ရာတွင် အနော်ရထာမင်းလက်ထက် မတိုင်မီကျောက်စာအများအပြား မရှိစေကာမူ အနည်းအပါးကား ရှိနိုင်ရန် အကြောင်းရှိပေသည်။ ဤတွင် ခေတ်ကာလကြာရှည်၍ ကျောက်စာများ ငုတ်ပျောက်ပျက်စီး ဆုံးရှုံးသည်လည်းရှိပေမည်။ (မြစေတီကျောက်စာကိုပင် ၁၂၄၈ ခုနှစ်လောက်တွင်မှ တွေ့ရှိခဲ့ကြရပေသည်။) ဘိုးတော်ဘုရားလက်ထက်တွင် ကျောက်စာများကို ပုဂံမှ နေပြည်တော်အမရပူရသို့ ပို့ဆောင်စေခဲ့ရာ တူးဖော်ရာ၌လည်းကောင်း၊ သယ်ယူရာ၌လည်းကောင်း ပျက်စီးခြင်းများ၊ လေးလံ၍ သယ်ပို့ဝန်လေးသည့်အတွက် အမှုထမ်းများ ဖျောက်ဖျက်ခြင်းများ၊ ကျောက်သားညံ့၍ မျက်နှာပြင် ပွန်းပဲ့ပျက်စီးခြင်း၊ ဖြိုလဲကွဲပြတ်ပျက်စီးခြင်းများလည်း ရှိကောင်းရှိပေလိမ့်မည်။ ထို့မှတစ်ပါး မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် တောချုံများအကြားမှ ဘုရားပုထိုးတို့မှ ကျောက်စာများကို ရှာဖွေစုဆောင်းစိစစ်ရာတွင် ခေတ်ကာလစောသော ကျောက်စာတို့ကို လိုလိုချင်ချင် ဖျောက်ဖျက်ခြင်း မပြုဟူ၍လည်း မည်သည့်နည်းနှင့်မျှ မဆိုသာပေ။ အဘယ့်ကြောင့်ဆိုသော် လက်အောက်ခံလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို နှိမ့်ချရန်အတွက်လည်းကောင်း၊ ခေတ်နောက်သို့ ရွှေ့ဆုတ်မှတ်တမ်းတင်ရန် အတွက်လည်းကောင်း၊ အခြားပယောဂများဖြင့် တစ်ဆင့်ခံ အပြစ်သိမ်ငယ်အောင်သော် လည်းကောင်း၊ ပညာဉာဏ်ကြီးမားစွာဖြင့် ပါးနပ်လိမ္မာစွာ ဉာဏ်ကစားတတ်သော သိမ်မွေ့နူးညံ့သည့် နယ်ချဲ့ပရိယာယ်များလည်း ရှိပေသေးသောကြောင့် ဖြစ်ပေသည်။ ဗြိတိသျှခေတ်က အမရပူရတွင် တံတားဆောက်ရာ၌ ကျောက်စာများကို တူးဖို့ပြီးမှ အပေါ်မှ အုတ်ခင်းခဲ့ရာ များမကြာမီက တံတားပျက်သည်တွင်မှ ကျောက်စာ များကို ပြန်၍ရရှိဖူးလေသည်။

မည်သို့ပင်ဖြစ်စေ ပုဂံခေတ်ကျောက်စာများကို ယနေ့ခေတ် အမြင်၊ အတွေ့မျှဖြင့်သာ သုံးသပ်စိစစ်ရမည်ဖြစ်ပေသည်။

ပုဂံခေတ်တွင် သက္ကရာဇ်ပါရှိသော အစောဆုံးကျောက်စာမှာ သက္ကရာဇ် ၄၂၀ ပြည့်နှစ် (အနော်ရထာမင်း သထုံကို တိုက်ခိုက်အောင်နိုင်ပြီး

mgyoe.com

နောက်တစ်နှစ်) တပေါင်းလဆန်း ၅ ရက် သောကြာနေ့တွင် ရေးထိုးသော ဂဝံကျောင်းခေါ် ပုဂံ လက်သည်းရှည်ဘုရား ကျောက်စာပင် ဖြစ်လေသည်။ ထိုကျောက်စာကို အနော်ရထာမင်းကြီး ရေးထိုးခဲ့ကြောင်းကို

> သက္ကရာဇ် ၄၂၀ စယ်နှစ် တပေါင်းလဆန်း ၅ ရက်၊ ၆ နိယ်လျှင် ဘုန်တန်ခိုဝ်ပ္ပညာနှင့် ပ္ပည့်စုံမ်စွာသော အနောရဓာမင်ကြီကာ သ္ဂိမှင့်လောက် အစုမ်ကိုယု၍ သခင်ကဝံထု၏။

စသော စာသားဖြင့် သိရှိနိုင်လေသည်။ သို့ရာတွင် သက္ကရာဇ် ၄၄၃ ခုနှစ်ထိုး ရက်စွဲပါသော တောင်ခစည်သဘင်ကျောက်စာ၊ သက္ကရာဇ် ၄၇၅ ခုနှစ်ထိုး ဖြစ်ဖွယ်ရှိသော ရာဇကုမာရ်ကျောက်စာများနှင့် နှိုင်းယှဉ်လေ့လာသည်ရှိသော် သက္ကရာဇ်အားဖြင့် စောစေကာမူ စကားအနေဖြင့် ရှေးမကျတတ်ဟု ယူဆကြလေသည်။

စင်စစ်အားဖြင့် တောင်ခစည်သဘင်ကျောက်စာနှင့် ၂၃ နှစ်သာကွာခြား၍ ရာဇကုမာရ်ကျောက်စာနှင့် ၅၅ နှစ်မျှသာ ကွာခြားပေရာ ယခုခေတ်ကဲ့သို့ စာပေအရေးအသားများပြား၍ ပြောင်းလဲမှု လျင်မြန်သောကာလ မဟုတ်ပေရာ နှစ် ၅၀ မျှ ကွာခြားသော အရေးအသားနှစ်ခုတည်းကို တိုက်ဆိုင်စိစစ်၍ ခရေးအသား ရှေးကျခြင်း၊ မကျခြင်းကို ဆုံးဖြတ်ရန် လုံလောက်မည်မဟုတ်ဟု ယူဆရပေသည်။ စာရေးသားသူကိုလိုက်၍ အသုံးအနှုန်း၊ ဝါကျဖွဲ့ပုံ၊ မွမ်းမံပုံများ ကွဲလွဲတတ်ပုံကို ယခုအခါ တစ်နေ့တစ်ရက်တည်း ရေးသားကြသော စာရေးသူနှစ်ယောက်၏ အရေးအသားမှာပင် ကွဲလွဲခြားနားနိုင်သည်ကို ထောက်ရှု၍ ပုံသေမှတ်သားရန် မလွယ်ကူပေ။ ထို့မျှသာမက လက်သည်းရှည်ကျောက်စာသည် မူလထိုးမဟုတ်ဟု ဆိုစေကာမူ အနော်ရထာမင်း၏ မူရင်းကျောက်စာမှ ပေါ်ပေါက်လာသည့် ကျောက်စာတစ်ခုဖြစ်မည်ဟူ၍ကား မုချယူဆ နိုင်ပေသည်။ စာအရေးအသားကို စံအဖြစ် မသတ်မှတ်လိုသည့်တိုင်အောင် အနော်ရထာမင်းလက်ထက်တွင် မြန်မာကျောက်စာရေးထိုးခြင်း ရှိသည်ကို လက်ခံရမည်ဖြစ်ပေသည်။ အနော်ရထာမင်း ကိုယ်တိုင်ရေးအုတ်ခွက်ကျောဘက်နှင့် အနောင့်ပါစာအရေးအသား (မြန်မာအက္ခရာစာလုံးပေါင်းနှင့် ပါဠိစာ) တို့ ရှိနေသည်ကိုလည်း ထောက်ထားနိုင်ပေသည်။ ထို့မျှမက စောလူးမင်း နန်းတက်ပြီး ၄ နှစ်နှင့် တူညီသော ၄၄၃ ခုနှစ်ထိုး တောင်ခစည်သဘင်ကျောက်စာလည်း အထင်အရှားရှိပြီးဖြစ်၍ ထိုကျောက်စာမှာ မူလထိုး ကျောက်စာဖြစ်ကြောင်း ပညာရှင်များလက်ခံထားကြပေသည်။ သို့ဖြစ်၍ မြစေတီရာဇကုမာရ်ကျောက်စာထက်စောသော မြန်မာကျောက်စာများ ရှိသေးသည်မှာကား သေချာပေသည်။

တောင်ခစည်သဘင် ကျောက်စာနှင့်ပတ်သက်၍ မြန်မာစာပါမောက္ခဦးအေးမောင်က–

> *တောင်ခစည်သဘင်ကျောက်စာမှာကား သက္ကရာဇ် ၄၄၃ ဟု အထင်အရှားရေးထိုးပါရှိသည့်ပြင် လက်ရေးအားဖြင့်လည်းကောင်း၊ စာလုံးပေါင်းအားဖြင့်လည်းကောင်း၊ စကားအသုံးအနှုန်းအားဖြင့်လည်းကောင်း၊ ရှေးအလွန်ကျလှသော မူလထိုးကျောက်စာပင်ဖြစ်သည်ဟု ယုံကြည်ရန်ရှိသည်။

ဟူ၍ မှတ်ချက်ပြုထားလေသည်။ ထိုကျောက်စာ၏နောက်တစ်နှစ်ကြာ သက္ကရာဇ် ၄၄၄ ခုနှစ် နေ့စွဲပါ စောလူးမင်းကျောက်စာတစ်ချပ်လည်း ရှိပေ

* ပုဂံကျောက်စာလက်ရွေးစင်၊ စာမျက်နှာ ၂။

mgyoe.com

mgyoe.com

သေးသည်။

ထိုမှတစ်ပါး ပုဂံအရှေ့တောင် တုရင်သက်စိုးတောင်ထိပ် ပေါ်တော်မူဘုရားအနောက်၊ ကျောက်စာသုံးချပ်အနက်၊ အနောက်တောင်ဘက်အစွန်ဆုံးဖြစ်သောပေါ်တော်မူဘုရား (သက်စိုးတောင်) ကျောက်စာဟူ၍ ကျောက်စာတစ်ချပ်ရှိပေသေးသည်။ ထိုကျောက်စာမှာ သက္ကရာဇ်လည်းမပါ၊ အက္ခရာအရေးအသားလည်း လေးထောင့်မကျဘဲ အနည်းငယ် ဝိုင်းသယောင်ရှိစေကာမူ စာလုံးပေါင်းနှင့် စကားအသုံးအနှုန်းတို့ကို ထောက်ရှု၍ ရှေးအကျဆုံး မြန်မာကျောက်စာအဖြစ် ယူဆလျက်ရှိကြပေသည်။ ပုဂံမြို့ ထီးလိုမင်းလိုဘုရားအရှေ့တောင်ဘက် ဝတ္တနတောခေါ် နဘဲတော



လက်သည်းရှည်ဘုရားကျောက်စာပုံ

ဘုရားစုယာအတွင်းမှ ၁၉၂၇ ခုနှစ်က တွေ့ရှိရသောကျောက်စာတစ်ချပ်မှာ သာသနာ ၁၆၅၀ ဟူ၍ သက္ကရာဇ်ပါရှိနေသဖြင့် ၄၆၈ ခုနှစ်ထိုး မြန်မာကျောက်စာဟု ဆိုနိုင်ပေသည်။

ထိုကျောက်စာတို့၏နောက်တွင်ကား သက္ကရာဇ် ၄၇၄ ခုနှစ်ထိုး ရာဇကုမာရ်ကျောက်စာ (မြစေတီ) ကို အထင်အရှားတွေ့ရှိနိုင်ပေသည်။ ထိုကျောက်စာကို ၁၂၄၈ ခုနှစ်လောက်တွင် မြန်မာနိုင်ငံ ပထမဆုံးကျောက်စာဝန်ဖြစ်သော ဂျာမန်လူမျိုး ဒေါက်တာဖိုးရှမ်းမားသည် ပုဂံမြို့တောင်ဘက် မြင်းကပါရွာအနီး မြစေတီခြေရင်းတွင်ကပ်လျက်တွေ့ရှိရလေသည်။ (ပုဂံပြတိုက်ရှိကျောက်စာ) ထိုကျောက်စာမှာ လေးမြွှာင့်ကျောက်တိုင်ဖြစ်၍ လေးမျက်နှာတွင် အကြောင်းအရာတစ်မျိုးတည်းကို မြန်မာ၊ ပါဠိ၊ မွန်၊ ပျူ လေးဘာသာဖြင့် တစ်မျက်နှာလျှင် တစ်ဘာသာကျ ရေးထိုးထားသောကျောက်စာဖြစ်၍ သာသနာနှစ်ကို ဖော်ပြထားသဖြင့် သက္ကရာဇ်နှင့်ပတ်သက်၍ ကွဲပြားသေချာလေသည်။ ထိုကျောက်စာတိုင်အတိုင်းပင် မိတ္တူသဖွယ်ဖြစ်သော ကျောက်တိုင်ပွားတစ်ခုကိုလည်း ဂူပြောက်ကြီးလိုဏ်အတွင်း၌ တွေ့ရှိရပြန်ရာ အပိုင်း ၃ ပိုင်း ကျိုးလျက် အောက်နှစ်ပိုင်းကိုသာ တွေ့ရှိရလေသည်။ ၁၂၆၆ ခုနှစ်တွင် မြစေတီ မဟာရာမ်တံတိုင်း ပြိုပျက်၍ ပြင်ဆင်ရာတွင်မှ ကျန်သော ကျောက်စာထိပ်ပိုင်းကို တံတိုင်းပျက်အတွင်းမှ တွေ့ရှိရလေသည်။

ထိုကျောက်စာမှာ ဂူပြောက်ကြီးနှင့်ဆိုင်သော ကျောက်စာဖြစ်ဖွယ်ရှိ၍ မြစေတီကျောက်စာဖြစ်ဖွယ်ရှိ၍ မြစေတီကျောက်စာဟုခေါ်ရာမှ ဂူပြောက်ကြီးကျောက်စာဟူ၍လည်းကောင်း၊ ပို၍တိကျစေရန် ကောင်းမှုရှင်အမည်ဖြင့် ရာဇကုမာရ်ကျောက်စာဟူ၍လည်းကောင်း ပြောင်းလဲခေါ်တွင်ခဲ့ကြ

mgyoe.com


mgyoe.com

လေသည်။

အချို့က ရာဇကုမာရ်ကျောက်စာကိုပင် အစောဆုံး မြန်မာကျောက်စာဟု ယူဆလိုကြလေသည်။ မည်သို့ပင်ဖြစ်စေ ထိုကျောက်စာကား မြန်မာတို့အတွက် ကျေးဇူးများလေသည်။

သာသနာနှစ်ကို ရေးထိုးထားခြင်း၊ မူရင်းတိုင်နှင့် တိုင်ပွားရှိ၍ တိုက်စစ်ရန် လွယ်ကူသေချာခြင်း၊ လေးဘာသာရေးဖြစ်၍ ညှိနှိုင်းရန်လွယ်ကူခြင်း၊ တိမ်မြုပ်နေသော ပျူစာအတွက် ပြန်ဆိုဖော်ထုတ်ရန် အထောက်အပံ့ရခြင်း၊ ကျန်စစ်သားမင်းကြီး နန်းတက်နှစ်ကို အခိုင်အမာသိရခြင်း၊ ထိုခေတ်၏ အဖြစ်အပျက်တစ်ရပ်ကို ထင်ရှားစွာ သိရှိရခြင်း စသော ကျေးဇူးများရှိပေသည်။

ရာဇကုမာရ်ကျောက်စာမှာ ဘုရားရှင် သာသနာတော် ၁၆၂၈ ခုနှစ် လွန်သောအခါ အရိမဒ္ဒနပူရပြည်၌ သီရိတြိဘုဝနာဒိတျဓမ္မရာဇာမည်သော မင်းပြုကြောင်း၊ ထိုမင်း၏မိဖုရား တြိလောကဝဋံသကာဝေဒီမှ ဖွားသော ရာဇကုမာရ်အမည်ရှိ သားတော်တစ်ပါးရှိကြောင်း၊ မင်းကြီးက မိဖုရားအား ကျွန်သုံးရွာပေးရာ၊ မိဖုရားသေသော် သားတော်က ဆက်ခံရရှိကြောင်း၊ မင်းကြီးနန်းစံ ၂၈ နှစ်ရှိလေသော် မကျန်းမာတော်မူသဖြင့် မင်းကြီးကျေးဇူးကို အောက်မေ့၍ ရွှေဆင်းတုတစ်ဆူ ထုလုပ်ကာ၊ ကျွန်သုံးရွာကို ဘုရားအားလှူလျှင် မင်းကြီးဝမ်းမြောက်ကြောင်း သံဃာတော်ကြီး မဟာထေရ်၊ မောဂ္ဂလိပုတ္တ တိဿထေရ် သုမေဓာပဏ္ဍိတ်ထေရ်၊ ဗြဟ္မပါလထေရ်၊ သောနထေရ်၊ သေနဝရပဏ္ဍိတ်ထေရ်တို့၏ မျက်မှောက် ၌ ရေစက်ချ၍လှူကြောင်း၊ ဆင်းတုတော်ကို ရွှေအထွတ်တင်သောဂူ၌ ဌာပနာကြောင်း၊ ရေစက်သွန်းချလေသောအခါ ငါ့ကောင်းမှုသည် သဗ္ဗညုတဉာဏ်ရကြောင်း ဖြစ်စေသတည်း၊ ဤဘုရားအားလှူခဲ့သော ကျွန်တို့ကို နှိပ်



မြစေတီကျောက်စာပုံ

စက်မှုမည်သူမဆို အရိမေတ္တေယျဘုရားသခင်အား မဖူးရပါစေသတည်းဟု ကျိန်ဆိုခဲ့ကြောင်းများပင် ဖြစ်လေသည်။

ပုဂံခေတ်တွင် မင်းတို့သာမက သူဌေး၊ အမတ်၊ ရဟန်း၊ ဆင်းရဲသားတို့ပါ ရေးထိုး စိုက်ထူနိုင်ခွင့်ရှိလေသည်။ ကျောက်စာများသည် အများအားဖြင့် ကောင်းမှုမှတ်တမ်းနှင့် ကျိန်စာများပင်ဖြစ်ပေသည်။ သို့ရာတွင် ထိုကျောက်စာများမှပင် အခြားသော အချက်အလက်များစွာကိုပင် ထုတ်ယူ မှတ်သားလေ့လာခွင့် ရရှိကြပေသည်။ ကျောက်စာများတွင် ကျောက်စာထိုးသော ကောင်းမှုရှင်အမည်နှင့် ခုနှစ်၊ ကောင်းမှုအမည်နှင့် ထိုကောင်းမှုကြာရှည်လေးမြင့် တည်တံ့စေရန် ဝတ္ထု ကန်၊ လယ်မြေ၊ ကျွန်၊ ထန်း၊ ဥယျာဉ်၊ ကျွဲနွား စသည် လှူတန်းခြင်း၊ ကောင်းမှုကို မည်သို့မည်ပုံဆောင်ရွက်ခြင်းနှင့် ကောင်းမှုကို ဆက်လက်ချီးမြှောက်စောင့်ရှောက်သူအတွက် ဆုတောင်းစာနှင့် ဖျက်ဆီးသူအတွက် ကျိန်စာများကို ရေးထိုးကြမြဲဖြစ်လေသည်။ သို့ရာတွင် ထိုအစဉ်အလာမှ ကွဲပြားသော ကျောက်စာများလည်း ရှိပေသေးသည်။

ဥပမာအားဖြင့် **ဓမ္မရာဇိက ဘုရားကျောက်စာ**တွင် ပုဂံခေတ် နိုင်ငံအပိုင်းအခြား၊ ခရိုင်အမည်၊ တိုက်အမည်တို့ကို ဖော်ပြထားလေသည်။ **ခေမာဝရဘုရားကျောက်စာ**တွင် ငရဲကြီးရှစ်ထပ်အကြောင်းကို အကျယ်တဝင့် ဖော်ပြထားလေသည်။ **သင်ကြီး အဘိနန္ဒသူကျောက်စာ**တွင် မိမိကိုယ်၊ မိမိမယားနှင့်သမီးတို့ကိုပါ လှူကြောင်း ဖော်ပြထားလေသည်။ **အသဝတ်ဓမ္မသချိုင်းဂူဘုရားကျောက်စာ၊ မင်းမတ်ဉာဏပိစည်ကျောက်စာ**တို့တွင် အနုပညာသည်များအား ချီးမြှင့် ပူဇော်ရပုံများကို ဖော်ပြထားလေသည်။ **မြှောက်ဂူကြီးဘုရားကျောက်စာ**တွင် ဂီတတူရိယာနှင့်ပတ်သက်၍လည်းကောင်း၊ အကအတီးပညာသည်တို့အား ချီးမြှောက်ပူဇော်ပုံနှင့် ပတ်သက်၍လည်းကောင်း ဖော်ပြထားလေသည်။ **စောရဟန်းသိမ်ကျောက်စာ**တွင် ဗိသုကာကိုယ်တိုင်အသက်သေခံ၍ ဆောက်လုပ်ပုံကိုဖော်ပြထားလေသည်။ **လေးထောင့်ကန်ဘုရားကျောက်စာ**တွင်ဂူဠ္ဌာပနာပုံ အသေးစိတ်ကို ဖော်ပြထားလေသည်။ **စားပွဲမှောက်ဘုရားကျောက်စာ**တွင် ကျွန်လှူရာတွင် ရည်ရွယ်ချက်များကို ဖော်ပြထားလေသည်။ **ဒိသာပါမောက်ကျောက်စာ**၌ နိုင်ငံခြားသို့ တမန်စေလွှတ် ပြောဆိုပုံများကို ဖော်ပြထားလေသည်။ **ဖုန်းသည်မင်း အနန္တသူကျောက်စာ**တွင် ပုဂံခေတ် လုပ်ငန်းများနှင့် ကျွန်အရောင်းအဝယ်ပြုပုံ၊ ပေပြု လုပ်ခိုင်းပုံများကို ဖော်ပြထားလေသည်။ **လက်ပွတ်ကန်ဘုရားကျောက်စာ**တွင် မိမိ၏သန်လျင်းသည်၊ ကုဟာသည်၊ ထီးသည်တို့ကို မိမိ သေလွန်ခဲ့သော် ရတနာသုံးပါးအား လှူကြောင်း သေတမ်းစာပမာ ရေးထိုးထားသည်ကို ဖော်ပြထားလေသည်။ **ရှင်ပင်ဗောဓိဘုရားကျောက်စာ**တွင် သတ္တုများ သုံးစွဲလေ့ရှိပုံကို ဖော်ပြထားလေသည်။ ဤသို့လျှင် ပုဂံခေတ်ကြေးမုံပြင်ကို ကျောက်စာများက တစေ့တစောင်း ဖော်ပြနိုင်လေသည်။

ပုဂံခေတ်ကျောက်စာများတွင် ရာဇဝင်နှင့်ပတ်သက်၍ အကျိုးပြုသော ကျောက်စာများလည်း ရှိလေသည်။ **ရာဇကုမာရ်ကျောက်စာ**သည် ကျန်စစ်မင်းကြီး နန်းတက်နှစ်ကို ခိုင်မာစွာဖော်ပြ၍ အနော်ရထာမင်းကြီး၏ နန်းတက်နှစ်ကိုပါ ထောက်ဆနိုင်စေလေသည်။ **သက်စိုးတောင်ဘုရားကျောက်စာ**အရ ဇေယျသိခ်မင်းသည် သက္ကရာဇ် ၅၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်နေ့ နန်းတက်ကြောင်း အခိုင်အမာသိရလေသည်။ **ဇေယျပွတ်ဘုရားကျောက်စာ**တွင်လည်း ထိုအတိုင်း တပြေးညီညာ ဖော်ပြလေသည်။ ကျစွာမင်းကြီးသည် ၅၉၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်နေ့တွင် နန်းတက်ကြောင်းကိုလည်း ဇေယျ

ပွတ်ကျောက်စာနှင့် လေးမျက်နှာဘုရား ကျစွာမင်း မိထွေးတော်ကျောက်စာတို့သည် တညီတညာတည်း အခိုင်အမာပြလေသည်။ ရာဇဝင်၌ "နန်းတောင်းများ"လော၊ "နားတောင်းများ"လောဟု မသဲကွဲသောအချက်ကို စားပွဲမှောက်ကျောက်စာ၊ ခေမာဝရဘုရားကျောက်စာ၊ ဂူပြောက်ငယ်ဘုရားကျောက်စာများက "နားတောင်းများ" ဖြစ်ကြောင်း အဆုံးအဖြတ်ပေးခဲ့လေသည်။ စင်စစ်အားဖြင့် ရာဇဝင်ပါ အချက်အလက်အားလုံးကို ကျောက်စာများတွင် တွေ့ရှိရန်ကား မမျှော်လင့်နိုင်ပေ။ တုတ်ထမ်း၍ပြောရသည်ဟူသော ပုဂံရာဇဝင်ရေးရာတို့ကိုလည်း ၁၅၀ နီးပါးမျှ အရေအတွက်ရှိသော ပုဂံခေတ်ကျောက်စာမျှဖြင့်လည်း အကြွင်းမဲ့ မှတ်တမ်းတင်နိုင်မည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ကျောက်စာပါအချက်အလက်များသည် ရာဇဝင်ကို ထောက်ခံခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သဖြင့် ကျေးဇူးများပေသည်။ ဥပမာအားဖြင့် ရာဇဝင်၌ ဟင်းခွက် ၃၀၀ စားသည်ဟုဆိုသော တရုတ်ပြေးမင်းအကြောင်းကို မင်္ဂလာစေတီကျောက်စာ (၆၀၃ ခုနှစ်ထိုး) ကြောင်းရေ ၂-၃၌ "တစ်နေ့တစ်နေ့သော် ဟင်းခွက် ၃၀၀ တမူလည်း သောက်ထသော" ဟူ၍ ရေးထိုးခဲ့ခြင်းဖြင့် မှန်ကန်ကြောင်းကို အထောက်အထားပြုနိုင်ပေသည်။

ပုဂံကျောက်စာများသည် အများအားဖြင့် အလှူကောင်းမှုပြုသည့် မှတ်တမ်းများသာဖြစ်သည်ဟု ဆိုရသော်လည်း လူမှုရေးဆိုင်ရာ အချက်အလက်အချို့ကို ကြိုကြား ထုတ်ယူလေ့လာခွင့်ရစေနိုင်ကြောင်းကို သာဓကအားဖြင့် ကျောက်စာအချို့ကို ကောက်နုတ်ဖော်ပြလိုပေသည်။

ပုဂံမြို့ လေးထောင့်ကန်၊ မင်းဝိုင်းကျောက်စာကို သက္ကရာဇ် ၆၃၄ ခုနှစ်တွင် ရေးထိုးခဲ့ရာ ထိုကျောက်စာတွင် မြေရှင်နှင့် မြေရောင်းသူတို့ ဆက်ဆံပုံ၊ မြေရောင်းဝယ်ပုံများနှင့် ပတ်သက်၍ အတော်အတန် သိနိုင်ခွင့်ရစေလေသည်။ ထိုကျောက်စာအကျဉ်းသဘောမှာ–

ကောဇာသက္ကရာဇ် ၆၃၉ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားစော၏ကောင်းမှုကျောင်းတော်မှ ရတနာသုံးပါးတို့အား ရည်မှတ်၍ ဝတ္ထုကံမြေအလို့ငှာ လှူရန် မြေတော်တစ်ထောင်ကို သံပျင်နှင့်ကလန်များဖြစ်ကြသော ဘုမ္မာခေတ္တရာ၊ ဘုမ္မသိင်္ဃာ၊ ငဖြစ်သင်၊ ဘုမ္မသူ၊ ပြည်ခွင်၊ ဘုမ္မပတော့၊ ဥညန့်လက်နာ၊ ငယာ၊ ငပုံနာ ဆိုသူ ၉ ယောက်တို့ထံမှ ငွေတစ်ထောင်ကျပ်နှင့် ဝယ်ရန် စကားဇေ့စပ်ကြရာ၊ ဘုန်းတော်ကြီးနှင့်တကွ သံပျင်စတုင်္ဂဗိုလ်၊ သံပျင်မဟာသမန်း၊ ဝတ္ထုပိစည်တို့က ဝယ်သူဘက်မှ အသိသက်သေများဖြစ်၍ အဆိုပါရောင်းသူ ၉ ယောက်တို့ဘက်မှ နောင်အခါ မြေဝယ် အရှုပ်အထွေးမဖြစ်စေရန် စတုရင်္ဂဗိုလ်၏လက်အောက် အမှုထမ်းသူကြီး ငဝံစင်သင်က ဝန်ခံလေသည်။ ထိုအခါ၌ သေရည်သေရက် သောက်ဖိုးစားဖိုးအဖြစ် မြေဝယ်သူက ကုန်ကျခံရသည်မှာ ၅၄ ကျပ်ဖြစ်၍ စုစုပေါင်း ငွေတော် ၁၁၃၇ကျပ် ၁မတ်ဖြစ်လေသည်။ (မည်သူအား မည်မျှပေးရကြောင်းနှင့် ငွေချိန်ပုံ၊ ငွေပေးသော စာချီတို့၏အမည်နှင့်တကွ ကျောင်းတော်ဦးတွင် ပေးရကြောင်းကိုပါ ဖော်ပြထားလေသည်။)

ထိုသို့ ငွေပေးချေ၍ စားသုံးပြီးသော်လည်း မြေရောင်းသူတို့က ကတိအတိုင်း မြေကို အချိန်မီ မပေးမအပ်ဘဲနေသဖြင့် နောက်တစ်ဖန် စကားအရှုပ်အရှင်း ဖြစ်ကြလေရာ ဤနှစ်အတွင်း မြေကို ရပါစေမည်၊ မရလျှင် ငွေသုံးထောင် လျော်ပါမည်ဟူသော ဝန်ခံချက်ဖြင့် သူကြီး၏စကားအရ ငွေရှင်က

mrgyone

ထပ်မံ ကုန်ကျရပြန်လေသည်။ သို့နှင့် သက္ကရာဇ် ၆၄၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့တွင် စကားဆိုပြန်သော်လည်း မြေကို မပေးအပ်နိုင်ဘဲ၊ ထိုနှစ် ပြာသိုလတွင် အသီးအနှံနှင့်တကွ မြေတော်တစ်ထောင်ကို ပေးအပ်ပါမည်၊ ငွေ ၁၀၀ ကျပ်သာ ထပ်၍ပေးပါ၊ အကယ်၍ မြေကိုမအပ်နိုင်ပါက တန်ဖိုး ၆၀၀၀ ကျပ် ထားပါဟုဆိုကာ၊ မပေးနိုင်က သားမြေးပါ ကျွန်ခံရန် ဝန်ခံတံဆိပ်ခတ်ခြင်းဖြင့် နေ့ရက်ချိန်းဆိုပြန်လေသည်။ သို့ရာတွင် ရက်ချိန်းသောနေ့တွင်လည်း မြေရောင်းသူအချို့က နောက်ထပ်ငွေကို သူမရသေး၊ ငါမရသေး စသည်ဖြင့် ငြင်းခုံနေကြသောကြောင့် ငွေရှင်က လိုက်လျောကာ ငွေထပ်၍ ပေးရပြန်လေသည်။

ဤသို့အားဖြင့် သက္ကရာဇ် ၆၄၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ (၄ နှစ်အကြာ) သို့ရောက်မှ မြေကို အပြီးတိုင် အပ်နိုင်လေသည်။ ထိုသို့ အပ်ရာ၌ပင် မြေအတိုင်းအတာမှာ လျော့နေခြင်း၊ သေဖိုးသားကင်ဖိုးတို့ကြောင့် တစ်ထောင်နှင့် ဝယ်သောမြေမှာ နောက်ဆုံး ၁၈၃၀ ကျပ်၊ သုံးမတ်ခွက် ၅၃ ပိဿာခွဲသို့တိုင် ရောက်ကြောင်းများပင်ဖြစ်လေသည်။

အလှူကောင်းမှုရှင်သည် မိမိအလှူတွင် နှောင့်နှေးရသည်ကို လည်းကောင်း၊ မတရား ငွေများ ထပ်မံကုန်ကျရသည်ကို လည်းကောင်း၊ မိမိသည် အလှူဖြစ်မြောက်ရေးတွင် မည်မျှသည်းခံ၍ ကြိုးစားအားထုတ်ရပုံကိုလည်းကောင်း ပေါ်လွင်စေ၍ နှစ်ကာလကြာရှည် သိကြားကြစေလိုသဖြင့် အသေးစိတ်ဖွင့်ထုတ်၍ ရေးထိုးခဲ့ရာ၊ ထိုခေတ်ကာလ လူတို့၏သဘောဆန္ဒ၊ ပြုမူဆောင်ရွက်တတ်ပုံ၊ အလုပ်တာဝန်တစ်ခုခု ပြီးပြတ်သောအခါ ပျော်ရွှင်ပွဲအနေဖြင့် သောက်စားတတ်ပုံ၊ ကြွေးမဆပ်နိုင်က ကျွန်ခံရပုံ၊ မြေကိုမှီ၍ သီးနှံစိုက်ပျိုးစားသောက်ပုံကို လည်းကောင်း၊ လယ်မြေအရောင်းအဝယ်ဈေးနှုန်းကိုလည်းကောင်း သိရှိနိုင်ပေသည်။

ထိုနည်းတူစွာပင် ၅၇၆ ခုနှစ်ထိုး မင်းအနန္တသူ လေးမျက်နှာဘုရားကျောက်စာတွင် ကျွန်အရောင်းအဝယ်ပြုပုံများကို ရေးထိုးဖော်ပြထားရာ။

ယပ်တာဝ်သည်ချတ်မမယ်သင်သေသောအမွေကျွန်ကို တူငဥလျောင်ရောင်းသောငချတ်သင်မျက်မည်းခံသော ကျွန်ယောကျ်ားကြီး ၇ ယောက်၊ ယောကျ်ားငယ် ၄ ယောက် အပေါင်း ကျွန် ၁၁ ယောက်၊ အဖိုးငွေ ၃၃၀ ချိန်ပေး၏။...

... နေ့အား၊ ယပ်တာဝ်သည့် ကျွန်ဟပ်လည်းကောင်း၊ ယပ်တာဝ်သည် မြေးငရသင် ၁၊ မယာအို့ပုံသင် ၁၊ သမီးအို့တင်ကေ ၁၊ ညီမအို့ကန်တူ ၁၊ ဤသူလေးယောက်ရောင်းသော ကျွန်မည်မှတ် စာရေးသော် ငမွန် ၁၊ ညီငစောင် ၁၊ ဖထွေးသေပါ ၁၊ ညီငလို့ ၁၊ ဤ ၄ ယောက်သော် အဖိုးခံသော ငွေ ၁၂၀ ချိန်ပေး၏။

ကျွန်ဖြစ်သော ငဖုန်းရောက်သင် ၁၊ ညီင၀သင် ၁၊ ဤသူလက်တွင် ငတောက်ကစေ့သား ငပွင့်ရှိလေရကား၊ ငဥလျောင်ရောင်းသော ကျွန်အဖို့ ဝင်သော် ငါ့ကျွန်သာတီရင်းဟူ၍ ဖုန်းသည်ယူ၏။ ကျွန်သခင်ကျွန်ဖြစ်သားဟူ၏။ ငါသခင်ဝယ်သော ကျွန်သားကား ဟုတ်၏တည်း။ ငဥလျောင်ရောင်းသော အဖိုးကား မဝင်ဟူရကား၊ ငပွင့်အဖို့ ငွေ ၃၅ ခု ငဖုန်းရောက်သင် ခံစေလေ၏။

စသည်ဖြင့် ရေးထိုးထားလေသည်။ ပုဂံခေတ်တွင် တစ်စုံတစ်ဦး သေဆုံးပါက ထိုသူ၏ကျွန်များကို အမွေဆက်ခံခွင့်ရသူက မွေးပိုင်ခွင့်၊ ရောင်းပိုင်

mrgyone.com

ခွင့်ရကြောင်းကို လည်းကောင်း၊ ကျွန်များကို တစ်ယောက်လျှင် ၃၀ ကျပ်နှုန်းဖြင့် ရောင်းဝယ်ကြသည်ကို လည်းကောင်း၊ ကျွန်တစ်စုံတစ်ဦး၌ သားသမီးရှိသည့်အခါ ထိုသားသည် ကျွန်၏သားဖြစ်၍ သခင်က ရပိုင်သည်ဟူ၍ လည်းကောင်း၊ မရပိုင်ဟူ၍ လည်းကောင်း အငြင်းဖြစ်ပွားရာ၌ တန်ဖိုးပေးချေ၍ ဖြေရှင်းကြပုံကို လည်းကောင်း သိရှိနိုင်ကြလေသည်။ ထိုမျှမက ကျွန်ဝယ်ရာတွင် ကျွန်တို့၏လုပ်စာ ခွန်နက်တို့သည်လည်း သခင်၏စီးပွားပင် ဖြစ်ရပါစေမည်ဟူ၍ စာချုပ်ကာ အသိသက်သေတို့နှင့် ဝယ်ယူကြပုံကိုလည်း–

> စေဖို့ ကျွန်လည်း ဖုန်သည် မေမတသိုက် ဝယ်လျှင်းစေချင်ဟူရကား၊ သက္ကရာဇ် ၅၈၈ ခု ဖုသနှစ် နယုန်လဆုတ် ၆ ရက် တနင်္လာနေ့ ပြေည့်သင်သမီး အို့ညယ်ကြီးနှင့် အိုညယ်လတ် နှစ်ယောက်သော ကျွန် ၂ ဝယ်သော ဖိုးငွေချိန် ပေးသောငွေကား ငါးကြင်း၊ ကြေးဖြူ ၃၀၀ ငွေပြန် ၂၀၀၊ အပေါင်း ၅၀၀ ချိန်ပေး၏။ ငွေချိန်သောသူကား အိုဝ်စင့်သင်နှင့် သငယ်လွှံကုံသင်ချိန်၏။ စာရေးသူကား မင်းကြီးစန်မာငဖြစ်သင် ရေး၏။ မြင်ပါသောသူကား ဓမ္မရာဇာသိင်္ဃာ ၁၊ ဘုမ္မသိင်္ဃာ ၁၊ ဇေယျရာဇသူ ၁၊ သူ ၃ ယောက်သိ၏။
>
> ပြေည့်သင်သမီး ၂ ယောက်မိန့်၏။ ဤကျွန်တို့ သားမြေး စီးပွားလေမူလည်း၊ ဖုန်းသည်နှစ်ယောက် ဖုန်းဖြစ်စေ။ ငတို့ကျွန်နှစ်ယောက် မမိန့်၊ မစုံမူလေ။ ငတို့ကျွန် ၂ ယောက်ကို ဝန်မတင်လသေး။ ကျွန်ဟပ်စတ်ကာ၊ ဖုန်သည် သိမ်းဆည်း၍ရသမျှကား ဖုန်းသည်မောင်နှံ ရစေဟူရကား၊ အမိန့်တိုင်း စာရေး၍ ဖုန်သည် အနန္တသူတန်ဆိပ်နှင့် ပြေည့်သင်သမီးတန်ဆိပ်နှစ်ဖက်စုံ တပ်ကြ၏။

ဟူ၍ ရေးထိုးလေသည်။ ဤကျောက်စာအချက်အလက်သည် ပုဂံခေတ် လူမှုရေးရှုခင်းတစ်ကွက်ကို ကောင်းစွာ ဖော်ပြနိုင်လေသည်။

ထိုနည်းတူပင် သက္ကရာဇ် ၆၁၇ ခုနှစ်ထိုး ကြံတူနိမ်တောကျောင်းကျောက်စာတွင် မြေကို ဥဇနာမင်းက သိမ်းယူမည်ပြုရာ နတ်ရွာစံလေလျှင် လှူပြီး ဝတ္တုကံမြေဖြစ်၍ မသိမ်းမယူသင့်ကြောင်း လျှောက်ထားရာ နောင်နန်းမွေစံသော နရသီဟပတေ့ တရုတ်ပြေးမင်းကြီးက သဘောထားကြီး စွာ မသိမ်းမယူပြန်၍ လှူပုံကို စေ့စေ့စပ်စပ် ဖော်ထုတ်ရေးသားထားလေသည်။ ထိုကျောက်စာကို တရုတ်ပြေးမင်းလက်ထက်မှာပင် ရေးထိုးသော်လည်း၊ မင်းအား ရာဇဝင်တွင်ပါသည့်အတိုင်း ပန်းပွတ်သည်မြေးဟူ၍ပင် ဗွံ့ဗွံ့စားစား ခေါ်ဝေါ်ရေးထိုးထားသည်ကို တွေ့ရှိရလေသည်။ (ထိုကျောက်စာကို စစ်ကိုင်းခရိုင် အနိမ့်တောကျောင်းရွာ ရွှေဂူဘုရားကျောင်းရွာ ရွှေဂူဘုရားအတွင်းမှ ရလေသည်။ ထိုကျောက်စာသဘောမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

> သက္ကရာဇ် ၆၁၇ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့ ဒလတွင် လွန်သောမင်း (ဥဇနာ) ဖောင်ဆင်ပင်ကျိ မြေသိမ်းယူတော်မူရကား၊ ယူတော်မမူမီက ကြံတူနိမ့်တောကျောင်း ဘုန်းတော်ကြီး မဟာမတိမာထေရ်အား ပစ္စယာဖောင်ဆင် ပြေည့်စင်သင်၊ ငမြင်သင် လှူသော မြေ ၅၀၀ ခပင်း ပါလေ၏။ ထိုယူသောနှစ်အကြေ ဒလလားရာ ပျံတော်မူလေ၏။ သား ပန်းပွတ်သည်မြေး (တရုတ်ပြေးမင်း) ရွှေတောင်ရလေ၏။ ရွှေတောင်ရပြီး ပုဂံရောက်လတ်သောအခါ သက္ကရာဇ် ၆၁၈ ခုနှစ် နယုန်လတွင် ရတနာသုံးပါး ရှေ့နေ၍ မင်းယောက္ခမ သရေကျွန်းပြောက်ကြီးလျှင် မင်းကိုလျှောက်၏။ ဖွားတော်

အောက်ရှင် အလောင်းယူတော်မူသော ပင်ကျီမြေတွင် ကြဲတူနိမ့်သခင် မဟာမတိမာ ထေရ်မြေပါ၏။ ထိုမြေကား အလောင်းလည်းမယူဖြစ်ခဲ့၊ မင်းကြီးလည်း မသိမ်းယူစေချင်ဟု လျှောက်၏။ မင်းကြီးက သရေငါ့အလောင်းလျှင် ယူသတည်းဌာ မသင့်နိုး၊ သိမ်းရင်ဌာကား အသို့ယူသင့်ပါအံ့နည်း။ သခင်တို့ကို ငါလှူ၏။ အလိုရစေ၏။

ရတနာသုံးပါးသော မြေကား ငါ့မြေသို့ ဆံခြည်တတန့်လျှင် မဝင်စေနှင့်၊ ငါ့မြေကား ရတနာသုံးပါးသော မြေသို့ ဝင်သည်ကား အရေးမကြီး၊ (မထေ့ပြစ်။) သခင်တို့မြေခြားနင်း၊ အမြဲအမြဲမှတ်တိုင်စိုက်ပါလေဟူ၍ အမိန့်တော်ချလျှင်းသတည်း။ ထိုအခါ မင်းလှူသော မြေကား ဇေယျာသူဌေးတိုက်တွင် ဝင်လေရကား မင်းယောက္ခမသရေလည်း ဇေယျာသူဌေးကို နင့်တိုက်တွင် ကြဲတူသခင်တို့မြေ ၅၀၀ မင်းလှူတော်မူပြီးအား၊ အလျော်အစား (အထိအလျောင်း) ပေး။ အပိုင်းအခြားတိုင် ဆောက်ပေးလင့်ဟူ၍ အမိန့်ချ၏။ ထိုသို့ချရကား ဇေယျာသူဌေးလည်း မိမိအောက်တိုက်ကို ကြည့်ရှုရသော ပွဲကြီး၊ စည်ပင်ကြဲကို မိန့်၏။ ငါ့တိုက်တွင် ကြဲတူသခင် မဟာမတိမာထေရ်မြေ ၅၀၀ ရှိ၏။ တတ်သခင်တို့မင်းကို မေတ္တာရပ်ရကား၊ ဘုရားရှင်သခင် မဟာမတိမာထေရ်ကို လှူတော်မူ၏။ နင်တို့အပိုင်းအခြားတိုင် ဆောက်ပေးလင့်ဟူ၍ ပေစာရေးပေးရကား ပွဲကြီးတစ်ယောက်၊ စည်သင်ကြဲတစ်ယောက်၊ ဤနှစ်ယောက်လျှင် တိုင်ဆောက်ပေးသတည်း။ ဤကျောက်စာကို သခင် သာရိပုတ္တရာနှင့် သုမနထုသတည်း၊ နိဗ္ဗာန်ဆုလျှင် လိုချင်သတည်း။

ဤကျောက်စာကို ထောက်ရှု၍ အကြောင်းအရာတို့ကို ပြည့်ပြည့်စုံစုံ ရေးသားလေ့ရှိ၍ အရှုပ်အထွေးကိစ္စများ နောင်အခါ ကင်းရှင်းအောင် အဖြစ်သနစ်တို့ကို ဇာတ်ကြောင်းလှန်၍ ကျောက်စာရေးထိုးတတ်ပုံကို ထင်ရှားစေလေသည်။ ရာဇဝင်၌ အမျက်စောင်မာန်ကြီးသည်ဟု မှတ်ချက်ချသော တရုတ်ပြေးမင်း၏ သဘောထားကြီးပုံ ဇာတ်လမ်းတစ်ကွက်လည်း ထင်ရှားလေသည်။ တစ်ဦးက တစ်ဦးအား အမိန့်ချမှတ်ပုံ၊ လျှောက်ထားပုံတို့ကို ဇာတ်လှန်ပြောသည့်အနေဖြင့် တိုက်ရိုက်စကားအတိုင်း ဖော်ပြသဖြင့် ဝတ္ထုရေးဟန်ဆန်သော အရေးအသားကိုလည်း သတိပြုနိုင်လေသည်။

ဤသို့လျှင် ကျောက်စာများမှ ဘုရားပုထိုးအလှူကောင်းမှု ကမ္ပည်းတင်သည်တို့မှအပ လူမှုရေးဆက်ဆံမှု သွင်ပြင်ကို ထောက်လှမ်းလေ့လာနိုင်လေသည်။

ပုဂံခေတ်ကို စောမွန်နစ်နန်းကျသော ၇၃၀ တွင် တစ်ပိုင်းခွဲခြား ပိုင်းဖြတ်ထားသော်လည်း ပုဂံခေတ်နှောင်းတွင် ပင်းယခေတ်က စင်ပြိုင်ပေါ်ထွက်လာသည်ဖြစ်ရာ သက္ကရာဇ် ၆၆၀–၇၂၆ ခုနှစ်အထိ ပင်းယတွင် မင်း ၆ ဆက် ခေတ်ပြိုင်အုပ်စိုးလျက်ရှိ၍ စစ်ကိုင်းတွင် ၆၇၇ ခုနှစ်မှစ၍ ၇၂၆ ခုနှစ်အထိ မင်း ၇ ဆက်တို့က မင်းပြိုင်ပြုလျက်ရှိလေသည်။ အင်းဝတွင်လည်း ၇၂၆ ခုနှစ်မှစ၍ ပင်းယနှင့် စစ်ကိုင်းကို စည်းရုံးကာ သတိုးမင်းဖျားက အုပ်ချုပ်စိုးစံလျက်ရှိ၍ ၇၂၉ ခုနှစ်တွင် မင်းကြီးစွာစော်ကဲက ဆက်ခံစိုးစံလေသည်။ ထို့ကြောင့် တရုတ်ပြေးမင်း၏နောက်တွင် စိုးစံသော ပုဂံမင်းတို့မှာ တစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်ချုပ်နိုင်ခြင်းမရှိဘဲ၊ မြို့စား နယ်စား သီးခြားစင်ပြိုင်မင်းကဲ့သို့သာ ရှိပေသည်။ ထို့ကြောင့် ကျောက်စာရေးထိုးမှုသည်လည်း ပုဂံခေတ်ကုန်သည်နှင့် ပြတ်၍မသွားဘဲ အစဉ်တစိုက် ဆက်လက်ရေးထိုးနေကြသည်